# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၉၃)

Established in 1914

**Myanma Alinn Daily**

၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်၊ ကြာသပတေးနေ့။


## နိုင်ငံတော်သမ္မတ၏၂၀၁၄ ခုနှစ် နိုင်ငံတော်အခြေအနေနှင့်ပတ်သက်၍ ပြည်သူသို့အစီရင်ခံတင်ပြချက်အား ထုတ်လွှင့်မည်

**နေပြည်တော်  ဒီဇင်ဘာ  ၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ၂၀၁၄ ခုနှစ် နိုင်ငံတော်အခြေအနေနှင့် ပတ်သက်၍ ပြည်သူသို့အစီရင်ခံတင်ပြချက်အား မြန်မာ့အသံ၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ ချယ်ရီ FM၊ ပတ္တမြား FM၊ FM ပုဂံနှင့် သဇင်အသံလွှင့်ဌာနတို့မှ ၂၀၁၅ခုနှစ် ဇန်နဝါရီ ၁ ရက်နှင့် *စာမျက်နှာ ၈ ကော်လံ ၅* ❁

## စက္ကန့်၊ နာရီတိုင်း ပျော်ရွှင်ချမ်းမြေ့အေးချမ်းနိုင်ပါစေ


သီတဂူဆရာတော်ဒေါက်တာအရှင်ဉာဏိဿရ
အဂ္ဂမဟာပဏ္ဍိတ၊ Ph.D, D. Litt

**သီတဂူဆရာတော်**
**ဒေါက်တာအရှင်ဉာဏိဿရ**
**အဂ္ဂမဟာပဏ္ဍိတ၊ Ph.D, D. Litt**


နှစ်ဟောင်းလွန်ကျူး နှစ်သစ်ကူးသည့် ၂၀၁၅ ခုနှစ်၏ နှစ်သစ်အခါသမယတွင် သက်ရှိသတ္တဝါများနှင့် ကမ္ဘာသူ ကမ္ဘာသားအပေါင်းတို့ ရန်ငြိုးမှန်သမျှကို မေတ္တာ-ခန္တီတို့ဖြင့် ဖြေဖျောက်အောင်မြင်နိုင်ပြီး နှစ်ဟောင်းမှအညစ်အကြေးများကို စွန့်ဖယ်နိုင်ကြပါစေ၊ ကမ္ဘာလောကကြီးအတွင်း ဆူပူသောင်းကျန်းခြင်းကို မေတ္တာဖြင့် ချုပ်ငြိမ်းနိုင်ကြပါစေ၊ ဒေါသကို မေတ္တာဖြင့် လွှမ်းမိုးနိုင်ကြပါစေ၊ ကြမ်းတမ်းခြင်းကို ယဉ်ကျေးသိမ်မွေ့ခြင်းနဲ့ ပြောင်းလဲနိုင်ကြပါစေ၊ ဆူပူခြင်း၊ ကြမ်းတမ်းခြင်း၊ ရက်စက်ခြင်း၊ ဖျက်ဆီးခြင်းတို့ကို မေတ္တာ-ခန္တီ- အဟိံသ-သစ္စာတရားတို့နဲ့ ငြိမ်းချမ်းပြီး ယနေ့ကျရောက်သည့် နှစ်သစ်အခါသမယမှ စက္ကန့်တိုင်း၊ နာရီတိုင်း ပျော်ရွှင်ချမ်းမြေ့အေးချမ်းနိုင်ကြပါစေလို့ ကမ္ဘာသူ ကမ္ဘာသားအပေါင်းတို့အား မေတ္တာဆုမွန်ကောင်းတောင်းထောမနာပြုလိုက်ပါသည်။

## ထာဝရကောင်းမြတ်တဲ့အနိုင်ယူခြင်းနဲ့ အနိုင်ယူကျင့်သုံး

**ဒေါက်တာနန္ဒမာလာဘိဝံသ၊ ပါမောက္ခချုပ်**
**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓတက္ကသိုလ်**

၂၀၁၅ ခုနှစ်ဟာ အကြမ်းဖက်မှုကင်းတဲ့ မေတ္တာနှစ်ဖြစ်ပါစေလို့ ဘုန်းကြီးတို့က ဆုတောင်းမေတ္တာပို့သပါတယ်။ သတ္တဝါအားလုံးကောင်းတာတွေချည်းပဲ ကြုံတွေ့ကြပါစေ။ သတ္တဝါအားလုံးအပေါ်မှာ အဆိုးတွေမရောက်ကြပါစေနဲ့ဆိုတဲ့ မေတ္တာစေတနာထားပြီးတော့ အားလုံးအကောင်းတွေဖြစ်ကြဖို့ လူသားအချင်းချင်း လှည့်ပတ်ခြင်းကင်းကြပါစေ၊ လူသားအချင်းချင်း ဆင်းရဲခြင်းမှကင်းရှင်းကြပါစေ၊ အဲ့ဒီလို အချင်းချင်း အပြန်အလှန် မေတ္တာတွေထားနိုင်ကြမယ်ဆိုရင် ကမ္ဘာကြီးမှာ အကြမ်းဖက်မှုတွေ လျော့ကျသွားမှာဖြစ်ပါတယ်။ မြတ်ဗုဒ္ဓရဲ့အဆုံးအမအတိုင်း လိုက်နာကျင့်သုံးနိုင်မှသာလျှင် အကြမ်းဖက်မှုတွေဟာ လွတ်ကင်းနိုင်မှာ ဖြစ်ပါတယ်။

ဒီလိုအကြမ်းဖက်မှုတွေ လွတ်ကင်းဖို့အတွက် မေတ္တာသုတ် *စာမျက်နှာ ၉ ကော်လံ ၃* ✻


ဒေါက်တာနန္ဒမာလာဘိဝံသ၊ ပါမောက္ခချုပ်
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓတက္ကသိုလ်

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျူးဘားနိုင်ငံ လွတ်မြောက်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော်  ဇန်နဝါရီ  ၁**

၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ကျရောက်သော ကျူးဘားသမ္မတနိုင်ငံ၏ လွတ်မြောက်ရေးနေ့ နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကျူးဘားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရာအူးလ်ကတ်စထရိုရုဇ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## ကြော်ငြာအချပ်ပိုပါရှိ

**ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ရောင်စုံကြော်ငြာ အချပ်ပို လေးမျက်နှာနှင့် အဖြူအမည်းရှစ်မျက်နှာ ပါရှိပါသည်။**

## နိုင်ငံတော်သမ္မတ၏ ပြည်သူသို့ အစီရင်ခံ တင်ပြချက်အား အထူးကဏ္ဍဖြင့် သီးခြားဖော်ပြထား

**နေပြည်တော်  ဒီဇင်ဘာ  ၃၁**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ၂၀၁၄ ခုနှစ် နိုင်ငံတော် အခြေအနေနှင့် ပတ်သက်၍ ပြည်သူသို့ အစီရင်ခံတင်ပြချက်အား အထူးကဏ္ဍဖြင့် သီးခြားဖော်ပြထားသည်။

(မြန်မာ့အလင်း)


ဒီဇင်ဘာ ၃၁ ရက် ညဦးပိုင်းက အင်းလျားကန်ပေါင်ပေါ်တွင် ၂၀၁၅ နှစ်သစ်ကို ကြိုဆိုရန် ပြည်သူများ အပန်းဖြေစောင့်စားနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-ငွေးအောင်)


တောင်သူဦးကြီးများအားထားရာ
® ကမ္ဘာကျော် ဓာတ်မြေဩဇာ

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ၂၀၁၅ နှစ်သစ်မင်္ဂလာ

ခရစ်သက္ကရာဇ် ၂၀၁၄ ခုနှစ် အချိန်သည်ကား ကုန်လွန်ခဲ့လေပြီ။ ၂၀၁၅ ခုနှစ်တည်းဟူသော ကာလအပိုင်းအခြားကို မကြာမီကျွန်ုပ်တို့အားလုံး ဖြတ်သန်းကြရပေဦးမည်။ လူတိုင်းလူတိုင်း အသက်တစ်နှစ်ကြီးမြင့်ခြင်းအဖြစ်သို့ ရောက်ရှိကြမည်ဖြစ်သကဲ့သို့ တစ်နှစ်တာအတွင်း ဖြစ်ပျက်ခဲ့သမျှ အကြောင်းအရာအမျိုးမျိုးအပေါ် ဆင်ခြင်သုံးသပ်ကြလေ့ရှိသည်။ အတိတ်ကာလသည် ပစ္စုပ္ပန်ကိုကောင်းအောင်ဆောင်ရွက်ပြီး အနာဂတ်ကိုလှပအောင် ဖန်တီးရာ၌ အခြေခံအကျဆုံးဖြစ်သည်။

ဤသို့ဆိုလျှင် ၂၀၁၄ ခုနှစ်သည်ကား ကျွန်ုပ်တို့နိုင်ငံအတွင်း မည်သည့်အရာများ အဓိကအားဖြင့် ပြောင်းလဲတိုးတက်ခဲ့ပါသနည်း။ ဆင်ခြင်သုံးသပ်ဖွယ်ရာပင်ဖြစ်၏။ ဤ ၂၀၁၄ ခုနှစ်သည်ကား ကျွန်ုပ်တို့မြန်မာနိုင်ငံအတွက် ထူးခြားသောနှစ်တစ်နှစ်ဟု ဆိုရပေလိမ့်မည်။ အဘယ်ကြောင့်ဟူမူ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာလက်ခံကျင်းပခဲ့ပြီးနောက်ဒေသတွင်း အလှည့်ကျ အာဆီယံဥက္ကဋ္ဌတာဝန်ကို တစ်နှစ်တာကာလ၌ အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့ခြင်းကြောင့်ပင် ဖြစ်ပါသည်။ ထိုအကျိုးဆက်များကြောင့် နိုင်ငံအတွင်း အားကစားသမားကောင်းများ ပေါ်ထွက်လာသည်။ နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံနှင့် အာဆီယံ၊ ဥရောပ စသောနိုင်ငံအသီးသီးနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်ကာ မြန်မာနိုင်ငံဒီမိုကရေစီထွန်းကားရေးအတွက် အဘက်ဘက်မှ ကူညီအားပေးလာကြသည်။

ထို့အပြင် ပြည်တွင်းအခြေအနေမှာလည်း နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေးတို့မှာ တည်ငြိမ်စွာ တိုးတက်ပြောင်းလဲနိုင်ခဲ့သည်။ အထူးသဖြင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးကြိုးပမ်းမှုမှာ အပြီးတိုင်လက်မှတ်ရေးထိုးနိုင်လုနီးပါး အခြေအနေသို့ ရောက်ရှိခဲ့သည်။ အစိုးရနှင့် နိုင်ငံရေးပါတီများအကြား စည်းလုံးညီညွတ်မှုအားကောင်းလာသည်။ အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်များပေးခဲ့သည်။ လွှတ်တော်သုံးရပ်အတွင်း ပြည်သူတို့အကျိုးကိုရှေးရှုလျက် ဥပဒေများစွာ ပြဋ္ဌာန်းနိုင်ခဲ့သည်။ ဆွေးနွေးနိုင်ခဲ့သည်။

စီးပွားရေးကဏ္ဍတွင်လည်း ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာအောင်ကြိုးပမ်းနိုင်ခဲ့သည်။ မီးခိုးမထွက်သော စီးပွားရေးဟုခေါ်သည့် ခရီးသွားလုပ်ငန်းမှာ သိသိသာသာပြောင်းလဲတိုးတက်ခဲ့သည်။ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ တိုးတက်အောင်ဖော်ဆောင်လျက်ရှိသည်။ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်လာအောင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆက်တိုက်ဆောင်ရွက်ခဲ့သည်။ ကျေးလက်ဒေသများ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး ဘက်ပေါင်းစုံမှဆောင်ရွက်လျက်ရှိသည်။ တစ်မျိုးသားလုံးအား အန္တရာယ်ပြုခြိမ်းခြောက်နေသော မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းကို တိုးမြှင့်ဆောင်ရွက်လာသည်။ လျှပ်စစ်ဓာတ်အား မရရှိသေးသောဒေသအချို့၌ ဓာတ်အားများရရှိအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်။ ကျန်းမာရေးကဏ္ဍ၌ အခမဲ့ ဆေးကုသခွင့်များ ရရှိလာသည်။ ပညာရေးဘက်တွင်လည်း မူလတန်းနှင့်အလယ်တန်းကို အခမဲ့ပညာရေးစနစ် ဆောင်ရွက်နိုင်သည့်အပြင် နိုင်ငံတစ်ဝန်း ကျောင်းများအဆင့်မြှင့်တင်ပေးနိုင်ခဲ့သည်။ ဤကား ၂၀၁၄ ခုနှစ်အတွင်း တိုးတက်ပြောင်းလဲမှု၏ပြယုဂ်များပင်ဖြစ်၏။

ဤတိုးတက်ပြောင်းလဲမှုများကို ၂၀၁၅ ခုနှစ်ဆီသို့ တည်ငြိမ်စွာ ဆက်လက်သယ်ဆောင်သွားရန်ကား ကျွန်ုပ်တို့နိုင်ငံသားအားလုံး၏တာဝန်ပင်ဖြစ်သည်။ သို့သော် စိန်ခေါ်မှုများနှင့် အားနည်းချက်များရှိနေဆဲဖြစ်သည်။ အားနည်းချက်ကို ပြုပြင်ဖြည့်ဆည်းပြီး ၂၀၁၅ ခုနှစ်ကို တိုးတက်သောနှစ်၊ မင်္ဂလာရှိသောနှစ်အဖြစ် ဆက်လက်ကြိုးပမ်းအားထုတ်ကြဦးမည် ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း



(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်

# ကုန်သွယ်မှုလုပ်ထုံးလုပ်နည်းများကို နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ဘုရင့်နောင်ကုန်စည်ဒိုင်နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ကျင်းပရာ အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဘုရင့်နောင်ကုန်စည်ဒိုင်သည် တိုင်းဒေသကြီးအတွင်း စိုက်ပျိုးထုတ်လုပ်သူများ၊ ကုန်သည်ပွဲစားများအတွက် အလွန်အရေးပါသည့် ကုန်စည်ဒိုင်ကြီးတစ်ခုဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာန အနေဖြင့် ကုန်သွယ်မှုဆိုင်ရာဖြေလျှော့မှုများ၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး၊ ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှုပညာပြန့်ပွားရေးတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ကြောင်း၊ ပို့ကုန်၊ သွင်းကုန်လုပ်ငန်း လုပ်ငန်းစဉ်များကို ပိုမိုမြန်ဆန်အောင် ဆောင်ရွက်စီမံပေးလျက်ရှိပြီး ကုန်သွယ်မှုလုပ်ထုံးလုပ်နည်း များကိုလည်း နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း။

ပို့ကုန်၊ သွင်းကုန်လုပ်ငန်းလိုင်စင်များကိုလည်း Online License ခွင့်ပြုပေးလျက်ရှိပြီး ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို့ကုန်ပိုင်းအနေဖြင့် အရေအတွက်အပြင် အရည်အသွေးအရပါ တိုးချဲ့တင်ပို့ရမည်ဖြစ်ပြီး သွင်းကုန်ပိုင်းအနေဖြင့် ရေရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် ရင်းနှီးကုန်စည်များကို ပိုမိုတင်သွင်းရမည်ဖြစ်ကြောင်း။

ပို့ကုန်အမယ်သစ်များ ဖော်ထုတ်နိုင်ရန်လိုအပ်သလို Value added တန်ဖိုးမြှင့်ထုတ်ကုန်များ ပိုမိုတင်ပို့နိုင်အောင် ကြိုးစားရမည်ဖြစ်ကြောင်း ပြောကြားသည်။

**(မြန်မာ့အလင်း)**

## ရွှေလသာခိုက်

❖ တို့နိုင်ငံညီညွတ်အား
ထင်ရှားလှကမ္ဘာ့အလယ်
မျိုးဂုဏ်ဝံ့ထည်။
ပြည့်စုံကြွယ်ဝ သုခအသွယ်သွယ်
'ပြည်နယ်'နှင့် 'တိုင်း' ပေါင်းကာပြု။
စည်းလုံးမှုသည် တိုင်းပြည်ကောင်းကျိုး
မြတ်နိုးရှေးရှု။

❖ လူမှုဘဝအခြေမသေ့ မြင့်ဖို့
ခါခွင့်သာဆဲမလွဲသွင်ပြင်
လသာခိုက်ဗိုင်းငင်။
လမိုက်ညကျော်လွန်လျှင်
ဝန်းကျင်တစ်ခွင် လဖွေးဖွေး။
ရှေ့ရေးမကြာလင်းရောင်ဖြာလို့
သာယာငြိမ်းအေး။

❖ ဆွေးနွေးအဖြေရှာ ညီညာကြလို့
သာယာလှပဖို့မြန်ပြည်
နိုင်ငံတော်သစ်ဆီ
ကျစ်လျစ်ခိုင်ခံ့အခြေတည်
မျှော်ရည်တဲ့ရှေ့လမ်း။
ငြိမ်းချမ်းစေမည်ထာဝရ
လှပဘုံနန်း။ ။

**၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားအား ဂုဏ်ပြုကြိုဆိုလျက်-**

**အောင်မြင့်စိုး (ရေစကြို)**

# ၂၀၁၅ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့ များချီးမြှင့်အပ်နှင်းခြင်း ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၄ ရက် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားနှင့် ဗိုလ်ရှုသဘင်အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ အိမ်တော်သဘင်ဆောင်၌ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




ရွှေဥရာစုသစ် စိန်ရွှေရတနာဆိုင်၏ "မင်္ဂလာရှိသော ၂၀၁၅ ခုနှစ်ကို ကြိုဆိုသောအားဖြင့်"

ရတနာသည်သင့်အတွက်ထာဝရ

ရတနာစုလိုက

● ၁-၁-၂၀၁၅ မှ ၃၁-၁-၂၀၁၅ ထိ စိန်ရွှေရတနာထည်များကို **အထူး** ချိုသာသော အလျော့တွက်နှုန်းထားများဖြင့် ရတနာထည်များကို **လျှံလျှံ** ရောင်းပေးမည်ဖြစ်ပါကြောင်း ရတနာချစ်သူများကိုအထူးသတင်းကောင်းပေးအပ်ပါသည်။

● ၂၀၁၅ ဒီဇိုင်းအသစ် စိန်လက်ဝတ်ရတနာထည်များကို အထူးသက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနေပါသည်။

● ၁၅ ပဲရည် ရွှေလက်ဝတ်ရတနာထည် **ဒီဇိုင်းအသစ်အဆန်း** များကိုလည်း အလျော့တွက်သက်သာသော နှုန်းထားများဖြင့် နှစ်သစ်လက်ဆောင်အဖြစ် ရောင်းချပေးနေပါသည်။

● အလျော့တွက်လုံးဝမပါသော **စိန်ရွှေနီးထည်** များကိုလည်း ဆက်လက်ရောင်းချပေးနေပါသည်။

ရွှေဥရာစုသစ်

သို့ကြွခဲ့ပါ။

အမှတ် (၆၈၁)၊ မဟာဗန္ဓုလလမ်း၊ ၂၃ - လမ်းနှင့် ဗိုလ်ချုပ်လမ်းကြား၊ ပေါ်သီကိုအောက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၉၄၉၃၄၀၁၅၊ ၀၉၇၃၂၀၂၂

ပြည်တွင်းသတင်း

# တောင်သူလယ်သမားများအနေဖြင့် ဥပဒေကိုတတ်သိနားလည်သည့်အဖွဲ့ အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် တွေ့ ဆုံပြီး မိမိတို့ အခွင့်အရေးများရရှိအောင်ဆောင်ရွက်



**ရန်ကုန် ဒီဇင်ဘာ ၃၁**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင်၊ တောင်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်တို့အတွင်းရှိ မြို့နယ်များမှ တောင်သူလယ်သမားကြီးများ စုစုပေါင်း ၅၀၀၀ ကျော်တက်ရောက်ကြသည့် တောင်သူလယ်သမားရေးရာ လူထုတွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့ အားကစားကွင်း၌ကျင်းပရာ ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် သဘာပတိ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းကိုယ်စား ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးဌေးဦးက နှုတ်ခွန်းဆက် အမှာစကားပြောကြားရာတွင် မိမိတို့အားလုံးသည် တည်ငြိမ်အေးချမ်းမှုနှင့် မိမိတို့၏လူနေမှုဘဝ မြင့်မားတိုးတက်ရေးအတွက် ရယူခံစားလိုသူများဖြစ်ကြပါကြောင်း၊ မိမိတို့၏ဆန္ဒများ ပြည့်စုံလာစေရေးအတွက် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းရင်း ပိုမိုတိုးတက်ကောင်းမွန်သည့် လူနေမှုဘဝများကို ပိုင်ဆိုင်ရယူနိုင်ရန် အစဉ်တစိုက် ကြိုးပမ်းနေကြသူများဖြစ်ပါကြောင်း၊ မိမိတို့၏ အခြေခံလိုအပ်ချက်များထဲက အဓိကကျသော အခြေခံလိုအပ်ချက်တစ်ခုမှာ စားဝတ်နေရေးပင်ဖြစ်ပါကြောင်း၊ မိမိတို့အားလုံး၏ စားရေး၊ နေရေး၊ ဝတ်ရေးကို ပြည့်စုံအောင် ဆောင်ကြဉ်းပေးနိုင်သည်မှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းမှ စားစရာနှင့်ဝတ်စရာများကိုလည်း ထုတ်လုပ်ပေးနိုင်ပါကြောင်း၊ နေအိမ်၊ အဆောက်အအုံများလည်း ထုတ်လုပ်ပေးနိုင်ပါကြောင်း။

ယင်းသို့ထုတ်လုပ်ပေးနိုင်အောင် စွမ်းဆောင်ပေးနိုင်သူများမှာ ယနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် တောင်သူလယ်သမား ကိုယ်စားလှယ်ကြီးများအပါအဝင် နိုင်ငံ၏ဒေသအသီးသီးက တောင်သူလယ်သမားကြီးများဖြစ်ကြပါကြောင်း၊ ထို့ကြောင့် တောင်သူလယ်သမားများသည် ခေတ်အဆက်ဆက်တွင် ကျေးဇူးရှင်တောင်သူလယ်သမားကြီးများဟု ဂုဏ်ပြုသတ်မှတ်ပြီး စိုက်ပျိုးထုတ်လုပ်မှုစွမ်းအားမြင့်မားစေပြီး လူနေမှုအဆင့်အတန်းများ တိုးတက်မြင့်မားလာစေရန် အားပေးဆောင်ရွက်ခဲ့ကြပါကြောင်း၊ ထိုက်သင့်သည့် တိုးတက်မှုများရှိသကဲ့သို့ ပြဿနာများ၊ အခက်အခဲများ၊ စိန်ခေါ်မှုများနှင့်လည်း ကြုံတွေ့နေရဆဲဖြစ်ပါကြောင်း။

တောင်သူလယ်သမားကြီးများ၏ လူမှုစီးပွားရေးဘဝမြင့်မားတိုးတက်ရေးကိုရှေးရှုပြီး တွေ့ကြုံနိုင်သည့် အခက်အခဲပြဿနာများကို ဥပဒေနှင့်အညီ ဖြေရှင်းပေးနိုင်စေရန်အတွက် လယ်ယာမြေဥပဒေ၊ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေများ ရေးဆွဲအတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကြုံတွေ့နေရဆဲဖြစ်သည့် မြေယာအငြင်းပွားမှုပြဿနာများကိုလည်း ပြည်ထောင်စု လွှတ်တော်ကဖွဲ့စည်းထားသည့် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုစုံစမ်းရေးကော်မရှင်က ဦးဆောင်ပြီး ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ယနေ့သည် တိုင်းရင်းသားလုပ်သားပြည်သူအားလုံး မိမိတို့၏ နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်နေသည့် အချိန်အခါပင်ဖြစ်ပါကြောင်း၊ ထို့အတူ ဒီမိုကရေစီစနစ်ကို ညင်သာစွာကူးပြောင်းနေသည့် အချိန်ကာလလည်း ဖြစ်ပါကြောင်း၊ အသွင်ကူးပြောင်းစ နိုင်ငံတိုင်း၌ အောင်မြင်မှုများရှိသကဲ့သို့ စိန်ခေါ်မှုများလည်း ရှိနေပါကြောင်း၊ ယင်းစိန်ခေါ်မှုများကို လွှတ်တော်၊ အစိုးရနှင့် တောင်သူလယ်သမားထုကြီး အပါအဝင်ဖြစ်သည့် ပြည်သူများ၏ စည်းလုံးညီညွတ်မှုအင်အားဖြင့် ရဲရဲရင်ဆိုင်ပြီး ဖြတ်သန်းကျော်လွှားသွားရမည်ဖြစ်ပါကြောင်း။

ပြည်သူကိုဗဟိုပြုသည့် အစိုးရလက်ထက် လေးနှစ်တာကာလအတွင်း၌ တောင်သူလယ်သမားများက အဓိက ရင်ဆိုင်ကြုံတွေ့နေရသည့် လယ်ယာမြေ ပိုင်ဆိုင်မှုပြဿနာများကိုလည်း ပြည်ထောင်စုလယ်ယာမြေ စီမံခန့်ခွဲမှုဗဟိုကော်မတီ၏ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ စီမံခန့်ခွဲမှု နည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြန်လည်စွန့်လွှတ်သည့် လယ်ယာမြေများနှင့်ပတ်သက်၍ မူလပိုင်ရှင်လယ်သမားများထံ လွှဲပြောင်းပေးခဲ့ရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ် (၁၄) မြို့နယ်၊ ကျေးရွာအုပ်စု (၄၉) အုပ်စုရှိ လယ်ယာမြေဧရိယာပေါင်း (၁၇၂၅ ဒသမ ၉၆)ဧက ကို တောင်သူစုစုပေါင်း ၁၈၆ ဦးသို့ ပြန်လည်ပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဆက်လက်၍ ကျန်ရှိသော စွန့်လွှတ်ပေးရမည့်မြေများကိုလည်း ပြန်လည်ပေးအပ်နိုင်ရေးအတွက် သက်ဆိုင်သည့် လယ်သမားများအား မှန်မှန်ကန်ကန် ပြန်လည်ရရှိနိုင်စေရေး ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများက စိစစ်ဆောင်ရွက်လျက်ရှိကြပြီး အမြန်ဆုံး ပေးအပ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြပါကြောင်း။

ယခု လယ်ယာမြေဥပဒေသစ်ပြန်လည်ပြဋ္ဌာန်းသတ်မှတ်ပေးခဲ့ခြင်းကြောင့် လယ်ယာမြေပေါ် လုပ်ကိုင်လျက်ရှိကြသည့် လယ်သမားများအနေဖြင့် လယ်ယာမြေပိုင်ဆိုင်ခွင့်၊ သားစဉ်မြေးဆက် အမွေဆက်ခံခွင့်၊ လွှဲပြောင်းရောင်းချခွင့်၊ ပေါင်နှံခွင့်စသည့် အခွင့်အရေးများ ရရှိကြပြီဖြစ်ပါကြောင်း၊ လယ်ယာမြေဥပဒေသစ်နှင့်အညီ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ထုတ်ပေးခြင်းလုပ်ငန်းကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှစ၍ နိုင်ငံတစ်ဝန်းလုံး ဆောင်ရွက်သည့်နည်းတူ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်ခဲ့ရာ တောင်သူလယ်သမား ၁၅၆၇၀၃ ဦး၊ ဦးပိုင်လုပ်ကွက်ပေါင်း ၂၂၆၀၇၂ ခု၊ ဧရိယာပေါင်း ၁၂၂၃၀၂၇၁ ဧက ၊ ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၈၉ အထိ ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ပါကြောင်း။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း စားကျက်မြေများနှင့် သစ်တောမြေများပေါ်တွင် ဒေသခံလယ်သမားများက ဝင်ရောက်၍ စိုက်ပျိုးလုပ်ကိုင်နေမှုများနှင့် စပ်လျဉ်းပြီး ဒေသခံ လယ်သမားများအနေဖြင့် နှစ်ပေါင်းများစွာ ဝင်ရောက်စိုက်ပျိုးနေခဲ့မှုအပေါ် တိတိကျကျ စာရင်းကောက်ခံလျက်ရှိပြီး သက်ဆိုင်ရာဌာနများမှ စားကျက်မြေနှင့် သစ်တောမြေများအဖြစ်က ပယ်ဖျက်ပေးနိုင်ရေးရှိ၊ မရှိ သဘောထားများ တောင်းခံ၍ ပူးပေါင်း ဆက်စပ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပြည်ထောင်စု လွှတ်တော်၌ ပြဋ္ဌာန်းပြီးဖြစ်သည့် လယ်ယာမြေဥပဒေများလည်း အသက်ဝင်လာပြီဖြစ်ပါကြောင်း၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးဥပဒေများထွက်ရှိပြီးဖြစ်၍ နည်းဥပဒေများထွက်ရှိလာအောင် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းဥပဒေများထွက်ရှိလာလျှင် နိုင်ငံတော်အနေဖြင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ပိုမိုဖော်ဆောင်လာနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တောင်သူလယ်သမားကိုယ်စားလှယ်များက မေးခွန်းများမေးမြန်းတင်ပြကြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုးမင်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက သုံးသပ် ဖြည့်စွက်ပြောကြားရာတွင် ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပသည့် တောင်သူလယ်သမားရေးရာ လူထုတွေ့ဆုံပွဲကို ရည်ရွယ်ချက်ကောင်းကောင်း အဓိပ္ပာယ်ရှိရှိ ကျင်းပနိုင်ခြင်းဖြစ်၍ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

ယနေ့ ဆွေးနွေးချက်များအပေါ် မူတည်၍ အချို့လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေအရ အခက်အခဲရှိပါက သက်ဆိုင်ရာ လွှတ်တော်များက ပြင်ဆင်ကောင်းပြင်ဆင်ပေးရမည်ဖြစ်ကြောင်း။

ယနေ့ တင်ပြဆွေးနွေးသွားကြသည့် အဆိုများအပေါ် သုံးသပ်ပါက တောင်သူလယ်သမားများဘဝမြင့်မားတိုးတက်ရေးနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုရှိအောင် မလုပ်ဆောင်နိုင်လျှင် မိမိတို့မျှော်လင့်ထားသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်မဖြစ်နိုင်ဟု သုံးသပ်ရမည်ဖြစ်ကြောင်း၊ နိုင်ငံအတွင်း၌ မှီတင်းနေထိုင်ကြသူအားလုံး၏ ၇၀ ရာခိုင်နှုန်းသည် တောင်သူလယ်သမားများဖြစ်ကြပါကြောင်း၊ ယနေ့ တောင်သူလယ်သမားအများစု ဆင်းရဲဒုက္ခ၊ အခက်အခဲများ ကြုံတွေ့နေရသည်မှာ အမှန်ပင်ဖြစ်ပါကြောင်း၊ ဆင်းရဲဒုက္ခကြုံတွေ့နေကြရသည့် တောင်သူလယ်သမားများ၏ ဘဝကို ထိုက်သင့်သည့် အခြေအနေသို့ ရောက်အောင် လုပ်ဆောင်ပေးရေးမှာ အရေးကြီးတာဝန်တစ်ရပ်ပင်ဖြစ်ကြောင်း။

ပြည်ထောင်စု လွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့သည့် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေအရ တောင်သူလယ်သမားများ ဥပဒေပါ ခံစားခွင့်များရရှိရန် လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ယင်းဥပဒေ အသက်ဝင်အောင် လုပ်ဆောင်ပေးနိုင်လျှင် အခက်အခဲကြုံတွေ့နေရသည့် တောင်သူလယ်သမားများ၏ အခက်အခဲ ၉၀ ရာခိုင်နှုန်းကျော်ကို ဖြေရှင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါဥပဒေ၏ ရည်ရွယ်ချက်များအရ စိုက်ပျိုးစရိတ်ချေးငွေ ပိုမိုရရှိရေးနှင့် ချေးငွေပြန်ဆပ်ကာလ တိုးမြှင့်ပေးရေး၊ သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံများဆုံးရှုံးမှုဖြစ်ပေါ်ပါက ထောက်ပံ့ငွေပေးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာများ ဖြန့်ဖြူးပေးရေးထွက်ရှိသည့် သီးနှံများဈေးနှုန်း တည်ငြိမ်ရေးနှင့် ထိုက်သင့်သည့် ဈေးနှုန်းသတ်မှတ်ပြီး အကျိုးစီးပွားဖြစ်ထွန်းစေရေး၊ ဝိုင်းကြီးချုပ် ငွေချေးသည့်စနစ်မှ ကိုယ့်တာဝန်ကိုယ်ယူသည့် ငွေချေးစနစ်ဖြစ်ရေး ထည့်သွင်းပြဋ္ဌာန်းထားပါကြောင်း၊ နိုင်ငံတော်အစိုးရကလည်း ဒုတိယသမ္မတဦးစီး၍ ပြည်ထောင်စုဝန်ကြီးများ ပါဝင်သည့် အဖွဲ့ဖြင့် ဥပဒေအသက်ဝင်ပြီး အကျိုးခံစားခွင့်များ ရရှိအောင် အလေးထား ဆောင်ရွက်ပေးနေသည်ကို အသိပေးပြောကြားလိုပါကြောင်း။

နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသူအားလုံးသည် တရားဥပဒေနှင့်အညီ နေထိုင်ကြရမည်ဖြစ်ကြောင်း၊ Rule of law ဆိုသည့် စကားအရ ဥပဒေနှင့်အညီ နေထိုင်ရန်လိုကြောင်း၊ သို့ဖြစ်၍ မိမိတို့ လွှတ်တော်များက တရားမျှတသော ဥပဒေများပြဋ္ဌာန်းပေးရန် လိုအပ်ကြောင်း၊ တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ပြီး အများလိုက်နာဆောင်ရွက်နိုင်သည့် ဥပဒေများဖြစ်အောင် ပြင်ဆင်ပြဋ္ဌာန်းပေးရမည်ဖြစ်ကြောင်း၊ ဥပဒေကိုသိမှ ဥပဒေကို လေးစားလိုက်နာမည်ဖြစ်ကြောင်း၊ ဥပဒေကို မသိနားမလည်၍ ကျူးလွန်ဖောက်ဖျက်ပါသည်ဟု ဆင်ခြေပေး၍ မရနိုင်ကြောင်း၊ ရိုးသားသည့် တောင်သူလယ်သမားအများစုသည် ဥပဒေကို နားလည်သိရှိမှု အားနည်းကြကြောင်း၊ သွေးထိုးမြှောက်ပင့်ပေးမှုများကြောင့် တရားရင်ဆိုင်နေရသည့်အဖြစ်များသည် ဝမ်းနည်းဖွယ်ရာပင်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် ဥပဒေကို တတ်သိနားလည်သည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် တွေ့ဆုံပြီး မိမိတို့အခွင့်အရေးများ ရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးရှိမှသာ ငြိမ်းချမ်းရေးရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တရားဥပဒေစိုးမိုးမှု မရှိလျှင် မိမိတို့လိုလားတောင့်တသည့် ငြိမ်းချမ်းရေးရရှိမည်မဟုတ်ကြောင်း၊ ယနေ့ကာလတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကိုအစိုးရနှင့် လွှတ်တော်တို့က ဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်သည် သိမ်မွေ့ခက်ခဲပြီး လွယ်လွယ်နှင့် မရနိုင်ကြောင်း၊ မမျှော်လင့်သည့် အခက်အခဲများ၊ စိန်ခေါ်မှုများ ကြုံတွေ့နေရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ မည်သို့ပင် အခက်အခဲရှိရှိ စိန်ခေါ်မှုများ ကြုံတွေ့တွေ့ ယင်းအခက်အခဲများကို ကျော်လွှားသွားမည်ဖြစ်ကြောင်း၊ မိမိတို့ လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် ထူထောင်ရာတွင် ပါတီစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲ ကိုးကွယ်သည့် အယူဝါဒစွဲမထားဘဲ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နိမ့်ကျနေသည့် မိမိတို့နိုင်ငံကို အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်သော နိုင်ငံအဖြစ်သို့ တက်လှမ်းနိုင်ရေးအတွက် အားလုံး ပူးပေါင်းဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုလွှတ်တော် နာယကသည် တက်ရောက်လာကြသော တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ကွင်းအတွင်း ခင်းကျင်းပြသထားသည့် လယ်ယာသုံးစက်ကိရိယာများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာပေးပြခန်းများကို ကြည့်ရှုလေ့လာသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကော်မတီဥက္ကဋ္ဌများ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ဒေသခံတောင်သူလယ်သမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်း

# ရွှေ့ပြောင်းနေထိုင်သူ ၇၀၀ တင်ဆောင်သောကုန်တင်သင်္ဘော အီတလီ၌ဆိုက်ကပ်



**ရောမ ဒီဇင်ဘာ ၃၁**

ရွှေ့ပြောင်းနေထိုင်သူ ၇၀၀ တင်ဆောင်လာသော ကုန်တင်သင်္ဘော တစ်စင်း အီတလီနိုင်ငံ ဂါလီပိုလီ ဆိပ်ကမ်း၌ ဆိုက်ကပ်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

"သည်ဘလူးစကိုင်းအမ်" ဟု အမည်ပေးထားသည့် အဆိုပါကုန်တင်သင်္ဘောကို အီတလီဆိပ်ကမ်းတစ်ခုသို့ ဦးတည်ခုတ်မောင်းနေစဉ် သင်္ဘောသားများက အလိုအလျောက် ခုတ်မောင်းစနစ်ဖြင့် ခုတ်မောင်းစေကာ စွန့်ပစ်ခဲ့သည်ဟု ဆိုသည်။

အဆိုပါ သင်္ဘောပေါ်တွင် လိုက်ပါလာသောသူများတွင် ဆီးရီးယားနှင့် ကာ့ဒ်လူမျိုးများလည်း ပါဝင်သည်ဟု သတင်းများက ဖော်ပြသည်။ အဆိုပါ ဆိပ်ကမ်းရှိ လူများနှင့် ပြည့်နှက်နေသော သင်္ဘောပုံကိုဒေသဆိုင်ရာ အီတလီကြက်ခြေနီအဖွဲ့က မှတ်တမ်းတင်ဓာတ်ပုံများရိုက်၍ ဖော်ပြခဲ့သည်။

အီတလီနိုင်ငံသည် ပြောင်းရွှေ့နေထိုင်သူများ၏ ပြဿနာကို ကိုင်တွယ်ဖြေရှင်းနေရပြီး အဓိကအားဖြင့် အရှေ့အလယ်ပိုင်းနှင့် အာဖရိက ဦးချိုဒေသများမှ ပြောင်းရွှေ့နေထိုင်သူများ ဝင်ရောက်လျက်ရှိသည်။ **(ဘီဘီစီ)**

# ခရီးသည်တင်လေယာဉ်များပေါ်၌ လီသီယံဘက်ထရီများ သယ်ဆောင်မှု ၂၀၁၅ ခုနှစ်မှ ကနေဒါစတင်တားမြစ်မည်

**အော်တဝါမြို့ ဒီဇင်ဘာ ၃၁**

ကနေဒါနိုင်ငံသည် အန္တရာယ်ရှိသည့် ကုန်ပစ္စည်းအချို့အတွက် အရေးပေါ်တုံ့ပြန်မှုအစီအစဉ်ပြုလုပ်သကဲ့သို့ ခရီးသည်တင် လေယာဉ်များပေါ်တွင် လီသီယံသတ္တုဘက်ထရီများ သယ်ယူပို့ဆောင်ခြင်းကို ၂၀၁၅ ခုနှစ်မှ စတင်ကာ တားမြစ်မည်ဖြစ်သည်။

ကနေဒါနိုင်ငံ၏ အန္တရာယ်ရှိ ကုန်ပစ္စည်းများ လုပ်ထုံးလုပ်နည်းဆိုင်ရာပြင်ဆင်ချက်များတွင် အဆိုပါ တားမြစ်ချက်အသစ်ကို ကနေဒါနိုင်ငံ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ထည့်သွင်းခဲ့ပြီး ယင်းသည်၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်အသက်ဝင်မည်ဖြစ်သည်။ ၎င်းကို အပြည်ပြည်ဆိုင်ရာ လေကြောင်းထိန်းချုပ်ရေးအဖွဲ့ (အိုင်စီအေအို)ကလည်း လက်ခံသည်။

ယင်းတားမြစ်ချက်တွင် ကနေဒါနိုင်ငံအတွင်း ခရီးသည်တင်လေယာဉ်များပေါ်တွင် လီသီယံသတ္တုဘက်ထရီသုံး ကုန်ပစ္စည်းများအားလုံး သယ်ဆောင်မှုသည် အကျုံးဝင်သော်လည်း လက်ပ်တော့များနှင့် ဖုန်းများကဲ့သို့သော ခရီးသွားများ၏ အသုံးအဆောင်ပစ္စည်းများတွင် အသုံးပြုသည့် ဘက်ထရီများတွင် အကျိုးသက်ရောက်မှုမရှိပေ။

ယင်းသို့ တားမြစ်ရခြင်းမှာ ဘက်ထရီများသည် အပူလွန်ကဲမှု ဖြစ်ပွားကာ မီးလောင်မှုဖြစ်ပွားနိုင်သောကြောင့် ဖြစ်သည်။

**(ဆင်ဟွာ)**

# သုံးနှစ်အတွင်း အစ္စရေးသိမ်းပိုက်မှုအဆုံးသတ်ရန် ပါလက်စတိုင်း တောင်းဆို

**ဂျီနီဗာ ဒီဇင်ဘာ ၃၁**

ပါလက်စတိုင်းနယ်မြေများအား အစ္စရေးသိမ်းပိုက်မှုကို သုံးနှစ်အတွင်း အဆုံးသတ်ပေးရန် တောင်းဆိုချက်အပေါ် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ပယ်ချလိုက်သည်။

အာရပ် ၂၂ နိုင်ငံနှင့် ပါလက်စတိုင်း အာဏာပိုင်တို့ သဘောတူညီပြီးနောက် ယင်းအဆိုကို ဂျော်ဒန်က တင်ပြခဲ့ခြင်းဖြစ်သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံအနက် ရှစ်နိုင်ငံက ထောက်ခံမဲပေးပြီး အမေရိကန်နှင့် ဩစတြေးလျတို့က ကန့်ကွက်ခဲ့ကြသည်။ ယင်းဆုံးဖြတ်ချက်အပေါ် အစ္စရေးက ရှုတ်ချလိုက်ပြီး လုံခြုံရေးကောင်စီအဖွဲ့ဝင် ကိုးနိုင်ငံထက်မနည်း ထောက်ခံမဲပေးရမည်ဟု ဆိုသည်။ အဖွဲ့ဝင်ကိုးနိုင်ငံက မဲပေးသည့်တိုင်အောင် အမေရိကန်အနေဖြင့် ဗီတိုအာဏာဖြင့် ပယ်ချနိုင်သည်ဟု ဆိုသည်။



အဆိုပါ ဆုံးဖြတ်ချက်အရ ၂၀၁၇ ခုနှစ်အကုန် ပါလက်စတိုင်း သိမ်းပိုက်နယ်မြေများမှ အစ္စရေးတို့ လုံးဝရုပ်သိမ်းပေးပြီး တစ်နှစ်အတွင်း ငြိမ်းချမ်းရေးစာချုပ်ရမည်ဟု ဆိုသည်။ **(ဘီဘီစီ)**

# အင်္ဂလန်နိုင်ငံ၏ လူဦးရေ ၅၀ ရာခိုင်နှုန်းမှာ ဆရာဝန်ညွှန်ကြားသည့် ဆေးဝါးများကိုသာ သုံးစွဲ

**လန်ဒန် ဒီဇင်ဘာ ၃၁**

ယူကေကျန်းမာရေးဌာန၏ တရားဝင်သတင်းထုတ်ပြန်ချက်များအရ အင်္ဂလန်နိုင်ငံ၏ လူဦးရေထက်ဝက်ခန့်သည် ရောဂါအတွက် ဆေးဝါးသုံးစွဲနေရကြောင်း သိရသည်။

ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုဌာန၏ စစ်တမ်းအသစ်များအရ အမျိုးသမီး ၅၀ ရာခိုင်နှုန်းနှင့် အမျိုးသား ၄၃ ရာခိုင် နှုန်းမှာ ပုံမှန်အားဖြင့် စိတ်ပိုင်းနှင့် ရုပ်ပိုင်းရောဂါများအတွက် ဆေးဝါးများကို သုံးစွဲကြောင်း ဘီဘီစီ သတင်းတစ်ရပ်က ဖော်ပြခဲ့သည်။

ကိုလက်စထရောကို လျော့ကျစေသည့် ဆေးဝါးများ၊ စိတ်ကျရောဂါကုဆေးဝါးများသည် ဗြိတိသျှလူဦးရေ အများဆုံးအသုံးပြုသော ဆေးဝါးများအဖြစ် ဆက်လက်ရှိနေမည်ဖြစ်သည်။

အမျိုးသမီး ၁၀ ဦးလျှင် တစ်ဦးမှာ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးပြဿနာများနှင့် ပတ်သက်၍ ဆေးဝါးများသုံးစွဲခဲ့ပြီး အခြားဝင်ငွေများသော အမျိုးသမီး ၇ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်လျှင် ဝင်ငွေနည်းသော အမျိုးသမီး ၁၇ ရာခိုင်နှုန်းမှာစိတ်ကျရောဂါကု ဆေးဝါးများကို ပိုမိုသုံးစွဲနေရကြောင်း စာရင်းအင်းဆိုင်ရာ အချက်အလက်များအရ သိရသည်။

စိတ်ကျရောဂါခံစားသူများတွင် အမျိုးသားများထက် အမျိုးသမီးများက ပိုမိုခံစားရကြောင်း၊ ထို့ကြောင့် အမျိုးသမီးများသည် အမျိုးသားများထက် စိတ်ကျရောဂါကုဆေးဝါးများ ပိုမိုသုံးစွဲခြင်းမှာ အံ့ဩစရာမရှိကြောင်း လန်ဒန်တက္ကသိုလ်ကျောင်းမှ ဒေါက်တာ ဂျက်ဆင်က ပြောခဲ့သည်။

ယူကေနိုင်ငံသည် ဆေးဝါးဖြန့်ဖြူးခြင်းမှ အကျိုးအမြတ်များသော နိုင်ငံတစ်ခုဖြစ်ကာ တားမြစ်ဆေးဝါးဈေးကွက်လည်းရှိကြောင်း သိရသည်။

**(ပရက်စ်တီဗွီ)**

# ဖိလစ်ပိုင်၌ မုန်တိုင်းဝင်ရောက်မှု သေဆုံးသူ ၃၅ ဦးထိရှိလာ

**မနီလာ ဒီဇင်ဘာ ၃၁**

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများ၌ အပူပိုင်းမုန်တိုင်း Jangni ဝင်ရောက်တိုက်ခတ်မှုကြောင့် ၃၅ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအေဂျင်စီက ဗုဒ္ဓဟူးနေ့တွင် ပြောခဲ့သည်။

ထို့အပြင် အခြား ၂၆ ဦး ဒဏ်ရာရရှိခဲ့ပြီး ရှစ်ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကာ မိသားစု ၅၀၀၀ ကျော်သည် ကယ်ဆယ်ရေးစခန်း ၇၉ ခုသို့ ရွှေ့ပြောင်းနေရသည်ဟု အမျိုးသား သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီက ပြောသည်။

**(ဆင်ဟွာ)**

# စစ်သွေးကြွများက အလက်ပိုမြို့ရှိ လူနေရပ်ကွက်များကို စိန်ပြောင်းများဖြင့် တိုက်ခိုက်

**ဒမတ်စကတ် ဒီဇင်ဘာ ၃၁**

နိုင်ငံခြားထောက်ပံ့ခံ စစ်သွေးကြွများသည် ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း အလက်ပိုမြို့ရှိ လူနေရပ်ကွက်ကို စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားများ ထပ်မံသေဆုံးခဲ့ကြသည်။

အဆိုပါ အဖြစ်အပျက်သည် မြို့တော်၏ ဆူလိုင်မာနီယာရပ်ကွက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရေအတွက် အတိအကျမသိရသော ပြည်သူများ သေဆုံးခဲ့ကြောင်း ဆီးရီးယားမှ ပေးပို့သော သတင်းများအရ သိရသည်။

စစ်သွေးကြွများ ပစ်ခတ်လိုက်သော ဗုံးသီးတစ်လုံးမှာ အဆိုပါမြို့ရှိ မာအာဖရမ်ဘုရား ကျောင်းကို ထိမှန်ပျက်စီးစေခဲ့သည်။

ကြာသပတေးနေ့က စစ်သွေးကြွများက အလက်ပိုမြောက်ဘက် ကီလိုမီတာ ၂၀ (၁၂ မိုင်)အကွာတွင် တည်ရှိသော အယ်လ်ဇာရားမြို့ရှိ လူနေအဆောက်အအုံများကို ဒုံးလက်နက်များဖြင့် တိုက်ခိုက်မှုကြောင့် ကလေးနှစ်ဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့သည်။

ဆီးရီးယားသည် ၂၀၁၁ ခုနှစ် မတ်လကတည်းက ဤသို့ ပဋိပက္ခများနှင့် ရင်ဆိုင်ကြုံတွေ့နေရသော နိုင်ငံတစ်ခုဖြစ်သည်။

တက်ခ်ဖရီစစ်သွေးကြွအုပ်စုများ၏ အကြမ်းဖက်မှုကြောင့် ယခုဆိုလျှင် လူပေါင်း ၂၀၀၀၀၀ ကျော် သေဆုံးခဲ့ကြောင်း သတင်းထုတ်ပြန်ချက်များအရ သိရသည်။



ဆီးရီးယားနိုင်ငံတွင် ဆက်လက်ဖြစ်ပေါ်နေသော ပဋိပက္ခများကြောင့် လူပေါင်း ၇ ဒသမ ၂ သန်း နေရပ်စွန့်ခွာခဲ့ရကြောင်း ကုလသမဂ္ဂအဖွဲ့က ပြောခဲ့သည်။

**(ပရက်စ်တီဗွီ)**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ပြည်ထောင်စုအမွေ အမြဲတည်တံ့စေဖို့ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စို့

တက္ကသိုလ်ပွင့်သူအောင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကိုလိုနီနယ်ချဲ့တို့လက်အောက်မှ လွတ်မြောက်၍ လွတ်လပ်သော နိုင်ငံတစ်နိုင်ငံအဖြစ် ရောက်ရှိခဲ့ရာ ယခု ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော လွတ်လပ်ရေးနေ့၌ (၆၇)နှစ်မြောက် အောင်ပွဲသဘင်ဖြစ်သည်။

မြန်မာနိုင်ငံသည် ဘီစီ (၃)ရာစုခန့်မှစ၍ ဗိဿနိုး၊ ဟန်လင်း၊ သုဝဏ္ဏဘူမိ၊ တကောင်း၊ ဝေသာလီ၊ သရေခေတ္တရာစသည်ဖြင့် ပဒေသရာဇ် နိုင်ငံများ ထူထောင်လျက် ကိုယ့်မင်းကိုယ့်ချင်းအုပ်ချုပ်နေထိုင်ခဲ့သည့်လွတ်လပ်သော နိုင်ငံဖြစ်သည်။ မြန်မာ့သမိုင်းကို ပြန်ကြည့်လျှင် ပုဂံပြည့်ရှင်အနော်ရထာမင်းကြီးသည် ပြန့်ကျဲနေသည့် ဒေသများကိုစုစည်း၍ ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့ပြီး တောင်ငူကို အခြေပြုကာ ဘုရင့်နောင်မင်းတရားကြီးကလည်း ဝါးအစည်းပြေနေသကဲ့သို့ အစည်းပြေနေသည့်ဒေသများကို ပြန်လည်စုစည်း၍ ဒုတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည်။ ထို့နောက် ရွှေဘိုကို အခြေပြုကာ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် တတိယမြန်မာနိုင်ငံတော်ကို ထပ်မံတည်ထောင်နိုင်ခဲ့သည်။ မြန်မာနိုင်ငံသည် ပထဝီဝင်နိုင်ငံရေးအရ သော့ချက်ကျသော တည်နေရာတွင်ရှိနေသဖြင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်စသော တိုင်းရင်းသားညီအစ်ကို မောင်နှမများသည် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံ၍ နိုင်ငံတော်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် အသက်ပေးကာကွယ်ပြီး စည်းစည်းလုံးလုံး နေထိုင်ခဲ့ကြသည်။ မြန်မာနိုင်ငံသည် ခရစ်နှစ် ၁၈၂၄ ခုနှစ်၊ အင်္ဂလိပ်တို့၏ ကျူးကျော်နယ်ချဲ့စစ်ပွဲပြီးသွားပြီးနောက် ရခိုင်နှင့် တနင်္သာရီကို လက်လွှတ်ဆုံးရှုံးခဲ့သကဲ့သို့ ၁၈၅၂ ခုနှစ်တွင် ဒုတိယအကြိမ် အင်္ဂလိပ်တို့၏ ကျူးကျော်စစ်ပွဲပြီးနောက် တောင်ငူမှအောက် မြန်မာနိုင်ငံတစ်ပိုင်းထပ်မံဆုံးရှုံးခဲ့ရပြန်သည်။ ထို့နောက် ၁၈၈၅ ခုနှစ်တွင် တတိယအကြိမ် အင်္ဂလိပ်နယ်ချဲ့တို့က ထပ်မံကျူးကျော်စစ်ပွဲပြီးသောအခါ အထက်မြန်မာနိုင်ငံ လက်လွှတ်ဆုံးရှုံးသွားကာ မြန်မာတစ်နိုင်ငံလုံးက နယ်ချဲ့တို့ လက်အောက်ရောက်သွားခဲ့သည်။

မြန်မာနိုင်ငံတည်နေရာကို ပြန်ကြည့်လျှင် မြန်မာနိုင်ငံသည် အာရှတိုက်ကုန်းမကြီးပေါ်၌ တည်ရှိသည်။ ထို့အပြင်ရှည်လျားသော ပင်လယ်ထွက်ပေါက်လည်းရှိပြီး အနောက်မြောက်နှင့် မြောက်ပိုင်း၌ ကြီးမားကျယ်ဝန်းသည့် အာရှတိုက်အတွင်းပိုင်းနှင့် ဆက်စပ်နေသည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် လူဦးရေထူထပ်သည့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံကြီးများနှင့် ဆက်စပ်တည်ရှိနေပြီး အရှေ့တောင်အာရှနိုင်ငံများ၊ တောင်အာရှနိုင်ငံများ၊ အရှေ့အာရှနိုင်ငံများနှင့် နီးကပ်လျက်ရှိသည်။ ယင်းကဲ့သို့ ပထဝီဝင်နိုင်ငံရေးအရ သော့ချက်ကျစွာတည်ရှိနေသော မြန်မာနိုင်ငံသည် နယ်ချဲ့တို့၏ မျက်စိကျခြင်းခံခဲ့ရသည်။ ထို့ကြောင့် မြန်မာနိုင်ငံလွတ်လပ်ရေးပြန်လည်ရရှိရန် နယ်ချဲ့တို့က မြန်မာနိုင်ငံအောက်ပိုင်း၊ ရခိုင်နှင့် တနင်္သာရီကို သိမ်းပိုက်ခဲ့သည်။ ၁၈၂၄ ခုနှစ်မှစ၍ တစ်ပြည်လုံးကို သိမ်းယူခဲ့သော ၁၈၈၅ ခုနှစ်အလယ် ၁၉၄၈ ခုနှစ်အထိ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် နီးစပ်ရာပူးပေါင်းကြကာ "သူ့ကျွန်ဘဝတွင် နေရခြင်းထက် သေရခြင်းက မြတ်သည်" ဟူသော ရဲရဲတောက်စိတ်ဓာတ်များဖြင့် လက်နက်အင်အား၊ လူအင်အားကွာခြားမှုန်းသိလျက်နှင့်ပင် မကြောက်မရွံ့နယ်ချဲ့တို့အား တွန်းလှန်တိုက်ခိုက်ခဲ့သည်။ ထိုကဲ့သို့ လွတ်လပ်ရေးအတွက် အသက်ပေးတိုက်ပွဲဝင်ခဲ့ကြရာတွင် ကချင်ပြည်နယ်မှ ဖုံကန်ဒူဝါနှင့် ဗိုလ်ဖိုးစော၊ ချင်းပြည်နယ်မှ ကြွမ်ဘိနှင့် ရွှေချိုးဖြူမင်းသား၊ ရှမ်းပြည်နယ်မှ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်၊ ဗိုလ်မင်းရောင်အစရှိသည်တို့ ပါဝင်ခဲ့ကြသည်။ သခင်ကိုယ်တော်မှိုင်း၊ အချုပ်တန်း ဆရာဖေအစရှိသော မျိုးချစ်စာဆိုတော်ကြီးများက စာပေဖြင့် တိုက်ပွဲဝင်ခဲ့ကြသည်။ ထို့အပြင် ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ တို့ဗမာအစည်းအရုံး၊ ဗမာ့ထွက်ရပ်ဂိုဏ်း၊ ဖတပလ(ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့လွတ်လပ်ရေး)၊ ဖဆပလ(ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေး)စသည် ကျောင်းသား၊ အလုပ်သမား၊ တောင်သူလယ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ တိုင်းရင်းသားလုပ်သားပြည်သူအားလုံးတို့က စည်းရုံးလှုပ်ရှားတိုက်ပွဲဝင်ခဲ့ကြသည်။ ထို့နောက် ၁၃၀၀ ပြည့်အရေးတော်ပုံမှတစ်ဆင့် ဘီအိုင်အေ၊ ဘီဒီအေဟူသော မြန်မာ့တပ်မတော်ပေါ်ထွက်လာခဲ့ပြီး နယ်ချဲ့တို့ကို ပထဝီဝင်နိုင်ငံရေးအရ အရေးပါသော မြန်မာ့မြေပေါ်မှ မောင်းထုတ်နိုင်ခဲ့သည်။ ထိုကဲ့သို့ တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် မြန်မာ့တပ်မတော်တို့၏ စုစည်းညီညွတ်မှုစွမ်းအားဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်၌ လွတ်လပ်ရေးရရှိခဲ့ခြင်းဖြစ်သည်။

ထိုကဲ့သို့ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံခဲ့သော စုစည်းညီညွတ်မှုအားသည်ပင်လျှင် ပြန်လည်ရရှိရန် အလွန်တစ်ရာ ခက်ခဲသည့် လွတ်လပ်ရေးကို ရယူနိုင်ခြင်းကြောင့် ဘိုးဘွားများပေးခဲ့သော ပြည်ထောင်စုလွတ်လပ်ရေးကို ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားညီအစ်ကိုအပေါင်းက ဥမကွဲသိုက်မပျက်၊ သားစဉ်မြေးဆက် လွတ်လပ်ရေးကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်နေရမည်ဖြစ်သည်။ အထူးသဖြင့် ပြည်ထောင်စု အဓွန့်ရှည်ရေးတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးသည် ပါဝင်လျက်ရှိသည်။ ထို့ကြောင့် ၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့အမျိုးသားရေးဦးတည်ချက်(၄)ရပ်တွင် ထိပ်ဆုံး ပထမအချက်အဖြစ် "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ်ထိန်းသိမ်းကာကွယ်ရေး" ပါဝင်နေခြင်းပင်ဖြစ်သည်။ ပြည်ထောင်စုကြီး အဓွန့်ရှည်ရေးသည် လူမျိုးပေါင်း ၁၃၅ မျိုးရှိသော ပြည်ထောင်စုသားအားလုံး၏ အဓိကအရေးကြီးသော လိုအပ်ချက်ဖြစ်သည်။ ယင်းပြည်ထောင်စုကြီးအဓွန့်ရှည်ရေးမှာ တိုင်းရင်းသားအားလုံးသည် "ပြည်ထောင်စု၏ မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ၊ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်" ဟူသော ပြည်ထောင်စုစိတ်ဓာတ်ကို အမြဲထာဝရအရင်းခံထားကြရမည်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်ဟူသော မျိုးချစ်စိတ်ဓာတ်သည် ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်သည်။ လွတ်လပ်ရေးဆိုသည်မှာ အမြဲသတိချပ်လျက် ကာကွယ်စောင့်ရှောက်ခြင်းမရှိပါမူ ဆုံးရှုံးတတ်သည့်သဘောရှိသည်။ နိုင်ငံတစ်နိုင်ငံသည် အချုပ်အခြာအာဏာကင်းမဲ့သွားပြီဆိုလျှင် လွတ်လပ်ရေးဆုံးရှုံးသွားခြင်းနှင့်အတူတူပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံက တစ်နိုင်ငံကို ကျူးကျော်သိမ်းပိုက်၍ လွတ်လပ်ရေးဆုံးရှုံးခြင်းရှိသကဲ့သို့ စစ်မက်ဖြစ်ပွားခြင်းကြောင့်လည်း ပြည်သူပြည်သားအပေါင်းတို့၏ လွတ်လပ်ခြင်းဆုံးရှုံးကြရတတ်သည်။ ထို့ကြောင့် လွတ်လပ်ရေးသည် တိုင်းပြည်တစ်ပြည်၏ အသည်းနှလုံးဖြစ်သည်။ လွတ်လပ်သော တိုင်းပြည်ဖြစ်မှသာ အေးချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်သော လူမှုအသိုက်အဝန်းတစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ်ရာ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ခွင့်နှင့် ကမ္ဘာ့အလယ်၌ ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေးတို့အတွက် လွတ်လပ်ရေးအဓွန့်ရှည်တည်တံ့ရန် အလွန်အရေးကြီးသည်။ လွတ်လပ်ရေး အဓွန့်ရှည်တည်တံ့ရန်အတွက် ထာဝရငြိမ်းချမ်းရေး ရရှိစေရမည်ဖြစ်၍ နိုင်ငံတော်အစိုးရ၊ လွှတ်တော်နှင့် တပ်မတော်တို့ တစ်စိတ်တစ်ဝမ်းတည်း အားလုံးကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

အထူးသဖြင့် မိမိနိုင်ငံ၏ လွတ်လပ်ရေးကို မိမိကိုယ်ပိုင်အင်အားရှိမှသာလျှင် ကိုယ်တိုင်ကာကွယ်နိုင်မည်ဖြစ်သည်။ ကိုယ်ပိုင်အင်အားကို တည်ဆောက်ရာတွင် မျိုးချစ်ပြည်ထောင်စုစိတ်ဓာတ်နှင့် ညီညွတ်မှုတို့ဖြင့် ပြည့်စုံရမည်ဖြစ်သည်။ ယနေ့မျက်မှောက်ခေတ်ကိုလိုနီနယ်ချဲ့မှုသည် ၁၉ ရာစုခေတ်ကာလက လက်နက်စွဲကိုင် တိုက်ခိုက်သိမ်းပိုက်အနိုင်ယူခဲ့ခြင်းမျိုးမဟုတ်ပေ။ နိုင်ငံတစ်နိုင်ငံက အခြားတစ်နိုင်ငံကို နိုင်ငံရေးဖြင့်ဖြစ်စေ၊ အချုပ်အခြာအာဏာကို ဝင်ရောက်စွက်ဖက်မည်ဖြစ်သည်။ ထို့နောက် စစ်ရေးကို အစွမ်းကုန်အသုံးပြု၍ ကျူးကျော်သိမ်းပိုက်မည်ဖြစ်သည်။ ယင်းကဲ့သို့ ခေတ်သစ်ကိုလိုနီနယ်ချဲ့မှုမခံရအောင်နှင့် ဘိုး၊ ဘွား၊ ဘီ၊ ဘင်တို့က အသက်၊ သွေး၊ သွေးမြောက်မြားစွာ ရင်းနှီးပေးဆပ်ကာ ရယူပေးခဲ့သော ပြည်ထောင်စုအမွေလွတ်လပ်ရေးကို အဓွန့်ရှည်တည်တံ့ခိုင်မြဲအောင် ပြည်ထောင်စုတိုင်းရင်းသားမျိုးနွယ်စုအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြပါစို့ ဟု ၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုလျက် ရေးသားလိုက်ရပါသည်။

**လွတ်လပ်ရေးဆိုသည်မှာ အမြဲသတိချပ်လျက် ကာကွယ်စောင့်ရှောက်ခြင်းမရှိပါမူ ဆုံးရှုံးတတ်သည့်သဘောရှိသည်။ နိုင်ငံတစ်နိုင်ငံသည် အချုပ်အခြာအာဏာကင်းမဲ့သွားပြီဆိုလျှင် လွတ်လပ်ရေးဆုံးရှုံးသွားခြင်းနှင့် အတူတူပင်ဖြစ်သည်။**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကျူးဘားနိုင်ငံလွတ်မြောက်ရေးနေ့ သဝဏ်လွှာပို့

နေပြည်တော် ဇန်နဝါရီ ၁

၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင်ကျရောက်သော ကျူးဘားသမ္မတနိုင်ငံ၏လွတ်မြောက်ရေးနေ့နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘရူနို ရိုဒရီဂွဲဇ် ပါရီးလားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## မိုးလေဝသအခြေအနေ

**နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်သည်။

# (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ပိုလ်ရှုခံအခမ်းအနားတွင် သတင်းရယူမည့် မှတ်ပုံတင်ထားပြီးသော မီဒီယာများသို့ပန်ကြားချက်

နေပြည်တော် ဒီဇင်ဘာ ၃၁

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ဗိုလ်ရှုခံအခမ်းအနားသို့ သတင်းရယူကြမည့် သတင်းမီဒီယာသမားများအနေဖြင့် သတင်းရယူနိုင်ရန် နေရာလေးနေရာ သတ်မှတ်ပေးထားပါသည်။ ဗိုလ်ရှုခံမဏ္ဍပ်ရှေ့ဘေးဝဲယာတွင် နှစ်နေရာနှင့် စစ်ရေးပြစစ်ကြောင်းများနောက်ဘက်တွင် နှစ်နေရာဖြစ်ပါသည်။ အဆိုပါနေရာများ၌ နေရာတစ်ခုစီတွင် မီဒီယာ ၇၀ ခန့်သာ ဝင်ဆံ့မည်ဖြစ်ပါသည်။ ဗိုလ်ရှုခံအခမ်းအနားကျင်းပချိန်သည် ၂ နာရီခွဲခန့် ကြာမည်ဖြစ်ပါသည်။ သတင်းရယူမည့်မီဒီယာများအနေဖြင့် အောက်ပါအတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်-

(၁) မီဒီယာဝင်ခွင့်ကတ်ပြားများကို (၂-၁-၂၀၁၅) ရက်နေ့နှင့် (၃-၁-၂၀၁၅ ) ရက်နေ့တွင် ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမတွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခွဲအထိ ထုတ်ပေးမည်ဖြစ်ပါသည်။

(၂) အခမ်းအနားသို့ဝင်ရောက်ရန် လုံခြုံရေးဆပ်ကော်မတီက စိစစ်ချိန်မှစပြီး အခမ်းအနားပြီးဆုံးသည်အထိ မီဒီယာဝင်ခွင့်ကတ်ပြားများကို ချိတ်ဆွဲထားရပါမည်။

(၃) အခမ်းအနားရိုက်ကူးခွင့်ရရှိသည့် မီဒီယာများအနေဖြင့် သတ်မှတ်ထားသည့် Press Area တွင် စနစ်တကျနေရာယူဆောင်ရွက်ရန်နှင့် Press Line ကိုကျော်လွန်၍ ရိုက်ကူးခြင်းမပြုရန် ဂရုပြုဆောင်ရွက်ရပါမည်။

(၄) မိမိသတင်းရယူမည့်နေရာကို မိမိတို့ကိုယ်တိုင် ရွေးချယ်နေရာယူရမည်ဖြစ်ပါသည်။ မည်သည့်နေရာမှ ဝင်ရောက်နေရာယူ၍ သတင်းရယူမည်ကို (၂-၁-၂၀၁၅) ရက်မှ ( ၃-၁-၂၀၁၅) ရက် ကတ်ပြားထုတ်ပေးမည့်နေရာတွင် သတင်းပို့ရန် ဖြစ်ပါသည်။

(၅) နေရာယူပြီးနောက် သတင်းရယူရာနေရာမှ အခြားနေရာသို့ မည်သည့်အကြောင်းပြချက်မျှ ဝင်ထွက်ခြင်းမပြုလုပ်ရပါ။

(၆) ဗိုလ်ရှုခံအခမ်းအနားကျင်းပပြီးစီးသည်အထိ ၎င်းနေရာတွင်သာ ရှိရမည်ဖြစ်ပါသည်။ အခမ်းအနားပြီးစီးမှသာ ပြင်ပသို့ ထွက်ခွင့်ရမည်ဖြစ်ပါသည်။

(၇) နိုင်ငံတော်အခမ်းအနားဖြစ်သည့်အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်ဆန့်ကျင်သော မသင့်လျော်သည့် ဘောင်းဘီတို၊ တီရှပ်၊ စကတ်တို၊ ဂျင်းဘောင်းဘီစသည့် ဝတ်စားဆင်ယင်မှုမျိုးကို ရှောင်ကြဉ်ရမည်ဖြစ်ပါသည်။ အမျိုးသားဖြစ်ပါက အင်္ကျီ၊ ပုဆိုး၊ (သို့မဟုတ်) ဘောင်းဘီရှည် (ဂျင်းဘောင်းဘီမပါ) (သို့မဟုတ်) ဆာဖာရီဝတ်စုံ၊ အမျိုးသမီးဖြစ်ပါက မြန်မာအင်္ကျီ၊ ထမီ(သို့မဟုတ်) ဘောင်းဘီရှည် (ဂျင်းဘောင်းဘီမပါ) (သို့မဟုတ်) ဆာဖာရီဝတ်စုံ ဝတ်ဆင်နိုင်ပါသည်။

(၈) ဗိုလ်ရှုခံအခမ်းအနားသို့လာရောက်မည့် မီဒီယာသမားများသည် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံးသို့ ၄-၁-၂၀၁၅ နံနက် ၄ နာရီအရောက် မိမိအစီအစဉ်ဖြင့် လာရောက်ရမည်ဖြစ်ပါသည်။ ဝန်ကြီးရုံးရှေ့ဂိတ်ပေါက်ဝတွင် လုံခြုံရေးဆပ်ကော်မတီမှ လိုအပ်သည်များစစ်ဆေးပြီး ဝန်ကြီးဌာနအစီအစဉ်ဖြင့် မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးပါမည်။ အပြန်တွင်လည်း အခမ်းအနားပြီးပါက မိနစ် ၃၀ အတွင်းစုစည်း၍ ၈ နာရီ ၄၅ မိနစ် နောက်ဆုံးထားပြီး ယာဉ်များဖြင့် ဝန်ကြီးရုံးသို့ ပြန်လည်ပို့ဆောင်ပေးပါမည်။

(၉) သိရှိလိုသည်များရှိပါက ဦးမြင့်ကျော်၊ ညွှန်ကြားရေးမှူး ဖုန်း နံပါတ်-၀၆၇-၄၁၂၂၀ နှင့် ဦးမောင်ဖေ ညွှန်ကြားရေးမှူး ဖုန်းနံပါတ် ၀၆၇- ၄၁၂၀၂၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(၁၀) လုံခြုံရေးအရ ဆောင်ရွက်ချက်များကို လိုက်နာရမည်ဖြစ်ပြီး သတ်မှတ်ထားသည့် Press Area များတွင် တာဝန်ချထားသည့် မီဒီယာဆက်ဆံရေးအရာရှိများ၏ ကြီးကြပ်မှုဖြင့်ဆောင်ရွက်ရန် ဖြစ်ပါသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

# နှစ်သစ်ကူးမင်္ဂလာ ဆုမွန်ကောင်း တောင်းဆုပြု

**ရန်ကုန် ဒီဇင်ဘာ ၃၁**

ယနေ့အခါသမယသည် နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ကူးပြောင်းသည့် အခါသမယ မင်္ဂလာရက်မြတ်ပင် ဖြစ်သည်။ နှစ်ဟောင်းကိုစွန့်ခွာကာ နှစ်သစ်မင်္ဂလာအခါရက်မြတ်တွင် ကောင်းချီးမင်္ဂလာအဖြာဖြာကို အမှန်တကယ် ဆောင်နှင်းကြရမည်ဖြစ်သည်။

သက်ရှိသတ္တဝါတိုင်း ထိုအမှုကို ပြုကြမှသာ နောင်အနာဂတ်တွင် သက်ရှိကမ္ဘာလောကကြီး သာယာဝေဖြာ ဖွံ့ဖြိုးစည်ပင်မလွဲဧကန် တည်တံ့ခိုင်မြဲနိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ ကမ္ဘာ့သက်ရှိလောကသားများ စွန်းထင်းအညစ်အကြေးများကို နှစ်ဟောင်းထားရှိ ချန်ရစ်နိုင်မှသာ ယနေ့စတင်ရောက်ရှိလာသည့် ၂၀၁၅ နှစ်သစ်သည် လူသားလောကကြီးအတွက် အမှန်တကယ်တန်ဖိုးရှိသည့် နှစ်တစ်နှစ်ဖြစ်လာမည်ဟု နိုင်ငံဘာသာရေးခေါင်းဆောင်များက ကောင်းချီးမင်္ဂလာပေး ဆုတောင်းမှုပြုကြသည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုး ၁၀၀ကျော်ဖြင့် စုဖွဲ့နေထိုင်ပြီး မိမိယုံကြည်ရာဘာသာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ပေးထားသည့် နိုင်ငံဖြစ်သည်။နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ကူးပြောင်းသည့် ယနေ့ နှစ်သစ်မင်္ဂလာအခါသမယတွင် မြန်မာနိုင်ငံ၏ လူမျိုးပေါင်းစုံအား ကိုယ်စားပြုသည့် ဘာသာရေးခေါင်းဆောင်ကြီးများထံ မြန်မာ့အလင်းသတင်းအဖွဲ့က သွားရောက်တွေ့ဆုံ၍ နှစ်သစ်မင်္ဂလာဆုမွန်ကောင်း တောင်းဆုခြွေသံများကို ပြည်သူများသို့ မျှဝေလိုက်ပါသည်-

**ဘုန်းတော်ကြီးဂျိုးဇက် ဦးမောင်ဝင်း**
**ကျောင်းထိုင်ဘုန်းတော်ကြီး၊**
**စိန့်အန်ထော်နီ ဘုရားရှိခိုးကျောင်း**
**အထက်ပန်းဆိုးတန်းလမ်း၊**
**ရန်ကုန်မြို့**

ဤနှစ်သစ်မင်္ဂလာ ယနေ့တွင် ကျွန်ုပ်တို့သည် နှစ်ဟောင်းကို ကျော်လွန်ပြီး ၂၀၁၅ ခုနှစ် တည်းဟူသော မင်္ဂလာနှစ်သစ်သို့ ကူးပြောင်းလာကြပေပြီ။ နှစ်ဟောင်း၏အတိတ်ကိုထားခဲ့ကာ နှစ်သစ်ကို စိတ်သစ်၊ ကိုယ်သစ်ဖြင့် ကူးပြောင်းလာကြရာတွင် ယနေ့မှစပြီး မကောင်းမှုကိုရှောင်ကြဉ်ကာ ကောင်းမှုကုသိုလ်ပါရမီများကို ဆည်းပူး



ဘုန်းတော်ကြီး ဂျိုးဇက်ဦးမောင်ဝင်း

နေထိုင်ကြခြင်းဖြင့် အမိမြန်မာနိုင်ငံတော်ကြီးသာမက ကမ္ဘာတစ်ဝန်းလုံးတွင် ငြိမ်းချမ်းသာယာမှု၊ စည်းလုံးညီညွတ်မှု၊ ချစ်ခင်လေးစားမှုများ ဆတက်ထမ်းပိုးတိုးတက်နိုင်ကြပါစေသော်ဝ်။ ဒီ့အပြင် လူသားများအလယ်တွင် အမျိုး၊ ဘာသာ အဆင့်အတန်းခွဲခြားမှုများ၊ ဘာသာရေးအစွန်းရောက်မှုများ၊ နိုင့်ထက်စီးနင်းလုပ်ဆောင်မှုများ၊ မတရားခေါင်းပုံဖြတ်မှုများ လုံးဝဥသုံကင်းစင်ပြီး တရားမျှတမှု၊ အချင်းချင်းနားလည်ခွင့်လွှတ်မှု၊ လူသားချင်းညှာတာမှု၊ ချစ်ခင်လေးစားမှုများနှင့်အတူ လောကနိဗ္ဗာန်တည်ဆောက်နိုင်သော နှစ်သစ်



ဒေါက်တာလှထွန်း

အခါသမယဖြစ်ပါစေကြောင်းဆုမွန်ကောင်း တောင်းခြွေမေတ္တာပို့သလိုက်ရပါသည်။

ကမ္ဘာသူ ကမ္ဘာသားအပေါင်း ကိုယ်၏ကျန်းမာခြင်းနှင့် စိတ်၏ချမ်းသာခြင်းတို့ကို ရရှိနိုင်ကြပါစေသောဝ်။

**ဒေါက်တာလှထွန်း**
**ဟိန္ဒူသာသနာပြုဆရာကြီး**
**သနန္တန ဓမ္မပါလက(ဟိန္ဒူ) အဖွဲ့ချုပ်**

နှစ်သစ်အခါသမယတွင် အမိမြန်မာနိုင်ငံတစ်ဝန်း မှီတင်းနေထိုင်ကြသူအပေါင်း အဝိဇ္ဇာ (အမှောင်) မှ ဇောတိ (အလင်းရောင်)သို့၊ မရဏ (သေခြင်းတရားမှ) လွတ်မြောက်ရာ မောက္ခ(နိဗ္ဗာန်)သို့ လားရပါစေကြောင်းနှင့် ကမ္ဘာသူ၊ ကမ္ဘာသား အပေါင်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး ဘေးဘယာဝေးကွာ၍ ငြိမ်းချမ်းသာယာမှုအပေါင်းနှင့် ပြည့်ဝကြပါစေကြောင်း ဆုတောင်းပတ္ထနာပြုလိုက်ပါသည်။

**အလ်ဟာဂျ်ခလီဖ္ဖာ ဦးအေးလွင်**
**ဦးဆောင်ညွှန်ကြားရေးမှူး**
**အစ္စလာမ်ဓမ္မဖိမာန်**
**အမြဲတမ်းအဖွဲ့ဝင်၊ ဘာသာပေါင်းစုံ**
**ငြိမ်းချမ်းရေးအဖွဲ့(မြန်မာနိုင်ငံ)**
**Cpre member, Religions for Peace Myanmar**

အချိန်နှင့်ဒီရေသည် လူကို မစောင့်ဟူသော သိုးဆောင်းစကားပုံ ရှိ၏။ အချိန်၏ တိုက်စားမှုသည် အနိစ္စနှင့်သင်္ခါရသဘောအရ သူ့အလုပ်ကို သူလုပ်ဆောင်သွားပေလိမ့်မည်။ ကုန်ဆုံးသွားသော အချိန်ကာလအတွင်း မိမိနှင့်ပတ်ဝန်းကျင်အတွင်း မည်မျှကောင်းကျိုးပြုခဲ့သည်ကို သုံးသပ်ရပေမည်။ ပြန်လည်သုံးသပ်ပြီး ယနေ့ကျရောက်သည့် ၂၀၁၅ ခုနှစ်၏ နှစ်သစ်အခါသမယတွင် နှစ်ဟောင်းမှ အဟောင်းအညစ်တွေကို နှစ်သစ်မှာ အကောင်းအသစ်တွေနဲ့ပြောင်းပစ်ရန် နှစ်သစ် New Year Resolution ပြုကြ



အလ်ဟာဂျ်ခလီဖ္ဖာ ဦးအေးလွင်

ပါစို့။ မြန်မာပြည်တွင်း မှီတင်းနေထိုင်ကြသော ပြည်သူပြည်သားမှန်သမျှ တရားမျှတခြင်းနှင့်အညီ လူသားတို့၏မွေးရာပါ လူ့အခွင့်အရေးအပြည့်အဝရရှိပြီး တန်ဖိုးရှိလှသည့် လူ့စွမ်းအားအရင်းအမြစ်တို့ကို နိုင်ငံတော်တည်ဆောက်ရေးအတွက် အပြည့်အဝ အသုံးချရင်း လောကီ၊ လောကုတ် နှစ်ဘဝ၊ နှစ်ဌာန ငြိမ်းအေးရေးကို နှစ်သစ်အချိန်အခါတွင် ကြိုးပမ်းအားထုတ်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပြုလိုက်ရပါသည်။

**သတင်း-**
**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မင်းထက်**

# တောက်ပသောအနာဂတ်များကိုမျှော်လင့်ရင်း နယ်ပယ်အသီးသီးမှစွမ်းဆောင်သူများလည်း နှစ်သစ်ကို ကြိုဆို

**မေးမြန်းရေးသား – ခင်ရတနာ**
**ဓာတ်ပုံ – မေဦးမိုး**

**ရန်ကုန် ဒီဇင်ဘာ ၃၁**

ကမ္ဘာ့ပြက္ခဒိန်အရ နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ ကူးပြောင်းရောက်ရှိခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံအတွက်လည်း လာခြင်းကောင်းသော နှစ်သစ်တစ်ခုအဖြစ် မျှော်လင့်ကာ ကောင်းသောရလဒ်များအတွက် ကြိုးပမ်းကြရမည်လည်း ဖြစ်သည်။ ၂၀၁၅ ခုနှစ်အတွက် နယ်ပယ်အသီးသီးမှအသိပညာရှင် အတတ်ပညာရှင်များ၏ ဆုမွန်ကောင်းများကို ရယူစုစည်းတင်ဆက်လိုက်ရပါသည်။

**မောင်ခင်မင်(ဓနုဖြူ)**
**အမျိုးသားစာပေဆုရှင်**

နှစ်သစ် အခါသမယဆိုတာ တစ်နှစ်တာလုံးအတွက် မျှော်လင့်ချက်အသစ်တစ်ခု ဖြစ်ပါတယ်။ အားလုံးသော လူတွေရဲ့ စိတ်ဘဝင်မှာ အားသစ်အင်သစ်တွေ ပြည့်ဝနေတဲ့အချိန်ဖြစ်တယ်။ နှစ်ဟောင်းထက် ပိုမိုကောင်းမွန်တဲ့ အခြေအနေတစ်ခုကို တစ်ဦးချင်းက အစပြုလို့ တစ်နိုင်ငံလုံး စုပေါင်းတည်ဆောက်ကြဖို့နဲ့ ၂၀၁၅ ခုနှစ်အတွင်း မျှော်လင့်ချက်အသစ်များ ပြည့်ဝကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

**ဒေါက်တာရင်ရင်နွယ်**
**နိုင်ငံတော်သမ္မတ၏**
**ပညာရေးအကြံပေးအဖွဲ့ခေါင်းဆောင်**

နှစ်သစ်ကူးအခါသမယမှာ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး ကျန်းမာချမ်းသာပါစေလို့ ဆုမွန်ကောင်းတောင်းပေးပါတယ်။ အထူးသဖြင့် ကျွန်မတို့နိုင်ငံရဲ့ အနာဂတ်ကို ဆေးခြယ်ပေးကြမယ့် လူငယ်မျိုးဆက်သစ်တွေအတွက် အတွေးအခေါ်ကောင်းတွေ၊ မှန်ကန်တဲ့လမ်းကြောင်းတွေနဲ့ အောင်မြင်မှုတွေရရှိပါစေလို့ ဆုတောင်းပေးပါတယ်။ ကျွန်မတို့အတွက် ၂၀၁၅ ခုနှစ်သည် စိန်ခေါ်မှုတွေ ပြည့်နှက်နေတဲ့ နှစ်တစ်နှစ်ဖြစ်လာမှာပါ။ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနဲ့ စီးပွားရေး ကဏ္ဍတိုင်းမှာ အပြောင်းအလဲတွေ အများကြီး လုပ်နေကြပါတယ်။ ကောင်းမွန်တဲ့အပြောင်းအလဲတွေနဲ့ စိတ်လှုပ်ရှားစရာ မြင်ကွင်းတွေကို ၂၀၁၅ မှာ မြင်တွေ့ရမယ်လို့ ယုံကြည်ပါတယ်။ အားလုံးပြိုင်တူ စုစည်းညီညာဖို့နဲ့ ရည်မှန်းချက်ပန်းတိုင်ကိုလက်ချင်းချိတ်ပြီး အရောက်လှမ်းနိုင်ဖို့ တစ်ဦးနဲ့တစ်ဦးနားလည်မှု၊ အပြန်အလှန် လေးစားယုံကြည်မှုတွေ ပိုမိုတည်ဆောက်ပြီး ၂၀၁၅ ကို အလှပဆုံး ဖြတ်ကျော်ကြမယ်လို့ ယုံကြည်ပါတယ်။

**ဦးဝင်းအောင်**
**ဥက္ကဋ္ဌ (UMFCCI)**

၂၀၁၅ သည် စီးပွားရေးအသိုင်းအဝိုင်းမှာ လက်ရှိအချိန်ထက်သာလွန်ကောင်းမွန်မယ်ဆိုတာ မြေကြီးလက်ခတ်မလွဲပါ။ ပိုမိုကောင်းမွန်ပြီး လူတိုင်းရဲ့ အနာဂတ်လှပဖို့အတွက် ကျွန်တော်တို့အားလုံး ဝိုင်းဝန်းကြိုးပမ်းကြရမှာပါ။ ကျန်ခဲ့တဲ့ နှစ်တွေက ရင်းနှီးပေးဆပ်ခဲ့တာတွေရဲ့ အသီးအပွင့်ကို ဒီနှစ်မှာ လူတိုင်းစားသုံးနိုင်ဖို့ လိုအပ်ပါတယ်။ လုပ်ငန်းကြီးတွေ ကမ္ဘာကျော်ကုမ္ပဏီတွေအတွက် ၂၀၁၅သည် မြန်မာနိုင်ငံအတွက် ဆိုတာမျိုး ဖြစ်လာနိုင်ပါတယ်။ ရေခံမြေခံကောင်းပြီး ပထဝီအနေအထားရောကျင့်သုံးနေတဲ့ ဒီမိုကရေစီလမ်းကြောင်းအရရော ကျွန်တော်တို့အတွက် ၂၀၁၄ သည် ရောင်နီသန်းတဲ့နှစ်ဆိုရင် ၂၀၁၅ သည် ရောင်ခြည်ဖြာတဲ့နေ့ရက်တွေဖြစ်ပါတယ်။ အများကြီးမျှော်လင့်ထားပါတယ်။ မျှော်လင့်တဲ့အတိုင်းလည်း အောင်မြင်မှုတွေ ရရှိဖို့ ဆုတောင်းပတ္ထနာပြုလိုက်ရပါတယ်။



စည်သူ
ဗိုလ်ကလေး တင့်အောင်



ဒေါ်ဖြူဖြူသင်း
လွှတ်တော်ကိုယ်စားလှယ်၊
ပရဟိတအကျိုးဆောင်



ဒေါက်တာထွန်းလွင်
မိုးလေဝသပညာရှင်

**ဒေါ်ဖြူဖြူသင်း**
**လွှတ်တော်ကိုယ်စားလှယ်၊**
**ပရဟိတအကျိုးဆောင်**

၂၀၁၅ ခုနှစ်က ကျွန်မတို့တိုင်းပြည်အတွက် အလွန်အရေးကြီးတဲ့နှစ်တစ်နှစ်ဖြစ်ပါတယ်။ ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းနေချိန်မှာ အခက်အခဲအကျပ်အတည်းတွေဆိုတာ အများကြီးရှိသလို ကဏ္ဍအသီးသီးမှာ စိန်ခေါ်မှုတွေရှိနေဆဲပါ။ သို့သော် ခြေလှမ်းတိုင်းမှာယုံကြည်မှုကို အားအဖြစ်အသုံးပြုပြီး အလိုရှိရာအောင်မြင်မှုကို စုစည်းညီညာစွာ ရယူနိုင်ပါစေလို့ နှစ်သစ်ဆုမွန် တောင်းလိုက်ပါတယ်။ တစ်နိုင်ငံလုံးမှာ ငြိမ်းချမ်းရေးတေးသံတွေ ယခုထက် ပိုမိုပျံ့လွင့်နိုင်ပြီး ညီညွတ်ခြင်းကို အတူတကွ တည်ဆောက်ကြပါလို့လည်း အားလုံးကို မေတ္တာပို့ ဆုတောင်းပေးပါတယ်။ ဘာသာမရွေး လူမျိုးမရွေး ဒေသမရွေး အဖွဲ့အစည်းမရွေး ငြိမ်းချမ်းရေးလမ်းကြောင်းကို အတူလျှောက်လှမ်းပြီး ကျွန်မတို့ရဲ့ မျိုးဆက်သစ်တွေအတွက် ဥယျာဉ်မှူးတွေလို စုပေါင်းပြုစုပျိုးထောင်ပေးကြဖို့ ဆုတောင်းရင်း ၂၀၁၅ ခုနှစ်ကို ကြိုဆိုလိုက်ပါတယ်။

**သုံးထပ်ကွမ်းအကယ်ဒမီဆုရှင်**
**သရုပ်ဆောင်ပြေတီဦး**
**(ပြေတီဦးဖောင်ဒေးရှင်း)**

မိဘပြည်သူတွေအားလုံး နှစ်သစ်မှာ ကိုယ်စိတ်နှလုံးကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။ နှစ်တစ်နှစ်ပြောင်းတိုင်းမှာ ကျွန်တော်တို့အားလုံး သတိပြုစရာက အတိတ်ကမကောင်းတဲ့ အရာတွေချန်ထား၊ ကောင်းတဲ့အရာတွေ Carry လုပ်ပြီး ထပ်ဆင့်အောင်မြင်မှုတွေကိုရယူနိုင်ဖို့ မျှော်လင့်ပါတယ်။

နယ်ပယ်အသီးသီးမှာ အခက်အခဲကြားကနေ ကျောက်တောင်ကြားကနေထွက်ပေါ်လာတဲ့ ပန်းပွင့်တွေကို မြင်တွေ့နေရပါပြီ။ ၂၀၁၅ ခုနှစ်အတွင်းကောင်းသော အပြောင်းအလဲတွေအကြား လူမျိုးဘာသာမရွေး အတူတကွ လက်တွဲနေထိုင်ကြရင်း မြန်မာနိုင်ငံတော်ကြီးကို တိုးတက်မြင့်မားအောင်စွမ်းဆောင်ကြဖို့နှစ်သစ်ဆုမွန်ကောင်း တောင်းအပ် ပါတယ်။

**စည်သူ ဗိုလ်ကလေး**
**တင့်အောင်**

အားလုံးသော မိဘပြည်သူတွေ နှစ်သစ်မှာ အောင်မြင်မှုတွေရရှိပြီး လူအချင်းချင်း ပိုမိုချစ်ခင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်တို့အတွက် စည်းလုံးညီညွတ်မှုတွေ အချင်းချင်းအပြန်အလှန်နားလည်မှုတွေ ထားရှိကြပါစေလို့ မျှော်လင့်ပါတယ်။ အသစ်အသစ်သောတိုးတက်မှုတွေကို လက်ဆင့်ကမ်းရင်း တန်ဖိုးမဖြတ်နိုင်တဲ့ အမွေအနှစ်ဟောင်းတွေကိုလည်း ထိန်းသိမ်းစောင့်ရှောက်ကြပါလို့ ဆုမွန်ကောင်းတောင်းရင်း နှစ်သစ်ကို ကြိုဆိုလိုက်ရပါတယ်ခင်ဗျာ။

**ဒေါက်တာထွန်းလွင်**
**မိုးလေဝသပညာရှင်**

၂၀၁၅ ခုနှစ်မှာ မြန်မာနိုင်ငံကြီးတစ်ခုလုံး ရာသီဥတုမျှတပြီး သဘာဝဘေးဥပါဒ်အန္တရာယ်တွေ ကင်းရှင်းကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။မိုးလေဝသနဲ့ ရာသီဥတုဆိုင်ရာပြဿနာရပ်တွေ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုတွေကို ကာကွယ်ကြဖို့ အားလုံးမှာတာဝန်ရှိနေပြီး အတူတကွရင်ဆိုင်ကျော်လွှားနိုင်ကြပါစေလို့လည်း ဆုတောင်းပေးလိုက်ပါတယ်။ ၂၀၁၅ခုနှစ်အတွင်းကို ခြုံငုံလေ့လာကြည့်ရရင် ဆောင်းလယ်ကာလကုန်ဖေဖော်ဝါရီလကုန်ပိုင်းမှာ မြူထူထပ်နိုင်တဲ့အတွက် သီးနှံတွေမှာအဖျက်ပိုးကျရောက်နိုင်လို့ တောင်သူဦးကြီးတွေသတိထားသင့်သလို မုန်တိုင်းငယ်တွေ မကြာခဏ ဖြစ်ပေါ်နေခြင်းကိုလည်း ထပ်မံကြုံဆုံရနိုင်ပါတယ်။ တစ်နှစ်တာအတွင်း နွေနဲ့ မိုးရာသီတွေမှာ ခရမ်းလွန် ရောင်ခြည်ကျရောက်မှု ဆက်လက်မြင့်တက်နိုင်တာကြောင့် လုံခြုံစွာဝတ်စားဆင်ယင်ပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုပူပြင်းလာတဲ့ ကမ္ဘာကြီးကို ဝိုင်းဝန်းစောင့်ရှောက်နိုင်ကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။ ဒါ့အပြင် ၂၀၁၅ ခုနှစ်အတွင်း မြန်မာနိုင်ငံကြီး ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်ခြင်းနဲ့ မြန်မာ့ရေမြေတောတောင် သဘာဝတွေ ပိုမိုအေးချမ်းလှပခြင်းတွေကို ဟန်ချက်ညီညီ စုပေါင်းထိန်းသိမ်းနိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ရပါတယ်။

**(မြန်မာ့အလင်း)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၃၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ကျောဖုံးပါ လျှပ်စစ်သာမက စိုက်ပျိုးမြေများပါ ရေပေးနေသည့် မိုးပြဲရေလှောင်ကန် သတင်း၏ ပုံစာအညွှန်းတွင် မိုးပြဲရေလှောင်ကန်ကြီးအစား ဘီလူးချောင်းပေါ်မှ ရေလှောင်တမံနှင့် ရေဝင်တံခါးဟု ပြင်ဆင်ဖတ်ရှုပါရန်။ **ခရမ်းစိုးမြင့်**

ပြည်တွင်းသတင်း

# ပွင့်လင်းမြင်သာစွာဖြင့် လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲကျင်းပနိုင်ရေး ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုအပ်

**ရန်ကုန် ဒီဇင်ဘာ ၃၁**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် မြဝတီခရိုင် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်များမှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအဖွဲ့အစည်းများ တွေ့ဆုံပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် မွန်းတည့် ၁၂ နာရီတွင် ကရင်ပြည်နယ် မြဝတီမြို့ သောင်ရင်းခန်းမ၌ ကျင်းပခဲ့သည်။ **(ယာပုံ)**



အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့်အတူ ကရင်ပြည်နယ် အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင်၊ ကော့ကရိတ်တပ်နယ်မှ ဗိုလ်မှူးချုပ်မျိုးမိုးအောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများ၊ မြို့မိ မြို့ဖများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အသိပေး ရှင်းလင်းရန် လာရောက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်ပွဲများကို ငါးနှစ်တစ်ကြိမ် ကျင်းပရပြီး ပထမအကြိမ် လွှတ်တော်များ၏သက်တမ်း ကုန်ဆုံးတော့မည်ဖြစ်ရာ ရွေးကောက်ပွဲကျင်းပရန် ၁၀ လခန့်သာ လိုတော့ကြောင်း၊ ရွေးကောက်ပွဲကို ပွင့်လင်းမြင်သာစွာဖြင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအဖြစ် ကျင်းပနိုင်ရေးအတွက် ကော်မရှင်၊ နိုင်ငံရေးပါတီများ၊ CSO များ၊ မီဒီယာများနှင့် ပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲများတွင် မဲပေးနိုင်ရန်အတွက် မိမိအမည်မဲစာရင်းတွင်ပါရှိရန်မှာ အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်ကြောင်း၊ မဲစာရင်းကပ်ချိန် သွားရောက်ကြည့်ရှုရန်လိုအပ်ပြီး ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းများရရှိစေရန် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ရွေးကောက်ပွဲတွင် မိမိဆန္ဒပြုသောမဲသည် ပယ်မဲမဖြစ်စေရေးအတွက်လည်း ဂရုပြုဆောင်ရွက်သွားရမည်ဖြစ်ပြီး မဲဆန္ဒရှင်ပညာပေးခြင်း လုပ်ငန်းများကိုလည်း လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများပြုလုပ်ပေးရေး၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းထားကြောင်း၊ တိုင်းရင်းသားလူမျိုးဖြစ်ပြီး ရပ်ရွာတွင် အမှန်တကယ်နေထိုင်ကြောင်း၊ သက်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီမှ ထောက်ခံပါက မဲစာရင်းတွင် ထည့်ပေးရေး ဆောင်ရွက်ထားကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေအရ တာဝန်(၁၃) ရပ်ရှိသော်လည်း အနှစ်ချုပ်လိုက်လျှင် အဓိကတာဝန် (၃)ခုသာရှိကြောင်း၊ (၁)လွှတ်တော်အသီးသီးအတွက် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများအောင်မြင်စွာ ကျင်းပပေးခြင်း၊ (၂) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုကို စစ်ဆေးနိုင်ရေးအတွက် ဥပဒေနှင့်အညီ ရွေးကောက်ပွဲခုံအဖွဲ့များဖွဲ့စည်းခြင်း၊ (၃)နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ နိုင်ငံရေးပါတီများကို မှတ်ပုံတင်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်းတို့ဖြစ်ကြောင်း၊ ကြိုတင်မဲကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်း ပွင့်လင်းမြင်သာစွာ၊ တရားမျှတစွာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံရေးပါတီများ အနေဖြင့် ဥပဒေကို သေချာစွာလေ့လာ ရန်၊ လိုက်နာရန်နှင့် ဥပဒေ၏ အကာအကွယ်ကိုရယူရန် တိုက်တွန်းလို ကြောင်း၊ ရွေးကောက်ပွဲ ပြည်တွင်း/ ပြည်ပမှ စောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်ပြီး လွတ်လပ်တရားမျှတသော ရွေးကောက်ပွဲအား ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း မှတ်ကျောက်တင်သွားမှာဖြစ်ကြောင်း ပြောကြားသွားသည်။

ထို့နောက် တက်ရောက်လာသည့် နိုင်ငံရေးပါတီများမှ ရွေးကောက်ပွဲနှင့်ပတ်သက်၍ သိရှိလိုသည့်အချက်များကိုမေးမြန်းခဲ့ရာ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ပြီး နိဂုံးချုပ်အနေဖြင့် ပြည်သူများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ Obeserver များနှင့် မီဒီယာများအနေဖြင့်လည်း လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကြီးကို ဥပဒေနှင့်အညီ ကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့်လည်း မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကရင်ပြည်နယ် မြဝတီမြို့ ချစ်ကြည်ရေးတံတားနှင့် အမှတ်(၄) ရပ်ကွက်ရှိ ရွှေမြင်းဝန်ဘုရားသို့ သွားရောက်ခဲ့ပြီး ရွှေမြင်းဝန်ဘုရားတွင် ပန်း၊ ဆီမီး ဆက်ကပ်ပူဇော်ပြီး အလှူငွေများ လှူဒါန်းခဲ့သည်။

ထို့နောက် ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌသည် မြဝတီမြို့ အေးချမ်းဖြိုးရိပ်သာတွင် KNU တပ်မဟာ(၇)မှ ဦးစောဖောဒို၊ KNU/KNLA(PC) မှ ဦးစောရင်နို၊ ဦးစောနေစိုးမြ၊ DKBA ကလိုထူးဖော တပ်ဖွဲ့မှ ဦးစောမိုရှေး၊ ဦးစတီး၊ ဦးထွန်းထွန်းတို့နှင့်တွေ့ဆုံပြီး ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စများ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ညနေပိုင်းတွင် မြဝတီမြို့မှ ပြန်လည်ထွက်ခွာလာရာ မြဝတီနှင့်ကော့ကရိတ်ကြားရှိ မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်နှင့် မြဝတီစက်မှုဇုန်တို့အား ဝင်ရောက်ကြည့်ရှုပြီး မြန်မာ-ထိုင်း နှစ်နိုင်ငံ ကုန်စည်စီးဆင်းမှုနှင့် စက်မှုဇုန်အတွင်း စက်ရုံများတည်ဆောက်နေမှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ညနေပိုင်းတွင် ကရင်ပြည်နယ် ဇွဲကပင်တောင်ခြေသို့ ရောက်ရှိပြီး ဇွဲကပင်တောင်ဆရာတော် ဘဒ္ဒန္တကဝိဓဇအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကျောက်ကလာပ်စေတီတော်သို့ သွားရောက်ကာ ပန်း၊ ဆီမီး၊ ရေချမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ILO ၏အကူအညီဖြင့် ကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်း စစ်တမ်းကောက်ယူမည်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

နေပြည်တော်ရှိ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၉ ရက်က ကျင်းပသည့် လုပ်သားအင်အား၊ ကလေးလုပ်သားအင်အားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်း စစ်တမ်းဆိုင်ရာ ဦးစီးကော်မတီ အစည်းအဝေးသို့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးကဝန်ကြီးဌာန၏ ရည်မှန်းချက် (၉)ရပ်တွင် "အလုပ်သမားရေးရာ သုတေသနနှင့် စာရင်းဇယားများ စုဆောင်းပြုစုရေး"သည် တစ်ခုအပါအဝင်ဖြစ်သဖြင့် လုပ်သားအင်အား၊ ကလေးလုပ်သားအင်အားနှင့်ကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း စစ်တမ်းကောက်ယူခြင်းလုပ်ငန်းသည်လည်း ပါဝင်နေကြောင်း၊ နိုင်ငံအတွက် လိုအပ်နေသော အလုပ်အကိုင်ဆိုင်ရာ အလုပ်သမားရေးရာ စာရင်းအင်းဖြစ်သည့် Labour Statistics များ ရရှိနိုင်ရန်အတွက် လုပ်သားအင်အား၊ ကလေးလုပ်သားအင်အားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်းစစ်တမ်းကို ILO ၏ ငွေကြေးနှင့် နည်းပညာအကူအညီများဖြင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှစကာ အောက်တိုဘာလအထိ စစ်တမ်းကောက်ယူမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်တွင် လိုအပ်နေသော မူဝါဒများ ချမှတ်နိုင်ရန်အတွက် အလုပ်သမားဆိုင်ရာ သတင်းအချက်အလက်များကို ပေးနိုင်ရန်နှင့် လုပ်သားဈေးကွက်တွင် အနာဂတ် လုပ်အားရရှိနိုင်မှုနှင့် လုပ်သားလိုအပ်ချက်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် ရှင်းလင်းဖော်ထုတ်သတ်မှတ်နိုင်ရန်အတွက် လုပ်သားအင်အား စစ်တမ်းကောက်ယူမှုကို ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း။

ယခုဆောင်ရွက်မည့်လုပ်ငန်းကို ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနနှင့် ILO တို့ အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးခဲ့ကြပြီးနောက် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစာချုပ်ကို ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် ILO တို့ လက်မှတ်ရေးထိုးနိုင်ခဲ့ကာ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ဗဟိုစာရင်းအင်းအဖွဲ့၊ ပြည်သူ့အင်အားဦးစီးဌာန၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန စသည့် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ ယခုစစ်တမ်းသည် အလုပ်လက်ရှိနှင့် အလုပ်လက်မဲ့၊ အဓိက အလုပ်အကိုင်အမျိုးအစားများနှင့် အခြားလုပ်ငန်းအမျိုးအစားများ၊ အလုပ်သမားများ၏ ဝင်ငွေ၊ အလုပ်ချိန်၊ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှင့် သမားရိုးကျမဟုတ်သော အလုပ်အကိုင်များ၊ မြန်မာနိုင်ငံ၏ လုပ်သားဈေးကွက် အခြေအနေများ စသည်များကို သိရှိရန်ရည်ရွယ်ပြီး၊ ယင်းကိန်းဂဏန်း အချက်အလက်များသည် နိုင်ငံတော်၏ လက်ရှိသင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်အခြေအနေများ၊ မူဝါဒနှင့် အစီအစဉ်များ၊ အနာဂတ်အတွက် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အထောက်အကူ ပြုစေနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ စစ်တမ်းကောက်ယူခြင်းလုပ်ငန်းများကို အမျိုးသားရေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် မှတ်ယူကာ မိမိတို့ကျရာနေရာမှ ကြိုးစားအားထုတ် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

**(မြန်မာ့အလင်း)**




WAI DE International Trading Co., Ltd. မိသားစု

ကြော်ငြာ


# M.T.P Construction Co., Ltd. ( L.C-34/292 )

**HAPPY NEW YEAR** (၁-၁-၂၀၁၅) မှ (၁၅-၁-၂၀၁၅)ထိ 20% အထူးလျှော့ဈေးဖြင့် ရောင်းချပေးပါမည်။

Myanmar Top Power Construction & Home Decoration Centre မှ တာဝန်ယူတည်ဆောက်နေပါသည်။



- မြေအကျယ် (100'x110'), Basemednt+8.5 Storeyed R.C.C Building ♣ Pile Foundation System
- (6) ခန်းတွဲ Room Type
- အခန်း(၁)ခန်းစီတွင် (2-Master Bed, 1-Double Bed, Living, Dining &Kitchen) များပါဝင်ခြင်း
- Transformer ♣ Stand By Generator
- Undergound Tank & Overhead steel tank-1000 litres
- Ready-Mixed Concrete (High Tech) ဖြင့် Slab လောင်းခြင်း

ဓနတာနှာအရင်းနိုင်မာခြင်း၊
လှပဆန်းသစ်ဒီဇိုင်းများနှင့် စိတ်ချယုံကြည်



- CAR RARKING +5.5 Storeyed R. C.C Building , ♣ MAT & STRIP System Foundation
- (2) ခန်းတွဲ Room Type Type A-1636 sft Type-B-1471 sft
- အခန်း(၁)ခန်းစီတွင် (2-Master Bed, 1-Double Bed, Living, Dining & Kitchen) များပါဝင်ခြင်း
- (10)ယောက်စီး ဓာတ်လှေကား(၁)စင်း ♣ Stand By Generator
- Underground Tank & Overhead steel tank-1000 litres
- Ready - Mixed Concrete (High Tech) ဖြင့် Slab လောင်းခြင်း

ဆက်သွယ်ရန်လိပ်စာ
အမှတ်( ၂၃၃/ ၂၃၅)၊ ၃၂လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ 01-386802, 388415(Office),
09 5011446,09-73204167, www.mtp-construction.com E-mail:info@mtp-construction.com


**အမြန် ပြန်လာပါ** စန္ဒာလင်း
သမီးအမြန်ပြန်လာပါ။ အဖေစိတ်ပူနေသည်။ အပြစ်အားလုံးခွင့်လွှတ်သည်။
ဖခင် ဦးသန်းမြင့်

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**


# M.K.T Construction Co., Ltd

Modern Key Technique

"နှစ်သစ်ကူးချိန်အခါတွင် မြန်မာပြည်သူပြည်သားအားလုံး
ကျန်းမာ ချမ်းသာ ပျော်ရွှင်ပြီး ကံကောင်းခြင်းမင်္ဂလာအဖြာဖြာ နှင့် ပြည့်စုံပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။"








# မသန်စွမ်းသူများ၏အခွင့်အရေးများဥပဒေကြမ်း

***ယမန်နေ့မှအဆက်***

(ခ) ဤဥပဒေအရ အလုပ်ခန့်ထားသော မသန်စွမ်းသူကို ခိုင်လုံသောအကြောင်းမရှိဘဲ အလုပ်ရပ်စဲခြင်း၊ အလုပ်မှထုတ်ပယ်ခြင်း၊ ရာထူးချခြင်းနှင့် ပြောင်းရွှေ့တာဝန်ပေးခြင်း မပြုရ။

၇၆။ မည်သည့် အလုပ်ရှင်မျှ -

(က) ခန့်ထားသော အလုပ်သမားနှင့် ဝန်ထမ်းဦးရေစာရင်းကိုလည်းကောင်း၊ သတ်မှတ်ထားသော ဝေပုံကျနှုန်းထားအရေအတွက်အရ အလုပ်ခန့်ထားရန်ကျန်ရှိသော အလုပ်နေရာအရေအတွက်၊ အလုပ်သမားအရည်အချင်းနှင့် အလုပ်အကိုင်အမျိုးအစားများကိုလည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် သက်ဆိုင်ရာမြို့နယ်အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများသို့ ပေးပို့ရန် ပျက်ကွက်ခြင်းမရှိစေရ၊

(ခ) မသန်စွမ်းသူများအား သတ်မှတ်ထားသော ဝေပုံကျနှုန်းထားအရေအတွက်အရ အလုပ်ခန့်ထားရေးအတွက် လူတွေ့စစ်ဆေးခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်းတို့အတွက် ကုန်ကျစရိတ်ကို မသန်စွမ်းသူများထံမှ တောင်းခံခြင်းမပြုရ၊

(ဂ) လူမှုဝန်ထမ်းဦးစီးဌာနမှ ဤဥပဒေပါမသန်စွမ်းသူများ၏ အခွင့်အရေးများနှင့်ပတ်သက်၍ လုပ်ငန်းခွင်သို့လာရောက်စစ်ဆေးခြင်းကို ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ ငြင်းဆိုခြင်းမပြုရ။

၇၇။ မည်သူမျှ -

(က) မသန်စွမ်းသူများကို မသန်စွမ်းမှုကိုအကြောင်းပြု၍ သိလျက်နှင့် တမင်ခွဲခြားဆက်ဆံခြင်း၊ လျစ်လျူရှုခြင်း၊ နှိမ်ချခြင်းမပြုရ၊

(ခ) မသန်စွမ်းသူများကို နိုင်ထက်စီးနင်း အကြမ်းဖက်ခြင်း၊ အလွဲသုံးစားပြုခြင်း၊ အဓမ္မအလုပ်ခိုင်းစေခြင်းမပြုရ၊

(ဂ) မသန်စွမ်းသူများအား အလွဲသုံးစားပြု၍ ကိုယ်ကျိုးစီးပွားမရှာရ။

၇၈။ ဤဥပဒေအရ မှတ်ပုံတင်လက်မှတ်ရရှိသော မည်သည့်မသန်စွမ်းသူအသင်းအဖွဲ့ဝင်မျှ -

(က) အမျိုးသားကော်မတီကချမှတ်သောမူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော်ရန် ပျက်ကွက်မှုမရှိစေရ၊

(ခ) ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့် ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်ပါ တာဝန်နှင့် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

၇၉။ မည်သည့် ပိုင်ရှင်မဆို -

(က) ပုဒ်မ ၇၃ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို ၁ နှစ်ထက် မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ် ၅ သိန်းမှ ကျပ် ၁၅ သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်၊

(ခ) ပုဒ်မ ၇၄ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၆ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၃ သိန်းမှ ကျပ် ၁၀ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၀။ မည်သည့် အလုပ်ရှင်မဆို -

(က) ပုဒ်မ ၇၅ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၁ နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ် ၅ သိန်းမှ ကျပ် ၁၅ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်၊

(ခ) ပုဒ်မ ၇၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၆ လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၃ သိန်းမှ ကျပ် ၁၀ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၁။ မည်သူမဆို ပုဒ်မ ၇၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၁ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊အနည်းဆုံး ကျပ် ၅ သိန်းမှ ကျပ် ၁၅ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၂။ ဤဥပဒေအရ မှတ်ပုံတင်ထားသော မည်သည့်မသန်စွမ်းသူအသင်းအဖွဲ့ဝင်မဆို ပုဒ်မ ၇၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၃ လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၅ သောင်းမှ ကျပ် ၃ သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အခန်း (၁၇)**

**အထွေထွေ**

၈၃။ ကုလသမဂ္ဂ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် စောင့်ကြည့်ပြီး ကြီးကြပ်နိုင်ရေးတို့အတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်ရန်အလို့ငှာ -

(က) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ဆက်သွယ်ခြင်းအတွက် ဗဟိုဌာနအဖြစ် ဆောင်ရွက်ရမည်၊

(ခ) ပြည်ထောင်စုအစိုးရသည် လိုအပ်ပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအပြင်၊ သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများကို ဆက်သွယ်ခြင်းအတွက် ဗဟိုဌာနများအဖြစ် ဆောင်ရွက်ရန် တာဝန်ပေးနိုင်သည်။

၈၄။ အမျိုးသားကော်မတီသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးအတွက် အထိမ်းအမှတ်အဖြစ် မသန်စွမ်းသူများနေ့နှင့် မသန်စွမ်းသူများ သီတင်းပတ်တို့ကို သတ်မှတ်နိုင်သည်။

၈၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အမျိုးသားကော်မတီ အဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် ဤဥပဒေအရ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းခံရသည့် အဖွဲ့ဝင် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေချိန်တွင် ထိုသူကို ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၈၆။ ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို သဘောရိုးဖြင့်ဆောင်ရွက်သည့် နိုင်ငံ့ဝန်ထမ်း မဟုတ်သော အမျိုးသားကော်မတီ အဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် ဤဥပဒေအရ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းခံရသည့် အဖွဲ့ဝင်သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအပေါ် တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း အရေးယူခြင်းမပြုရ။

၈၇။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးပိုင်သည့် ပြစ်မှုများဖြစ်သည်ဟု မှတ်ယူရမည်။

၈၈။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤဥပဒေအရ ပေးဆောင်ရမည့် မှတ်ပုံတင်ခ၊ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခ၊ ခွင့်ပြုမိန့်ထုတ်ပေးခ၊ ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ခနှင့်အခြားလိုအပ်သော ဝန်ဆောင်ခများကိုလည်းကောင်း၊ မှတ်ပုံတင်သက်တမ်းနှင့် ခွင့်ပြုမိန့်သက်တမ်းတို့ကိုလည်းကောင်း သတ်မှတ်ထားရမည်။

၈၉။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် မသန်စွမ်းသူကို မသန်စွမ်းမှုအမျိုးအစားနှင့် အဆင့်အလိုက် ရန်ပုံငွေမှ သင့်လျော်သောအထောက်အပံ့ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စီစဉ်ဆောင်ရွက်ပေးနိုင်သည်။

၉၀။ ရန်ပုံငွေသို့ လှူဒါန်းထောက်ပံ့သော ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းတို့သည် တည်ဆဲဝင်ငွေခွန် ဥပဒေအရ ဝင်ငွေခွန်ကို သတ်မှတ်ချက်များနှင့်အညီ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ရှိသည်။

၉၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများနှင့် စည်းမျဉ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) အမျိုးသားကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့သည် လိုအပ်သောအမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၉၂။ မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့်စပ်လျဉ်း၍ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပြဋ္ဌာန်းချက်များနှင့်အညီသာလျှင် လိုက်နာဆောင်ရွက်ရမည်။

၉၃။ ၁၉၅၈ ခုနှစ်၊ မသန်မစွမ်းဖြစ်လာသူများ အလုပ်ရရှိရေး အက်ဥပဒေ (အမှတ် ၃၃/ ၅၈)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---


**အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**


## မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

မောင်ကျော်ဇေယျနှင့် မနန်းမိုဟွမ်တို့၏ ၁၄-၁၂-၂၀၁၄ရက်တွင် Inyalake Hotel တွင်ကျင်းပပြုလုပ်ခဲ့သည့် မင်္ဂလာညည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းချီးမြှင့်ပေးပါသော ဦးအောင်ခင်(ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး)နှင့်ဇနီး ဒေါ်မြင့်မြင့်သန်းတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော သုဓမ္မမဏိဇောတဓရ-ဦးဇေယျာသူရမွန်(RGK+Z & A Group, Chairman/C.E.O)နှင့်ဇနီး ဒေါ်ခိုင်ခိုင်မြင့် (Group C.F.O)တို့အားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်း ဇနီး ဒေါ်မြတ်မြတ်မိုးတို့အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ဦးတင်လှိုင် ပြည်ထဲရေးဝန်ကြီး(ငြိမ်း)အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးတေးသီချင်း သီဆိုချီးမြှင့်ပေးပါသော ဒေါ်ရီရီသန့်၊ Cupid တေးဂီတအဖွဲ့နှင့် တေးသံရှင်များ မင်္ဂလာပန်းကိုင်-မအေးပြည့်ပြည့်ဇော်၊ မင်္ဂလာပန်းကြဲ-မဆုမြတ်နိုး၊ မင်္ဂလာပန်းဖန်းကိုင်-မအိအိသွယ်၊ မင်္ဂလာလက်စွပ်ကလပ်ကိုင် ဒေါက်တာဆုမြတ်သွယ်၊ မင်္ဂလာသတို့သားအရံ မောင်မျိုးသူရနှင့် မောင်ငြိမ်းချမ်းဇော်၊ မင်္ဂလာသတို့သမီးအရံ မခင်ယမုံဇော်နှင့် မသဥ္ဇလီထွဋ်ထွဋ်၊ မိတ်ကပ်နှင့်ဆံပင်အလှ ညို(ပုဏ္ဏမိသဲသဲ)၊ မင်္ဂလာဝတ်စုံနှင့် လက်ဝတ်ရတနာ Yes I Do မင်္ဂလာပွဲအောင်မြင်စွာကျင်းပနိုင်ရန် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော ဆွေမျိုးမိတ်ဆွေ၊ သူငယ်ချင်းများနှင့် Inyalake Hotel မှ ဝန်ထမ်းများအား လှိုက်လှဲစွာကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ကျော်ဇေယျ-မနန်းမိုဟွမ်**

## လူပျောက်ကြော်ငြာ



ဖြူးမြို့နယ်၊ ကညွတ်ကွင်းအရှေ့ ရွာမကြီးကျေးရွာနေ ဦးဖိုးဗျိုင်း-ဒေါ်ဝါးဝါးတို့၏သား အထက်ပါ ဓာတ်ပုံရှင် မောင်ကျော်သိန်းနိုင် စိတ်ဝေဒနာရှင်သည် ၂၆-၁၂-၂၀၁၄ ရက်တွင် ရွာသာကြီး စိတ်ကျန်းမာရေးဆေးရုံမှ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဦးမောင်ဒူး ဖုန်း-၀၉-၂၅၀၇၀၅၄၄၈**
**ဦးသောဘိ ဖုန်း-၀၉-၂၅၀၂၁၅၈၀၆**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၇ယ/၄၉၀၃၀ ဒရင်း ၁၂၅ ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်မိုးဦး ၁၃/ရစန(နိုင်)၀၉၅၃၁၈၈(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၃ယ/၅၀၉၁၉ အမည်ပေါက်သူ ဦးဝေယံဖြိုးအောင် ၈/မကန(နိုင်)၁၇၃၀၇၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၈၁၆၅၃ Zong Shen 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဟာဖေဆာမက် ၉/အရတ(နိုင်)၁၀၂၁၄၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြေညာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်ညီညီမင်း ၁၃/တကန(နိုင်)၀၀၃၄၄၂ သည် မိခင်အား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သောကိစ္စများကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

**မိခင်ဒေါ်ညွန့်မေ**
**၁၃/တကန(နိုင်)၀၆၆၁၉၄**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်အမှတ် ၂၄ယ/၄၇၃၉၁ Spese 110 M/C လက်ဝယ်ရှိသူ ဒေါ်ဖြူဖြူဝင်း ၈/မမန(နိုင်) ၁၉၂၁၀၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ျ/၄၅၃၀ Hino Tcu Truck (4x2)R လက်ဝယ်ရှိသူ ဦးဆန်းလင်းအောင် ၈/ပခက(နိုင်)၀၀၀၃၃၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## တစ်ဦးတည်းဖြစ်ကြောင်း

လှိုင်သာယာမြို့နယ်၊ သီတဂူလမ်း၊ အိမ်အမှတ် ၄၁၅/ခ၊ ဆရာစံလမ်း၊ (၁၈) ရပ်ကွက်နေ ဦးရဲထွန်းဦး(ခ)ဦးစန်းမောင် HZA-၂၄၁၄၆၃ နှင့် သမီး မတင်သန္တာအောင်(ခ)မဇာခြည်ဝင်း HTYA-၀၀၄၃၁၂ တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးရဲထွန်းဦး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၁၀၆၄ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဆောင် ၉/မခန(နိုင်)၁၁၀၃၄၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြေညာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံမြို့)**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၁၂-၂၀၁၄ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၁၅)ပါ အများသိစေရန် အသိပေးကြေညာခြင်းမှ ဦးဝင်းချို (ဘ) ဦးအုံ ၁၂/ကမတ(နိုင်)၀၂၆၆၇၁ အစား ဦးခင်ချို (ဘ) ဦးအုံ ၁၂/ကမတ(နိုင်)၀၂၆၆၇၁ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ပြည်တွင်းသတင်းနှင့် ကြော်ငြာ**

# ရန်ကုန်စက်မှုတက္ကသိုလ်/နည်းပညာတက္ကသိုလ် ရွှေရတုကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃၁**

ရန်ကုန်စက်မှုတက္ကသိုလ်/ နည်းပညာတက္ကသိုလ် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ရွှေရတုလမ်းနှင့် စွယ်တော်ပင်တန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်းနှင့် မြန်မာနိုင်ငံ တက္ကသိုလ်အင်ဂျင်နီယာပညာရေးနှစ်(၉၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် မွန်းတည့် ၁၂ နာရီက အင်းစိန်မြို့နယ် ကြို့ကုန်းရှိ ရန်ကုန်နည်းပညာတက္ကသိုလ်ကျောင်းဝင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေရတုအထိမ်းအမှတ် "ရွှေရတုလမ်းနှင့် စွယ်တော်ပင်တန်း" ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး၊ ရန်ကုန်နည်းပညာတက္ကသိုလ်မှ အင်ဂျင်နီယာနှင့် ဗိသုကာဘွဲ့ရရှိသွားသော ပြည် ထောင်စုဝန်ကြီး ဦးအေးမြင့်နှင့် ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အဆင့်မြင့် နည်းပညာတက္ကသိုလ်များမှ ဦးစီးကော်မတီဥက္ကဋ္ဌ၊ ပါမောက္ခချုပ်၊ ပါမောက္ခများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူဟောင်းများနှင့် မျိုးဆက်သစ်ကျောင်းသားကျောင်းသူများစုပေါင်း၍ အဆိုပါလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ရန်ကုန်စက်မှုတက္ကသိုလ်/ နည်းပညာတက္ကသိုလ် နှစ်(၅၀)ပြည့် ရွှေရတုနှင့် မြန်မာနိုင်ငံတက္ကသိုလ်အင်ဂျင်နီယာ ပညာရေးနှစ်(၉၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို ကျောင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးနှင့် ဦးအေးမြင့်တို့က အမှတ်တရ ဂုဏ်ပြုစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ အဆင့်မြင့်နည်းပညာတက္ကသိုလ်များ ဦးစီးကော်မတီဥက္ကဋ္ဌ ဦးညီလှငယ်တို့က အင်ဂျင်နီယာ ပညာရေးသမိုင်းနှင့်တက္ကသိုလ်၏ လက်ရှိအခြေအနေ အကျဉ်းကို ပရိဂျက်တာဖြင့် ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ အငြိမ်းစားဆရာကြီးများက အမှတ်တရစကားများ ပြောကြားပြီး အင်ဂျင်နီယာ၊ ဗိသုကာ ကျောင်းသားဟောင်း အနုပညာရှင်အချို့က အမှတ်တရစကားပြန်လည်ပြောကြားကာ ဧည့်ပရိသတ်များအား စွယ်တော်ရိပ် အနုပညာရှင်များက အနုပညာလက်ရာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

**အေးကို(သတင်းစဉ်)**

# လှိုင်မြို့နယ် သီရိမင်္ဂလာဈေး၌ အုပ်စုဖွဲ့၍ အနိုင်ကျင့်ပိုလ်ကျမိုက်ကြေးခွဲရာတွင် ပါဝင်သူအား ဓားလက်နက်များနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရှာဖွေဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် ဒီဇင်ဘာ ၃၁**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ နယ်မြေအတွင်းရှိ ခရိုင်များအတွင်း မှုခင်းကျဆင်းရေး၊ ဒုစရိုက်မှုများ ဖော်ထုတ်ဖမ်းဆီးရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို စီမံချက်များချမှတ်၍ ဆောင်ရွက်လျက်ရှိသည့်အပြင် အုပ်စုဖွဲ့၍ အနိုင်ကျင့်ပိုလ်ကျမိုက်ကြေးခွဲသည့် လူဆိုးလူမိုက်များကိုလည်း ဖော်ထုတ်ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် သီရိမင်္ဂလာဈေး၌ အုပ်စုဖွဲ့၍အနိုင်ကျင့်ပိုလ်ကျမိုက်ကြေးခွဲရာတွင်ပါဝင်သူ စနေ(ခ) မောင်ထွန်း(၃၄ နှစ်) တွံတေးမြို့နယ်နေသူမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိပြီး ၎င်းသည် ယခင်က ကြည့်မြင်တိုင်မြို့မရဲစခန်း၊ တွံတေးမြို့မရဲစခန်းနှင့် ပိတောက်ချောင်းနယ်မြေရဲစခန်းတို့၌ ပြစ်မှုများ ကျူးလွန်ခဲ့သဖြင့် အရေးယူခံရကာ စုစုပေါင်းထောင်ဒဏ်နှစ်နှစ် ကျခံဖူးသူဖြစ်ကြောင်းနှင့် တွံတေးမြို့မရဲစခန်းမှ ပြစ်မှုများဖြင့် ထွက်ပြေးတိမ်းရှောင်နေသော တရားခံပြေးတစ်ဦးလည်းဖြစ်ကြောင်း သိရှိရသဖြင့် ဖမ်းဆီးရမိရေးအတွက် စုံစမ်းဖော်ထုတ်ဆောင်ရွက်ခဲ့သည်။

ထွက်ပြေးတိမ်းရှောင်နေသူ စနေ(ခ)မောင်ထွန်းအား ဖမ်းဆီးရမိရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အကူတပ်ဖွဲ့ခွဲ၊ အုပ်ချုပ်မှုတပ်ခွဲ၊ မှုခင်းအကူဌာနမှတပ်ဖွဲ့ဝင်များက စုံစမ်းဆောင်ရွက်ခဲ့ရာ ၎င်းသည် လှည်းကူးမြို့နယ် ကျောက်အိုင်ကျေးရွာတွင် ရောက်ရှိနေကြောင်း သတင်းအတည်ပြုရရှိသဖြင့် ဒီဇင်ဘာ ၂၅ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့ရာ ၎င်းအား နေအိမ်တွင် ဖမ်းဆီးရမိခဲ့သည်။

၎င်းအားဖမ်းဆီးရမိစဉ် အိပ်ခန်းအတွင်း ခေါင်းအုံးအောက်၌ဝှက်သိမ်းထားသော ဓားဦးချွန်နှစ်ချောင်း၊ အခန်းအဝင်ဝမှ ဓားကောက်အရှည်တစ်ချောင်း၊ ရဲဒင်းတစ်လက်၊ လေးခွတစ်လက်နှင့် သံကုံးသီးရှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည့်အပြင် နေအိမ်ရှေ့မှ ဆူဇူကီးအမျိုးအစား လိုင်စင်မဲ့ဆိုင်ကယ်တစ်စီးကိုလည်း သိမ်းဆည်းရမိခဲ့သည်။



ထိုသို့ ဖမ်းဆီးရမိသဖြင့် စနေ(ခ) မောင်ထွန်းအား လှည်းကူးမြို့မရဲစခန်းက လက်နက်များအက်ဥပဒေပုဒ်မ၊ ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မတို့ဖြင့် အမှုများရေးဖွင့်ကာ အရေးယူဆောင်ရွက်ခဲ့သည့်အပြင် ယခင် တရားခံပြေးအမှုများဖြင့်လည်း ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ပညာရေးဌာနသို့ ကျောင်းဆောင်သစ်လွှဲပြောင်း

**နောင်တရား ဒီဇင်ဘာ ၃၁**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားမြို့ မီးလောင်ကုန်း မူလွန်ကျောင်းတွင် ဂျပန်နိပွန်ဖောင်ဒေးရှင်းနှင့် စေတနာအဖွဲ့မှ ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခင်မောင်ချို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းစိုး၊ မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်မာနှင့် ဂျပန်နိပွန်ဖောင်ဒေးရှင်း စီမံကိန်းဒါရိုက်တာ ဒေါ်အေးအေးသန်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး အဆိုပါကျောင်းဆောင်သစ်ရှေ့တွင် အမှတ်တရသစ်ပင်များ စိုက်ပျိုးကြသည်။

ဆက်လက်၍ ဂျပန်နိပွန်ဖောင်ဒေးရှင်းစီမံကိန်းဒါရိုက်တာမှ ကျောင်းဆောင်သစ်နှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

**(မြို့နယ်ပြန်/ဆက်)**

## တံတားဆောက်လုပ်မှုလုပ်ငန်း စစ်ဆေး

**သံတွဲ ဒီဇင်ဘာ ၃၁**

ရခိုင်ပြည်နယ် သံတွဲခရိုင် သံတွဲမြို့နယ်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရန်ပုံငွေကျပ် ၉၀ ဒသမ ၀၀၀ သန်းဖြင့် တလင်းဆိပ်-ဂူကြီးခုံ(၉၀×၁၄×၂၅)ပေ ကွန်ကရစ်တံတားဆောက်လုပ်နေမှုကို ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၂၂ ရက်က ကြည့်ရှုစစ်ဆေးခဲ့သည်။

တံတားဆောက်လုပ်နေမှုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှကြည်၊ မြို့နယ်ဦးစီးမှူး ဦးတင်မောင်ဌေးတို့က အရည်အသွေးအဆင့်အတန်းပြည့်မီရေးနှင့် ကွန်ကရစ်ပိုင်းသွန်းလောင်းမှုအခြေအနေများ အချိန်မီပြီးစီးဆောင်ရွက်နိုင်ရေးစစ်ဆေးသည်။

အဆိုပါ တံတားဆောက်လုပ်ပြီးစီးပါက သံတွဲမြို့နယ် ကျေးရွာများမှ ကျေးလက်နေပြည်သူများအနေဖြင့် သံတွဲမြို့သို့ အလွယ်တကူနေ့ ညသွားရောက်နိုင်မည်ဖြစ်ရာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(၁၅၇)**

## ကညင်ဆည်ရေမြောင်းဖောက်လုပ်ရာတွင် အသုံးပြုခံရသော တောင်သူများ လျော်ကြေးပေး

**အင်္ဂပူ ဒီဇင်ဘာ ၃၁**

အင်္ဂပူမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီက ကညင်ဆည်ရေပေးမြောင်းဖောက်လုပ်ရာတွင် လယ်မြေအသုံးပြုခံရသော လယ်ယာမြေများအတွက် တောင်သူများ မြေယာလျော်ကြေးငွေပေးအပ်ပွဲ အခမ်းအနားကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမ်းမိုးဟန်က အမှာစကားပြောကြားပြီး ကညင်ဆည်လက်ဝဲ/လက်ယာရေပေးမြောင်း လက်ထောက်အင်ဂျင်နီယာ ဦးတင်စိုးက လယ်သမားများ ထိခိုက်နစ်နာမှုမရှိစေရေးအတွက် စီစဉ်ဆောင်ရွက်မည့်အစီအစဉ်များကို ပြောကြားခဲ့သည်။ ထို့နောက် မဲဇလီကုန်းဒေသအတွင်းရှိ အုပ်စုလေးအုပ်စုမှ လယ်သမားများအား လယ်ယာမြေလျော်ကြေးများကို လက်ထောက်အင်ဂျင်နီယာဦးတင်စိုးက တစ်ဦးချင်းပေးအပ်ခဲ့သည်။

**မန်းကျော်**

### အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း

### အကြောင်းကြားစာ

**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌**
**၂၀၁၄ ခုနှစ် တရားမအထွေထွေမှုအမှတ်-၂၇၄**
**ကွယ်လွန်သူ ဦးစိန်မင်း၏ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။**

ဒေါ်မြလေး လျှောက်သူ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဝဏ္ဏသီဂီလမ်း၊ အမှတ် ၅၂၄ (၃လွှာ)၊ ခြေရင်းခန်းနေ ဒေါ်မြလေးက ကွယ်လွန်သူ ဦးစိန်မင်း၏ ဇနီးဖြစ်သည်ဟူ၍ ၎င်းကွယ်လွန်သူ ဦးစိန်မင်းမှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးစိန်မင်းမှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၆ရက် ၁၀း၀၀နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်မြလေး၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် ဒီဇင်ဘာ ၂၉ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နှင်းသီတာ)**
**ခရိုင်တရားသူကြီး**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

**ပျောက်ဆုံးကြောင်း**

ကျွန်မ မမော်လွင် ၁၀/မဒန(နိုင်)၁၁၂၁၃၉ ၏ Psno (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၅၇၀၀၂၉၃**

### (ဆဌမ)အကြိမ်မြောက် အထက(၃) တာမွေ အာစရိယပူဇော်ပွဲ

၁၉၈၅ခုနှစ်မှ ၁၉၉၅ခုနှစ်အထိ ပညာဆည်းပူးခဲ့ကြသော ကျောင်းသား/သူဟောင်းများ၏ အာစရိယပူဇော်ပွဲအခမ်းအနားကို ၈-၂-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၉း၀၀နာရီ၌ အထက(၃) တာမွေ အားမာန်ခန်းမတွင် ကျင်းပမည်ဖြစ်ပါ၍ အောက်ပါ သူငယ်ချင်းများထံတွင် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | |
|---|---|
| ကိုမောင်မောင်စိုး(၈၅-၈၆) | ဖုန်း-၀၉-၅၀၂၃၁၄၀ |
| ကိုဆန်းဝင်းမောင်(၉၀-၉၁) | ဖုန်း-၀၉-၂၅၄၅၀၉၁၈၁ |
| ကိုအောင်ခိုင်စိုး(၉၁-၉၂) | ဖုန်း-၀၉-၉၇၂၃၆၉၄၁၂ |
| ကိုအေးမင်းအောင်(၉၁-၉၂) | ဖုန်း-၀၉-၅၁၇၁၈၃၃ |
| ကိုငြိမ်းချမ်းဦး(၉၂-၉၃) | ဖုန်း-၀၉-၅၀၈၃၄၆၈ |
| ကိုမင်းဇေယျာစိုး(၉၂-၉၃) | ဖုန်း-၀၉-၄၉၂၈၃၉၁၇ |
| ကိုလမင်း(၉၄-၉၅) | ဖုန်း-၀၉-၂၀၃၇၄၀၂ |
| မနီလာသိန်း(၈၆-၈၇) | ဖုန်း-၀၉-၄၂၁၀၀၆၈၆၀ |
| မလဲ့လဲ့အေး(၈၆-၈၇) | ဖုန်း-၀၉-၅၅၀၀၉၁၄ |
| မခင်ခင်ညီမ်း(၉၀-၉၁) | ဖုန်း-၀၉-၂၅၀၆၇၈၀၅၆ |
| မလင်းလင်းထိုက်(၉၁-၉၂) | ဖုန်း-၀၉-၅၁၇၅၀၄၄ |
| မနှင်းသူအောင်(၉၃-၉၄) | ဖုန်း-၀၉-၄၃၁၇၆၁၃၃ |
| မဇင်မာအေး(၉၃-၉၄) | ဖုန်း-၀၉-၄၀၀၃၆၂(ထ-၃) |
| မနီနီလင်း(၉၄-၉၅) | ဖုန်း-၀၉-၅၁၃၂၆၅၂ |

### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ် ဦးစံကြည် ၇/ကဝန(နိုင်)၀၅၂၄၇၀၊ (ဒေါ်ကြည်ကြည်ဌေး) ၇/ကဝန(နိုင်)၀၅၂၄၂၀ တို့၏သမီး မသက်သက်ဝေ ၇/ကဝန(နိုင်)၁၁၂၄၃၉ သည် မိဘဆွေမျိုးများ၏ ဆိုဆုံးမစကားကို လုံးဝမနာခံဘဲ သူမ၏သဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်လိုက်သည်။ သူမနှင့်ပတ်သက်သော ကိစ္စမှန်သမျှ (လုံးဝ)တာဝန်မယူပါ။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဦးစံကြည် ၇/ကဝန(နိုင်)၀၅၂၄၇၀**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်း-၂၀)**
**မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၌**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂၉**

ဒေါ်ဌေးဌေး **နှင့်** ၁။ မောင်ပါတူ၊ ၂။ ဦးမြင့်ဆွေ
၃။ ဒေါ်သန္တာလွင်၊ ၄။ ဒေါ်ကြည်ကြည်လွင်

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၂၇လမ်း၊ အမှတ်(၇)နေ (၁) မောင်ပါတူ၊ အမှတ်(၉၉)၊ ၁၂၃လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (၂) ဦးမြင့်ဆွေ၊ အမှတ်(၂၆)၊ ၁၁၈လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (၃) ဒေါ်သန္တာလွင်၊ (၄) ဒေါ်ကြည်ကြည်လွင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "သီးခြားသက်သာခွင့် ဥပဒေပုဒ်မ-၁၂ အရ မြေသက်သက်အရောင်းအဝယ်စာချုပ်အား ပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု" နှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဇန်နဝါရီ ၂၃ရက် (၁၃၇၆ခုနှစ် တပို့တွဲလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ထို့ပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဒီဇင်ဘာ ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီတာစိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး**

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၅-၁၀-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာမှ စဉ် ၄ ဒဂုံမြောက်မြို့နယ် မြေအမည်ပေါက် ဒေါ်တင်သန္တာထွေးအစား ဒေါ်တင်သန္တာအေးဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဝက်သက်ဂျိုက်သိုးအစုလိုက် ကာကွယ်ဆေးထိုးနှံရေး နှိုးဆော်ချက်

- ✻ ဝက်သက်ရောဂါသည် အလွန်ကူးစက်မြန်သော ရောဂါတစ်မျိုးဖြစ်သည်။ ကာကွယ်ဆေးမထိုးဖူးသော၊ ထိုးဖူးသော်လည်း ခုခံအားမဖြစ်ပေါ်သော မည်သူမဆို ရောဂါကူးစက် ခံရနိုင်ပါသည်။ ဝက်သက်ရောဂါကာကွယ်ဆေး မထိုးထားသော ကလေးငယ်များသည် ဝက်သက်ရောဂါနှင့် နောက်ဆက်တွဲ ဖြစ်သော အဆုတ်ရောင်ခြင်း၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောခြင်း၊ မျက်စိကွယ်ခြင်းနှင့် ဦးနှောက်ရောင်ခြင်းများ ဖြစ်ပွားကာအသက်ဆုံးရှုံးနိုင်ပါသည်။
- ✻ ဂျိုက်သိုးရောဂါသည် ကိုယ်ဝန်ဆောင်လနုစဉ်တွင် ရောဂါကူးစက်ဝင်ရောက်ပါက မိခင်ရော ကလေးပါ ဆိုးရွားပြင်းထန်သော အန္တရာယ်ဖြစ်စေပါသည်။ ကိုယ်ဝန်ဆောင်ချိန်တွင် ရောဂါကူးစက်ခံရပါက ကိုယ်ဝန်ပျက်ခြင်း၊ ကလေးသေဆုံးခြင်း၊ မွေးရာပါ ဂျိုက်သိုးရောဂါလက္ခဏာများဖြစ်သော မွေးရာပါ နှလုံးရောဂါ၊ မျက်စိအတွင်းတိမ်ရောဂါ၊ နားမကြားရောဂါ စသည့်နောက်ဆက်တွဲ ဆိုးကျိုးများ ဖြစ်လာနိုင်ပါသည်။
- ✻ ၂၀၁၅ ခုနှစ်တွင် ဝက်သက်ရောဂါကပ်အသွင်ဖြစ်ပွားမှုကို ကြိုတင်တားဆီးရန်အတွက်နှင့် အာရှဒေသအတွင်း ဝက်သက်ရောဂါကင်းစင်စေရန်နှင့် ဂျိုက်သိုးရောဂါ ထိန်းချုပ်မှုဆောင်ရွက်နိုင်ရန် ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် အစီအစဉ်နှစ်ခုဖြင့် ဆောင်ရွက်မည်ဖြစ်သည်။
- ✻ ပထမအစီအစဉ်ကို ဇန်နဝါရီလအတွင်း အသက်ငါးနှစ်မှ ၁၅ နှစ်အရွယ်ရှိ အစိုးရကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ ကျောင်းသား ကျောင်းသူများကို ကာကွယ်ဆေးထိုးပေးမည် ဖြစ်သည်။
- ✻ ဒုတိယအစီအစဉ်ကို ဖေဖော်ဝါရီလအတွင်း အသက် ကိုးလမှ ငါးနှစ်အတွင်း ကလေးငယ်များ၊ အသက်ငါးနှစ်မှ ၁၅ နှစ်အတွင်း ကျောင်းမနေသော ကလေးများနှင့် ကျောင်းအခြေပြုကာကွယ်ဆေးထိုးအစီအစဉ်တွင် ကာကွယ်ဆေးမထိုးလိုက်ရဘဲ ကျန်ခဲ့သော ကလေးများအားလုံးကို အစုလိုက်ကာကွယ်ဆေးထိုးပေးမည် ဖြစ်ပါသည်။
- ✻ အဆိုပါ ကာကွယ်ဆေး အစုလိုက်ထိုးနှံပြီးပါက ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်၌ အသက်ကိုးလအရွယ်တွင် ဝက်သက်ကာကွယ်ဆေးထိုးနှံပေးသည့်အစား ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး နှစ်မျိုးတွဲဆေးကို ပြောင်းလဲထိုးနှံပေးပါမည်။
- ✻ ယခင်က ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး ထိုးဖူးသည်ဖြစ်စေ၊ မထိုးဖူးသည်ဖြစ်စေ အသက်ကိုးလမှ ၁၅ နှစ်ကလေးများအားလုံးတွင် ကာကွယ်ဆေးထိုးပေးရန် လိုအပ်ပါသည်။
- ✻ မိဘပြည်သူများအနေဖြင့် မိမိ၏ရင်သွေး ကလေးငယ်များအားသတ်မှတ်ဆေးထိုးစုရပ်များတွင် ဆေးထိုးခံယူခြင်းဖြင့် ကလေးငယ်များကို ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါဘေးမှ ကာကွယ်ကြပါရန် ကျန်းမာရေးဝန်ကြီးဌာနမှ တိုက်တွန်းအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**နိုင်ငံကြီးသားပီသစွာ**
**အခွန်ဆောင်တာ ပြည့်အကျိုးပါ**

## ရေစကြိုမြို့နယ် မဟာဓမ္မကလျာဏီသာသနာ့ဗိမာန်တော်ကြီး ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်း

**ရေစကြို ဒီဇင်ဘာ ၃၁**



ရေစကြိုမြို့၏ ကျက်သရေ ဂုဏ်ဆောင် မဟာဓမ္မကလျာဏီ သာသနာ့ ဗိမာန်တော်ကြီးကို ရေစကြိုမြို့နယ်သူ မြို့နယ်သားများ၊ ရဟန်းရှင်လူ ဒါယကာ၊ ဒါယိကာမများ၏ ကောင်းမှုကုသိုလ်တော်ဖြင့် ငွေကျပ်သိန်းပေါင်း ၄၂၈၈ ဒသမ ၃၆၅၆၀ ကုန်ကျခဲ့ပြီး တည်ဆောက်ခဲ့သည်။

ထို့ကြောင့် ရေစကြိုမြို့ သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော် ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသနှင့်တကွ သာသနာရေးဝန်ကြီး(ငြိမ်း) သူရ ဦးမြင့်မောင်တို့၏ မှာကြားချက်နှင့်အညီ ရေစကြိုမြို့ မဟာဓမ္မကလျာဏီသာသနာ့ဗိမာန်တော်ကြီးကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် တိပိဋကဆရာတော်ကြီးများ ရှေ့တော်မှောက်တွင် အဖွဲ့သစ် ဖွဲ့စည်းခြင်းကို ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲ ၂ နာရီက မဟာဓမ္မကလျာဏီ သာသနာ့ဗိမာန်တော်ကြီးအတွင်း၌ ကျင်းပကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

## ဘဝအားမာန်စာကြည့်တိုက်ဖွင့်

**ဒေးဒရဲ ဒီဇင်ဘာ ၃၁**

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဒေးဒရဲမြို့နယ် သဲကုန်းကလေးကျေးရွာအုပ်စု မှော်အိုင်ကျေးရွာ ဘဝအားမာန် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၁၁ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ စာကြည့်တိုက်အဆောက်အအုံသည် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ မတည်ငွေကျပ် ၁၆၅၀၀၀၀၊ မှော်အိုင်ကျေးရွာကျောင်းထိုင်ဆရာတော် ဦးနန္ဒာသီရိနှင့် အလှူရှင်တို့က လှူဒါန်းငွေကျပ် ၃၀၅၀၀၀၀ စုစု ပေါင်း ငွေကျပ် ၄၇ သိန်းတို့ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အလျား ၂၄ ပေ၊ အနံ ၁၈ ဒသမ ၅ ပေ၊ အမြင့် ၁၅ ပေရှိ အာစီသမံတလင်းခင်း၊ သွပ်မိုးအဆောက်အအုံ ဖြစ်ကြောင်း သိရသည်။ **(မြန်/ဆက်)**

## မြို့နယ်ကျန်းမာရေးအဖွဲ့ စလင်းတွင် ဖွဲ့စည်း

**စလင်း ဒီဇင်ဘာ ၃၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် မြို့နယ်ကျန်းမာရေး ဖွံ့ဖြိုးမှုအစီအစဉ်ဖြင့်ရရှိသော နွမ်းပါးမိခင်ကလေး ညွှန်းပို့ကုသရန်ပုံငွေ "Hospital Equity funds" ကို မြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် စာရင်းဖွင့်ထားရှိ၍ စီမံခန့်ခွဲ ကြီးကြပ်ရန်အတွက် ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့အား ပြည်သူကိုဗဟိုပြု ဖွဲ့စည်းတာဝန်ပေးခဲ့သည်။

အဆိုပါအဖွဲ့တွင် အဖွဲ့ဝင် ငါးဦးပါရှိပြီး မြို့မိမြို့ဖ နှစ်ဦး၊ ဆေးရုံဝန်ထမ်းနှစ်ဦးနှင့် မြို့နယ် စာရင်းစစ်အငြိမ်းစားတစ်ဦး ပါရှိသည်။ ၄င်းအဖွဲ့သည် နွမ်းပါးမိခင်နှင့် ကလေးများအား မြန်မာ့စီးပွားရေးဘဏ်တွင် စာရင်းဖွင့်ထားသော ရန်ပုံငွေမှ ဘဏ္ဍာရေးစည်းမျဉ်း ညွှန်ကြားချက်များနှင့်အညီ သုံးစွဲထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## ရမ်းဗြဲမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးစရိတ် ချေးငွေများထုတ်ချေး

**ရမ်းဗြဲ ဒီဇင်ဘာ ၃၁**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများကို ၂၀၁၄ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို ဒီဇင်ဘာ စတုတ္ထပတ်မှ စတင်၍ နေ့စဉ်ကျေးရွာအုပ်စုများသို့ ထုတ်ချေးပေးလျက်ရှိသည်။

ယခုနှစ်ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေများမှာ ခွင့်ပြုချက်ရရှိသောအချိန် နောက်ကျခြင်းကြောင့် ချေးငွေထုတ်ချေးရာတွင် နောက်ကျရခြင်းဖြစ်ပါကြောင်း၊ တောင်သူများအနေဖြင့်လည်း နိုင်ငံတော်မှ နွေ၊ မိုး၊ ဆောင်းဆိုသလို တောင်သူများစိုက်ပျိုးနိုင်သော သီးနှံများကို အထောက်အကူပြုစေရန် စဉ်ဆက်မပြတ် ထုတ်ချေးပေးနေသကဲ့သို့ တောင်သူများကလည်း မိမိတို့အနေဖြင့် နိုင်ငံတော်မှ ထုတ်ချေးယူထားသော စိုက်ပျိုးစရိတ်ချေးငွေများကို အချိန်မီပြန်လည်ပေးဆပ်ကြရန်၊ သတ်မှတ်ချိန်ထက် နောက်မကျစေရန်နှင့် မိမိတို့ချေးယူထားသော ငွေကြေးများကိုလည်း လုပ်ကိုင်နေသော လုပ်ငန်းများတွင် အလေအလွင့်ဆုံးရှုံးမှုမရှိစေရန် အကျိုးရှိရှိ လုပ်ကိုင်သုံးစွဲကြဖို့ မြို့နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးစိုးမြင့်ဦးက တောင်သူများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(၁၅၇)**

## မြစိမ်းရောင်စီမံကိန်းဆောင်ရွက်

**ကျိုက်မရော ဒီဇင်ဘာ ၃၁**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်နေမှု အခြေအနေများ စစ်ဆေးကြည့်ရှုရန် ကျိုက်မရောမြို့နယ်ဦးစီးမှူး ဦးပြည့်စုံဦးသည် ဦးစောဇော်ဝင်းထွန်း (အငယ်တန်းအင်ဂျင်နီယာ-၂) တို့နှင့်အတူ ဒီဇင်ဘာ ၁၂ ရက်က ကော့ပြည့်ကျေးရွာ မြစိမ်းရောင်စီမံကိန်း ကော်မတီဝင်များနှင့် တွေ့ဆုံခဲ့ပြီး လုပ်ငန်းတိုးတက်မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)မှ ပီပီအိတ်ထုတ်လုပ်ရာတွင် ထွက်ရှိလာသော ပယ်အိတ်၊ ဖြတ်စ/ညပ်စ နှင့် ချည်မျှင်အလေအလွင့်များ လေလံတင်ရောင်းချရန် မျက်မြင်အခြေအနေအတိုင်း ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။

| | | |
|---|---|---|
| ၂။ | **တင်ဒါပုံစံရောင်းချမည့်ရက်** | - ၅-၁-၂၀၁၅ရက်မှ ၁၉-၁-၂၀၁၅ရက်အထိ (ရုံးချိန်အတွင်း) |
| ၃။ | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော် (ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ် ၇(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ |
| ၄။ | **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** | - ၂၀-၁-၂၀၁၅ ရက် (အင်္ဂါနေ့) |
| | **အချိန်နှင့် နေရာ** | - ၁၂း၃၀နာရီ၊ ရုံးအမှတ် ၄၄၊ နေပြည်တော် |
| | **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** | - ၂၀-၁-၂၀၁၅ ရက် ၁၃း၀၀ နာရီ |

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၃၄၉၊ ၀၆၇-၄၁၁၁၂၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ နေပြည်တော်**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၇က/၇၁၃၅ Toyota Hilux Pick Up (4x2) R လက်ဝယ်ရှိသူ ဒေါ်မြမြချို ၁၂/စခန(နိုင်)၀၁၇၄၀၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန**
**ဖလမ်းမြို့၊ အထွေထွေရောဂါကုဆေးရုံကြီး**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ကျန်းမာရေးဦးစီးဌာန၊ ဖလမ်းမြို့၊ အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ကုသခြင်းခံယူနေသော လူနာများအား ကုသပေးရန်လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

| | | |
|---|---|---|
| ၂။ | **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** | - ၂၁-၁၂-၂၀၁၄ ရက် |
| | **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | - ၂၀-၁-၂၀၁၅ ရက်၊ ညနေ ၄ နာရီ |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**အထွေထွေရောဂါကုဆေးရုံကြီး**
**ဖလမ်းမြို့၊ ချင်းပြည်နယ်၊**
**ဖုန်း-၀၇၀-၄၀၀၃၁၊ ၀၇၀-၄၀၀၂၆**

**ဖခင်အမည်မှန်**

အထက(၂) ဒဂုံမြောက် န၀မတန်း(B)မှ မအိသိမ့်သိမ့်သုန်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ညို ဖြစ်ပါသည်။

**စက်မှုဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ (ကျပ်ငွေ)ဖြင့် e-Government ပစ္စည်းများ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | (က) | **အိတ်ဖွင့်တင်ဒါအမှတ်စဉ်၊** | 08-DISI(e-Gov) |
| | (ခ) | **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်/အချိန်** | - ၁-၁-၂၀၁၅ ရက် ၀၉း၃၀နာရီ |
| | (ဂ) | **တင်ဒါပိတ်မည့်ရက်/အချိန်** | - ၃၀-၁-၂၀၁၅ရက် ၁၆း၀၀နာရီ |
| | (ဃ) | **တင်ဒါပေးသွင်းရမည့်နေရာ** | - စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် ၄၁၊ နေပြည်တော် |

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် ၄၁၊ နေပြည်တော်၌ ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ၊ ဖုန်း-၀၆၇-၄၀၈၂၉၁၊ ၄၀၈၃၉၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

ယာဉ်အမှတ် ၂ယ/၅၁၁၅၇၊ ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးတင် ၁၃/ဆဆန(နိုင်)၀၃၂၁၃၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ကယားပြည်နယ်ရုံး(လွိုင်ကော်)**

**ကန့်ကွက်နိုင်ပါကြောင်း**

ယာဉ်အမှတ် ၇ယ/၅၀၄၅၁၊ ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးတင် ၁၃/ဆဆန(နိုင်)၀၃၂၁၃၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ကယားပြည်နယ်ရုံး(လွိုင်ကော်)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး



# ရန်ကုန်မြို့တော်အတွင်း ပန်းခြံများ အဆင့်မြှင့်ပြုပြင်ပြောင်းလဲမည်

**ရန်ကုန် ဒီဇင်ဘာ ၃၁**

ပြည်သူများ လွတ်လပ်ပျော်ရွှင်စွာ အပန်းဖြေ အနားယူနိုင်ရန် ရည်ရွယ်၍ မြို့တော်တစ်ဝန်း ပန်းခြံများကို ထိန်းသိမ်း ဆောင်ရွက်လျက်ရှိရာ လာမည့် ဘဏ္ဍာနှစ် ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း ပန်းခြံ ၂၃ ခုကို အဆင့်မြှင့်တင် မွမ်းမံသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ပြည်သူများ စိတ်လက်ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ဖို့ လာမယ့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းမှာရှိတဲ့ ပန်းခြံပေါင်း ၂၃ ခုကို အဆင့်မြှင့်မွမ်းမံသွားဖို့ရှိပါတယ်"ဟု ပန်းဥယျာဉ်နှင့် အားကစားဌာန ဌာနမှူး ဦးကိုကိုလတ်က ပြောကြားသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ပြည်သူများ အပန်းဖြေအနားယူနိုင်ရေးအတွက် မြို့တော်တစ်ဝန်း ပန်းခြံပေါင်း ၆၃ခု ထိန်းသိမ်းဆောင်ရွက်လျက်ရှိရာ ပြီးခဲ့သည့် ဘဏ္ဍာနှစ်အတွင်း ပန်းခြံပေါင်း ၂၂ ခု မွမ်းမံပြင်ဆင်နိုင်ခဲ့ပြီး လာမည့် ဘဏ္ဍာနှစ် ၂၀၁၅-၂၀၁၆ အတွင်း ပန်းခြံပေါင်း ၂၃ ခုကို အဆင့်မြှင့်တင်မွမ်းမံပြင်ဆင်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ထိုသို့ ပြင်ဆင်နေချိန် ပန်းခြံ ၁၃ ခုကို ပုံမှန်ထိန်းသိမ်းခြင်းဆောင်ရွက်ပြီး မွမ်းမံပြင်ဆင်ရန် ပန်းခြံ ငါးခုကျန်ရှိဦးမည်ဖြစ်သည်။

ရန်ကုန်မြို့တွင် လူဦးရေငါးသန်းကျော် နေထိုင်လျက်ရှိပြီး လူဦးရေထူထပ်ကာ အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်လာခြင်းကြောင့် ပန်းခြံများသည် ပြည်သူများ၏ အဓိကအပန်းဖြေရာ နေရာများဖြစ်လာသည်။ ယခုအခါ လူဝင်လူထွက် များပြားသည့် ပန်းခြံများကို ဦးစားပေးအဖြစ် ပြင်ဆင်မွမ်းမံမှုများ ပြုလုပ်ပေးနေကြောင်း သိရသည်။

ရန်ကုန်မြို့၌ ယခင်က အားကစားကွင်းနှင့် ပန်းခြံများ၌ လူနေအထပ်မြင့် အဆောက်အအုံများ ဆောက်လုပ်ရန် အစီအစဉ်ရှိခဲ့သော်လည်း ယနေ့အချိန်အထိ စွန့်လွှတ်ဖယ်ရှားပေးရသည့် ပန်းခြံတစ်ခုမျှ မရှိသေးကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

**သတင်း-မောင်နွေသစ်၊ ဓာတ်ပုံ-သဏ္ဍ**

# သဘာဝဝါးတောကြီးများ ပြုန်းတီးပျောက်ကွယ်သွားခြင်းမရှိစေရေး ဝါးခုတ်ယူမှုတားမြစ်

**ဂန့်ဂေါ ဒီဇင်ဘာ ၃၁**

ဝါးတောကြီးများ ပြုန်းတီးပျောက်ကွယ်သွားခြင်း မရှိစေရေးအတွက် သစ်တောကြိုးဝိုင်းကွက်အချို့တွင် ဝါးခုတ်ခြင်းနှင့် မျှစ်ချိုးခြင်းမပြုကြရန် တားမြစ်ထားရှိပြီဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

ဝါးခုတ်ခြင်းနှင့် မျှစ်ချိုးခြင်းမပြုရန် တားမြစ်ထားသော နေရာဒေသများမှာ ဂန့်ဂေါမြို့နယ်အတွင်း ဂန့်ဂေါ-ပုလဲမော်တော်ကားလမ်းဘေး ဝဲယာ တစ်လျှောက်ရှိ ပြည့်ဝကျေးရွာ၊ လောင်တောင်ကြိုးဝိုင်း၊ ခေါင်းတုံကျေးရွာ စစ်နီးကြိုးဝိုင်း၊ ညောင်လယ်ကျေးရွာ စစ်နီးကြိုးဝိုင်းတို့ရှိ ဧရိယာ စုစုပေါင်း ၂၅၈၄၈ ဧကကို သတ်မှတ်ထားသည်။ ဂန့်ဂေါမြို့နယ်တွင် ဝါးခုတ်ယူထုတ်လုပ်မှု များပြားနေပြီး စိုက်ပျိုးရေးလုပ်ငန်းများတွင် တိုင်ထောင်ရန်နှင့် အမွှေးတိုင်ပြုလုပ်ရန် ရောင်းချကြခြင်းဖြစ်ကြောင်း၊ ယခင်က ဝါးများခုတ်ယူမှု များပြားခဲ့ပြီး ဝါးများရှားပါးလာပြီဖြစ်သဖြင့် ယခုအခါ သဘာဝဝါးတောကြီးများ ကျန်ရှိသေးသည့် ဂန့်ဂေါမြို့နယ်အတွင်း ထုတ်ယူသယ်ဆောင်နေကြခြင်း ဖြစ်သည်။

ဂန့်ဂေါမြို့နယ်သည် ၆၀၈၈၂၃ ဧက ကျယ်ဝန်းပြီး သစ်တောဖုံးလွှမ်းမှုဧရိယာ ဧက ၃၆၃၀၀၀ ကျော်၊ ရာခိုင်နှုန်းအားဖြင့် ၅၇ ဒသမ ၇၁ ရာခိုင်နှုန်း တည်ရှိနေသေးကြောင်း မြို့နယ်သစ်တောဆိုင်ရာ မှတ်တမ်းများအရ သိရှိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

## သတင်းတိုများ

### ကန်ကြီးထောင့်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးသန်းနှင့် ပုသိမ်ခရိုင်ဦးစီးမှူးတို့က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒီဇင်ဘာလအတွင်းက ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ကွင်းဆင်းစစ်ဆေးရာတွင် ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ကျောက်ချောလမ်းဆောင်ရွက်မည့် ဝက်ထိုး- သာယာကွင်း-ညောင်ကုန်း မြေသားလမ်း ဖောက်လုပ်မှုအခြေအနေ၊ ဝက်ထိုးကျေးရွာ ဆိုလာစနစ်မီးလင်းရေး ဆောင်ရွက်ထားရှိမှု၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် လုပ်ငန်းဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ခင်မောင်ဇော်မြင့်**

### ဝက်သက်နှင့်ဂျိုက်သိုးကာကွယ်ဆေးထိုးနှံမည်

နိုင်ငံတစ်ဝန်းလုံးကျင်းပမည့် ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးအစုလိုက်ဆေးထိုးရေးလုပ်ငန်းအသိပေးပွဲကို ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ရွှေနဒီခန်းမ၌ ဒီဇင်ဘာ ၂၉ ရက်က ကျင်းပရာ မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးထွန်းက အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးမှူး ခုတင်(၂၀၀) ဆေးရုံအုပ်ကြီး ဒေါက်တာစောလွင်ကကာကွယ်ဆေးထိုးခြင်းနှင့် ဂျိုက်သိုးရောဂါအကြောင်းများ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်အတွင်း ဆောင်ရွက်မည့် အခြေအနေများနှင့် အဖွဲ့အစည်းများက ပူးပေါင်းပါဝင်ရေးအတွက် တိုက်တွန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

### ဗန်းမော်မြို့၌ မြေပဲစိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေး

တောင်သူလယ်သမားများ၏ လူမှုဘဝမြင့်မားတိုးတက်စေရေး၊ ဆောင်းမြေပဲ အချိန်မီစိုက်ပျိုးနိုင်ရေး၊ ထွန်ယက်စိုက်ပျိုးစရိတ်များ အဆင်ပြေစေရေးတို့အတွက် တောင်သူလယ်သမားများအား ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိသည်။ ဗန်းမော်မြို့နယ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲသည် ဒီဇင်ဘာ ၂၃ ရက်ကစတင်၍ ငွေများထုတ်ချေးပေးလျက်ရှိရာ ဒီဇင်ဘာ ၂၉ ရက်က ညောင်ပင်သာကျေးရွာမှ တောင်သူ ၇၀၊ ထုတ်ချေးငွေကျပ် သိန်း ၁၄၀၊ ကန်သာကျေးရွာမှ တောင်သူ ၁၃၉ ဦး၊ ထုတ်ချေးငွေကျပ် ၂၆၆ သိန်းနှင့် ပါပေါင်းကျေးရွာမှ တောင်သူ ၄၈ ဦး၊ ထုတ်ချေးငွေကျပ် ၅၅ သိန်း၊ စုစုပေါင်း မြေပဲစိုက်တောင်သူ ၂၅၁ ဦး၊ ငွေကျပ် ၄၆၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဝါဝါ(ဗန်းမော်)**

### တမူး၌ဝက်သက်နှင့်ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံရေးပညာပေး

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် ကျန်းမာရေးဌာနတွင် ဒီဇင်ဘာ ၂၉ ရက်က ဝက်သက်နှင့်ဂျိုက်သိုးရောဂါကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်း အသိပညာပေးရှင်းလင်းပွဲ ကျင်းပခဲ့သည်။ တမူးခရိုင် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်သော်က အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာစောဘိုဇော်ဝင်းက ပြည်သူများ ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။ ဆွေးနွေးပွဲသို့ ခရိုင်နှင့် မြို့နယ်ဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုအဖွဲ့အစည်းများ၊ ကျန်းမာရေးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**


## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ရန်နိုင်ရပ်၊ ဦးပိုင်အမှတ် ၅၆၊ မြေကွက်တည်နေရာ လယ်ဝေးမြို့၊ အမှတ်(၄)ရပ်ကွက်၊ ဦးမောင် (ဘ)ဦးအောင်မင်းအမည်ပေါက် မြေအမျိုးအစား မြေငှားစာချုပ်မြေအား ဦးမောင်နှင့် ဇနီး ဒေါ်ရွှေသွယ် သေဆုံးကြောင်း၊ မြေအမည်ပေါက် ဦးမောင်နှင့်ဇနီး ဒေါ်ရွှေသွယ်တို့မှ ဦးကိုကိုလေး တစ်ဦးတည်းသာ မွေးဖွားပြီး ဦးကိုကိုလေးတွင် ဒေါ်ခင်စန်းနွဲ့နှင့် ဒေါ်စုစုတို့ ဇနီး (၂)ဦးရှိကြောင်း၊ ဇနီးကြီး ဒေါ်ခင်စန်းနွဲ့မှ ဦးမြင့်သိန်းမောင်၊ ဒေါ်တင်တင်တိုး၊ ဒေါ်တင်တင်စိုး၊ သားသမီး(၃)ဦး မွေးဖွားပြီး မိခင် ဒေါ်ခင်စန်းနွဲ့မှာ သေဆုံးကြောင်း၊ ဦးမြင့်သိန်းမောင်မှာ သေဆုံးခဲ့ပြီး ဇနီး ဒေါ်ကြည်ကြည်ဝင်း ကျန်ရှိကြောင်း၊ ဦးကိုကိုလေး၏ဒုတိယဇနီး ဒေါ်စုစုမှာ သားသမီး ထွန်းကားမှုမရှိဘဲ ကျန်ရှိနေကြောင်းနှင့် ဦးမောင်၏သားသမီး၊ မြေးများဖြစ်သူ (၁)ဒေါ်စုစု ၉/လဝန(နိုင)၁၅၁၉၃၆၊ (၂)ဒေါ်တင်တင်တိုး ၉/လဝန(နိုင်)၀၅၂၁၀၄၊ (၃)ဒေါ်တင်တင်စိုး ၉/လဝန(နိုင်)၀၅၂၂၅၀၊ (၄)ဒေါ်ကြည်ကြည်ဝင်း ၉/လဝန(နိုင်)၀၇၉၃၂၁ တို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ သေဆုံးကြောင်းထောက်ခံချက်များနှင့်အတူ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၉/၃-၄-၂၀၁၄ တင်ပြ၍ ဒေါ်စုစု၊ ဒေါ်တင်တင်တိုး၊ ဒေါ်တင်တင်စိုး၊ ဒေါ်ကြည်ကြည်ဝင်းတို့ကိုယ်စား ဦးဝင်းဆွေ ၉/လဝန(နိုင်)၀၁၁၈၀၉ က အမွေဆက်ခံ စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းဦးစီးရုံးတွင် ၁၁ကေဗွီလိုင်း ၁၅၀ ပေနှင့် 11/0.4 KV 160 KVA ထရန်စဖော်မာ ၄၀၀ ဗို့လိုင်း ပေ ၇၀၀ တည်ဆောက်ရန် ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရယူရန်** - ၁-၁-၂၀၁၅ ရက်မှ ၇-၁-၂၀၁၅ ရက်အထိ

(ခ) **တင်ဒါတင်သွင်းရန်** - ၉-၁-၂၀၁၅ ရက်၊ နံနက် ၁၀း၀၀ နာရီ

(ဂ) **တင်ဒါဖွင့်ရက်** - ၁၂-၁-၂၀၁၅ ရက်

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၇၁-၂၄၃၁၀ နှင့် ၀၇၁-၂၃၆၂၃ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက် ဦးအောင်ကျော်စိုး ၉/ပမန(နိုင်)၂၂၇၃၂၇ ပိုင်ဆိုင်သော ခေမာလမ်း၊ မြေကွက်အမှတ်(ပ/၄၅၆၆)၊ (၄၀'×၆၀') မြေကွက်အား ကျွန်မဒေါ်နွဲ့နွဲ့ဝင်း၁၂/ဗဟန(နိုင်)၀၃၉၈၁၄မှ မြေကွက်တန်ဖိုးကို အပြီးအပိုင်ဝယ်ယူပေးချေပြီးဖြစ်ပါ၍ နာမည်ပြောင်းလျှောက်ထားမည့်အပေါ် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်သွားရန်နှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်နွဲ့နွဲ့ဝင်း ၁၂/ဗဟန(နိုင်)၀၃၉၈၁၄**
**ဖုန်း-၀၆၇-၄၃၂၀၁၅၊ ၀၉-၈၃၀၂၂၃၄**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/အနော်မာ၊ မြေကွက်အမှတ် ၅၄၇/က၊ မြေကွက်တည်နေရာအမှတ် ၅၄၇/က၊ အနော်မာ ၁၃လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ် (ဒေါ်စန်းမြင့်) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား သာကေတမြို့နယ်တရားရုံး၌ ဦးကျော်ဝင်း (တရားလို)မှ ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၄၈ဖြင့် ဒေါ်စန်းမြင့်(တရားပြိုင်)အား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီနှင့် ၂၀၁၄ခုနှစ် တရားမဇာရီမှုအမှတ် ၁၃၀ အမိန့်တို့တင်ပြ၍တရားရုံးကိုယ်စား ဘိလစ် ဒေါ်တင်မေလွင် ၁၂/ဗဟန(နိုင်)၀၂၀၈၆၇က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့်ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄/ရန်နိုင်ရပ်)၊ ဦးပိုင်အမှတ် (၅၆/၆၉)၊ မြေကွက်တည်နေရာ လယ်ဝေးမြို့၊ အမှတ်(၄)ရပ်ကွက်၊ ဦးမောင်(ဘ) ဦးအောင်မင်းအမည်ပေါက် မြေအမျိုးအစား မြေငှားစာချုပ်မြေအား ဦးမောင်နှင့် ဇနီး ဒေါ်ရွှေသွယ်သေဆုံးကြောင်း မြေအမည်ပေါက် ဦးမောင်နှင့်ဇနီး ဒေါ်ရွှေသွယ်တို့မှ ဦးကိုကိုလေး တစ်ဦးတည်းသာမွေးဖွားပြီး ဦးကိုကိုလေးတွင် ဒေါ်ခင်စန်းနွဲ့နှင့် ဒေါ်စုစုတို့ ဇနီးနှစ်ဦးရှိကြောင်း၊ ဇနီးကြီး ဒေါ်ခင်စန်းနွဲ့မှ ဦးမြင့်သိန်းမောင်၊ ဒေါ်တင်တင်တိုး၊ ဒေါ်တင်တင်စိုး သားသမီး (၃)ဦးမွေးဖွားခဲ့ပြီး မိခင်ဒေါ်ခင်စန်းနွဲ့မှာ သေဆုံးကြောင်း၊ ဦးမြင့်သိန်းမောင်မှာ သေဆုံးခဲ့ပြီး ဇနီးဖြစ်သူ ဒေါ်ကြည်ကြည်ဝင်း ကျန်ရှိကြောင်း၊ ဦးကိုကိုလေး၏ ဒုတိယဇနီးဖြစ်သူ ဒေါ်စုစုမှာ သား၊ သမီး ထွန်းကားမှုမရှိဘဲ ကျန်ရှိနေကြောင်းနှင့် ဦးမောင်၏ သားသမီးမြေးများဖြစ်သူ (၁) ဒေါ်စုစု ၉/လဝန(နိုင်)၁၅၁၉၃၆၊ (၂) ဒေါ်တင်တင်တိုး ၉/လဝန(နိုင်)၀၅၂၁၀၄၊ (၃) ဒေါ်တင်တင်စိုး ၉/လဝန(နိုင်)၀၅၂၂၅၀၊ (၄) ဒေါ်ကြည်ကြည်ဝင်း ၉/လဝန(နိုင်)၀၇၉၃၂၁တို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ သေဆုံးကြောင်း ထောက်ခံချက်များနှင့်အတူ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၉/၃-၄-၂၀၁၄ တင်ပြ၍ ဒေါ်စုစု၊ ဒေါ်တင်တင်တိုး၊ ဒေါ်တင်တင်စိုး၊ ဒေါ်ကြည်ကြည်ဝင်းတို့ကိုယ်စား ဦးဝင်းဆွေ ၉/လဝန(နိုင်)၀၁၁၈၀၉က အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈D၊ မြေကွက်အမှတ် ၂၀၅၊ မြေကွက်တည်နေရာအမှတ်-၃၃၊ ပန်းတနော်လမ်း၊ လင်းလွန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ် မောင်ချစ်ဆွေ၊ မောင်စိန်ရွှေ၊ မညွန့်စိန် အမည်ပေါက် နှစ်၃၀ဂရန်မြေအား အမည်ပေါက်များထံမှ ပိုင်ဆိုင်စာချုပ်အမှတ် ၄၆၅၇/၃-၁၂-၁၃ ဖြင့် ဦးကျော်ဝင်းရွှေ၊ ဒေါ်မြင့်မြင့်၊ ဒေါ်ခင်စန်းတင့်တို့မှ ပိုင်ဆိုင်လာပြီး အရောင်းအဝယ်စာချုပ်အမှတ် ၃၃၂၀/၃၀-၆-၁၄ ဖြင့် ဦးသန့်ဇော် ၁၂/ကမတ(နိုင်)၀၀၀၀၅၈နှင့် ဒေါ်မြနှင်းပွင့်ကျော် ၁၂/စခန(နိုင်)၀၁၈၉၉၅တို့အား ရောင်းချခဲ့ရာ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ ကျမ်းကျိန်လွှာ၊ ဝန်ခံကတိတို့တင်ပြ၍ ဂရန်ပျောက်ဖြင့် ဂရန်သက်တမ်းတိုးလျှောက်ထားလာခြင်းအား ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## လင်မယားကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်မ ဒေါ်ခိုင်မမ ၇/ရကန(နိုင်)၀၃၄၉၁၄နှင့် ဦးဇော်ဝင်းထွဋ် ၁၁/တကန(နိုင်)၀၀၀၃၁၁တို့သည် ၂၈-၁၂-၂၀၁၄ ရက်တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်မမ ၇/ရကန(နိုင်)၀၃၄၉၁၄**
**အမှတ် ၁၂၄၊ ၂၇ လမ်း(အလယ်)၊ (၄)ရပ်ကွက်၊**
**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့**

# ပခုက္ကူ-ပေါက်-ထီးလင်း-ဂန့်ဂေါလမ်းပေါ်၌ မြစ်သာမြစ်ကူးတံတားအမှတ်(၂)တည်ဆောက်

**ဂန့်ဂေါ ဒီဇင်ဘာ ၃၁**

မကွေးတိုင်းဒေသကြီး အနောက်ဘက်ခြမ်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပခုက္ကူ-ပေါက်-ထီးလင်း-ဂန့်ဂေါလမ်းမကြီးပေါ်၌ အမှတ်(၂)မြစ်သာမြစ်ကူးတံတား(ပျားရွာ)ကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါတံတားကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၃)က တည်ဆောက်နေခြင်းဖြစ်ပြီး တံတားအရှည်ပေ ၆၃၀၊ ခန်းဖွင့်ဖွဲ့စည်းပုံ ပေ ၉၀ ခုနစ်ခန်းဖြစ်ပြီး ယာဉ်သွားလမ်းအကျယ် ၁၃ ဒသမ ၇၇၉ ပေ ဖြစ်ကြောင်း၊ ခံနိုင်ဝန်အားမှာ ယာဉ်တစ်စီးချင်း ၃၆ တန်ဖြစ်ကြောင်း သိရသည်။

ပခုက္ကူ-ပေါက်-ထီးလင်း-ဂန့်ဂေါလမ်းမကြီးပေါ်ရှိ မြစ်သာမြစ်ကူးတံတားကြီးများကို ခေါက္ကူရွာတွင်တစ်စင်း၊ မင်းရွာတွင်တစ်စင်းနှင့် ပေါလည်ရွာတွင်တစ်စင်း တည်ဆောက်လျက်ရှိပြီး အဆိုပါတံတားများပြီးစီးပါက မြစ်သာဆည်တမံအနီးရှိ ကျေးရွာများဖြစ်သော စပယ်၊ ပြင်သာ၊ ယင်းမာ၊ စင်ပုံ၊ ပနန်းကျေးရွာများနှင့် မင်းရွာ၊ ခေါက္ကူ ပန်းထိပ်ကျေးရွာများ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာကာ ဂန့်ဂေါမြို့နှင့် ရာသီမရွေးဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်သည်။

မြစ်သာဆည်တမံနှင့် ဂန့်ဂေါမြို့၏တောင်ဘက်ပိုင်းကျေးရွာများကို သွားရမည်ဆိုပါက ပွင့်လင်းရာသီတွင် ကားလမ်းဖြင့် သွားလာနိုင်ပြီး မိုးတွင်းရောက်ပါက မြစ်သာမြစ်အတိုင်း စက်လှေများဖြင့် ခက်ခဲစွာ သွားလာခဲ့ရာမှ တံတားများပြီးစီးသွားပါက ရာသီမရွေး ကားလမ်းဖြင့် သွားလာနိုင်တော့မည်ဖြစ်၍ ဝမ်းသာနေကြကြောင်း သိရသည်။

**သျှင်နေမင်း**




# မြောင်းမြပြည်သူ့ဆေးရုံမှ သုံးမြွှာပူးယောကျာ်းလေးများ သားဖွားအတတ်ပညာဖြင့် လွယ်ကူစွာမွေးဖွားပေး

**မြောင်းမြ ဒီဇင်ဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ခုတင်(၂၀၀) ပြည်သူ့ဆေးရုံကြီး သားဖွားဆောင်၌ ဒီဇင်ဘာ ၂၇ ရက် ညနေ ၄ နာရီခွဲက မြောင်းမြမြို့နယ် ကွယ်လွယ်ကျေးရွာအုပ်စု ရိုးဆိပ်ကွင်း၌ နေထိုင်သူ မရွှေနိုင်ဦး(၃၂နှစ်)မှ သားယောကျာ်းလေး သုံးမြွှာကို ခရိုင်ပြည်သူ့ဆေးရုံကြီး သားဖွားမီးယပ် တာဝန်ကျဆရာဝန် ဒေါက်တာစုလှိုင်ထားနှင့် လက်ထောက်ဆရာဝန် ဒေါက်တာကျော်မင်းနိုင်၊ အထက်တန်းသူနာပြု ဒေါ်နုနုဝင်းနှင့် ဆရာမများက ခွဲစိတ်ခြင်းမဟုတ်သည့် သားဖွားနည်းဖြင့် အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

သုံးမြွှာပူးမိခင်အား မြောင်းမြခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်နှင့် မြို့နယ်အသင်းတာဝန်ရှိသူများက အမြွှာကလေးများအတွက် လိုအပ်သည့် ကလေးအသုံးအဆောင်များနှင့် အလှူငွေများကို ဒီဇင်ဘာ ၃၀ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

မြောင်းမြခရိုင် ခုတင်(၂၀၀)ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုအများစုကို ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် အခမဲ့ ကုသပေးလျက်ရှိကြောင်း သိရသည်။

ပြည်သူ့ဆေးရုံကြီးအတွင်း အထူးကုသမားတော်များ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများ စသည့် ကျန်းမာရေးဝန်ထမ်းများ လုံလောက်စွာ ထားရှိပေးနိုင်ခဲ့ခြင်းကြောင့် မြောင်းမြခရိုင်အတွင်းရှိ ပြည်သူများအတွက် ကျန်းမာရေးဝန်ဆောင်မှု ပိုမိုမြင့်မားလာတော့မည်ဖြစ်ကြောင်း ဆေးရုံအုပ်ကြီးထံမှ သိရသည်။

**အောင်မင်း**

# မကွေးတိုင်းဒေသကြီးအတွင်း မီးသတ်ရေယာဉ်များပေးအပ်

**မကွေး ဒီဇင်ဘာ ၃၁**

မကွေးတိုင်းဒေသကြီး မကွေးမြို့ တိုင်းအားကစားကွင်းအတွင်း ဒီဇင်ဘာ ၂၉ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့က လွှဲပြောင်းပေးအပ်သော မြို့နယ်များအတွက် မီးသတ်ယာဉ် ၃၂ စီးကို သက်ဆိုင်ရာမြို့နယ်များက လွှဲပြောင်းရယူသည့် အခမ်းအနားကျင်းပခဲ့သည်။

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်အသီးသီးမှ တာဝန်ရှိသူများနှင့် အဖွဲ့အစည်းအသီးသီးမှ ဖိတ်ကြားထားသူများ၊ မြို့နယ်အလိုက် မီးသတ်တပ်ဖွဲ့ဝင် စုစုပေါင်း ၁၀၀၀ ခန့် တက်ရောက်ကြသည်။

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက အမှာစကားပြောကြားပြီး မီးသတ်ယာဉ် ၃၁ စီးကို သက်ဆိုင်ရာမြို့နယ်များမှ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

**စာစာ(မကွေး)**



# သဘာဝစိမ့်စမ်းရေဖြင့် ရေပေးဝေနိုင်ရေး ဗန်းမောက်၌ ဆောင်ရွက်

**ဗန်းမောက် ဒီဇင်ဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် မံစီကြီးကျေးရွာအုပ်စု မံဝိန်းကျေးရွာ ရွှေဇေယျာစေတီကုန်းတွင် တည်ဆောက်ထားသည့် သဘာဝစိမ့်စမ်းရေကန်မှာ တည်ဆောက်ပြီးစီးသွားပြီဖြစ်ကာ ကျေးရွာဒေသခံများအတွက် သောက်သုံးရေပေးဝေနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါကျေးရွာသည် တောင်ကုန်းတောင်တန်းများ အကြားတည်ရှိသည့် ကျေးရွာတစ်ရွာဖြစ်ခြင်းကြောင့် နွေမိုးဆောင်း ရာသီသုံးပါးစလုံး သောက်သုံးရေ အခက်အခဲနှင့် ရင်ဆိုင်နေရသည့် ကျေးရွာတစ်ရွာဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများဖြစ်သော မြေပဲ၊ နှမ်းနှင့် ဆီစားမှန်ညင်းများကို အဓိက စိုက်ပျိုးကြပြီး စိုက်ပျိုးရေအခက်အခဲကြောင့် အခြားဖြစ်ထွန်းနိုင်သည့် သီးနှံများ စိုက်ပျိုးရန်အတွက်လည်း အခက်အခဲရှိနေသော ကျေးရွာဖြစ်သည်။

သောက်သုံးရေအခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် ကျေးရွာတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးမှု အထောက်အကူပြုကော်မတီဝင်များ စုပေါင်းကာ မတ်လမှစတင်၍ သဘာဝစိမ့်စမ်းရေကို ကျေးရွာအတွင်းသို့ ရေပေးဝေနိုင်ရေးအတွက် ကျေးရွာဦးရှိ ရွှေဇေယျာစေတီကုန်းပေါ်တွင် အလျား ပေ ၄၀၊ အနံ ၁၆ ပေ၊ ရေထုခုနစ်ပေခန့်ရှိ ရေလှောင်ကန်တည်ဆောက်ပြီး ကျေးရွာအတွင်းသို့ နှစ်လက်မပိုက်များဖြင့် ပင်မရေတိုင် ၁၅ ခုခွဲခြားကာ သွယ်ယူမှုပြီးစီးသွားပြီဖြစ်ကြောင်း မံဝိန်းကျေးရွာ အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

ရေလှောင်ကန်တည်ဆောက်ခြင်းနှင့် ရေပိုက်သွယ်ယူခြင်းများအတွက် ဒေသခံများ၏ ကိုယ့်အားကိုယ်ကိုးမတည်လှူဒါန်းငွေကျပ် ၆၂ သိန်း၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကျေးလက်ဒေသဆင်းရဲမှုလျှော့ချရေး အစီအစဉ်အနေဖြင့် ခွင့်ပြုရန်ပုံငွေကျပ် ၃၅ သိန်းတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး သဘာဝစိမ့်စမ်းရေရရှိရေးအတွက် မံဝိန်းကျေးရွာတောင်ဘက် သုံးမိုင်ကွာဝေးသည့် တောင်တန်းကျောက်ဖာ၊ ကျောက်ကမ်းပါးများအတွင်းမှ စိမ့်ထွက်နေသော သဘာဝစိမ့်ရေပေါက်ဆီမှ ရေလှောင်ကန်ရှိရာသို့ ရေပိုက်များဖြင့် သွယ်ယူထားခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ ရေလှောင်ကန်မှရေများကို ကျေးရွာနေအိမ်များအရောက် ရေပေးဝေနိုင်ရေးအတွက် ရေပိုက်များ ချိတ်ဆက်သွယ်တန်းလျက်ရှိပြီး မကြာမီပြီးစီးပါက မံဝိန်းကျေးရွာ၏ သောက်သုံးရေအတွက် များစွာအကျိုးရှိစေမည်ဖြစ်ကြောင်း ရေရရှိရေးအကျိုးဆောင်များထံမှ သိရသည်။

**နီတိုး**

## ရသေ့တောင်မြို့နယ်အသင်းနှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးဖိတ်ကြားခြင်း

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်အသင်း၏ သင်းလုံးကျွတ်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို ၁၈-၁-၂၀၁၅ ရက် နံနက် ၉း၀၀နာရီတွင်တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်း အလိုတော်ပြည့်ကျောင်းတိုက်၌ ပြုလုပ်မည်ဖြစ်ပါသဖြင့် ရန်ကုန်ရောက်ရသေ့တောင်မြို့နယ်သူ မြို့နယ်သားများမှ မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အသက် ၇၅နှစ်အထက် သက်ကြီးများနှင့် ဂုဏ်ထူးသုံးဘာသာနှင့်အထက်ကျောင်းသား/သူများစာရင်းကို ၁၁-၁-၂၀၁၅ ရက်နောက်ဆုံးထား၍ အမှတ်စာရင်းမိတ္တူနှင့်တကွ ပေးပို့ကြပါရန်နှင့် လှူဒါန်းလိုသူများ အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | | |
|---|---|---|
| ၁။ ဦးစံလှမောင် | ဥက္ကဋ္ဌ | ဖုန်း-၀၉-၄၄၈၅၃၇၈၃၄ |
| ၂။ ဦးရဲမြင့် | ဒုဥက္ကဋ္ဌ | ဖုန်း-၀၉-၈၆၁၄၇၁၇ |
| ၃။ ဦးကျော်အေးမောင် | (အတွင်းရေးမှူး) | ဖုန်း-၀၉-၄၂၅၀၁၈၄၇၇ |
| ၄။ ဒေါ်ဒေစီသန်း | တွဲဖက်အတွင်းရေးမှူး | ဖုန်း-၀၉-၅၀၆၂၈၉၆ |

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိမြေကွက်အမှတ်(ပ-၂၃၈၄၀)၊ ဧရိယာ ၀ဒသမ၁၁၀ဧကေ ဦးအေးကြူ(ခ) ဦးအောင်ငွေ အမည်ပေါက် နှစ်၃၀အငှားဂရန် မြေကွက်အားနေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၄၆/၂၀၁၄ (၁၉-၁၁-၂၀၁၄) ရက်ဖြင့် ဦးအေးကြူ(ခ)ဦးအောင်ငွေ၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဦးတေဇအောင် ၇/ပမန(နိုင်)၁၂၇၂၄၉(ဘ) ဦးဖြိုးဝေမှမှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အထက တောင်စွန်း(၁၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းအခြေခံပညာအထက်တန်းကျောင်း၏ (၁၆) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၇ ရက် (စနေနေ့) ညနေ ၃နာရီတွင် အဆိုပါ ကျောင်းရင်ပြင်၌ ကျင်းပမည်ဖြစ်ပါသည်။

အသက်(၆၀)အထက် ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်ကြွရောက်ကြပါရန် ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အလှူငွေများအား အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

| | |
|---|---|
| ဒေါ်ယဉ်နု ကျောင်းအုပ်ကြီး(တောင်စွန်း) | ဖုန်း-၀၉-၄၂၅၂၇၅၁၉ |
| ဦးဝင်းသန်း''ဝင်းသပြေ''ကုမ္ပဏီ(သထုံ) | ဖုန်း-၀၉-၈၇၂၀၀၂ |
| ဒေါက်တာကျော်လွင်(တောင်စွန်း) | ဖုန်း-၀၉-၄၂၈၀၃၀၁၄၈ |
| ဦးသက်ကိုကို (မုဒုံ) | ဖုန်း-၀၉-၄၉၈၂၆၇၂၂ |
| ဦးကျော်ဝင်း (တောင်စွန်း) | ဖုန်း-၀၉-၂၅၅၉၁၀၇၅၅ |
| ဆရာဦးသန်းဝင်း(တောင်စွန်း) | ဖုန်း-၀၉-၂၅၅၇၄၉၂၄၇ |
| ဆရာမဒေါ်ချိုမာတင်(တောင်စွန်း) | ဖုန်း-၀၉-၄၂၅၃၂၃၂၄၅ |
| ကိုစိုးမင်းဟန်(တောင်စွန်း) | ဖုန်း-၀၉-၄၂၅၂၈၀၉၃၂ |
| ကိုဖုန်းမြင့်ကျော် (တောင်စွန်း) | ဖုန်း-၀၉-၄၂၅၃၅၀၀၅၃ |
| ကိုဇော်ဝင်းဦး''မိဘမေတ္တာရွှေဆိုင်''(တောင်စွန်း) | ဖုန်း-၀၉-၈၇၂၀၃၁၀ |
| ဦးမောင်မောင်''မိဘမေတ္တာရွှေဆိုင်''(တောင်စွန်း) | ဖုန်း-၀၉-၄၂၅၃၈၈၉၅၁ |
| ဒေါ်အေးအေးထွေး လ/ထ ကထိက စီးပွားရေးတက္ကသိုလ်(ရန်ကုန်) | ဖုန်း-၀၉-၅၀၄၉၇၃၈ |

## သားအရင်းတစ်ဦးဖြစ်ကြောင်းကြေညာခြင်း

ကျွန်တော် ဦးလှသောင်း ၈/တတက(နိုင်)၀၀၈၄၂၅ သည် ကွယ်လွန်သူမိဘများဖြစ်ကြသည့် ဦးဂျိုကေဆင်း ISN-၄၁၃၃၆၃ နှင့် ဒေါ်ချစ်မေ ၁၂/အစန(နိုင်) ၀၀၆၄၁၄ တို့မှ ၁၂-၆-၁၉၅၂ ခုနှစ်တွင် မွေးဖွားသည့် တတိယမြောက် သားအရင်းတစ်ဦးဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးလှသောင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကြည်စိုး(LL.B)တရားလွှတ်တော်ရှေ့နေ**
**ရုံး-ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီး(အပေါ်ထပ်)၊**
**အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၂၅၄၈၅၅၉၂၄**

### ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း

## ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**

**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

**၂၀၁၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၅၉**

**၂၀၁၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၇**

| | | |
|---|---|---|
| ဒေါ်ခင်ကြူ | **နှင့်** | ဒေါ်ခိုင်ခိုင်ဝင်း |
| အမှတ် ၇၁၁၊ မဥ္ဇူလမ်း | | အမှတ် ၁၂ အက်ဖ်၊ သံတွဲလမ်း၊ |
| ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ | | မြကန်သာဥယျာဉ်အိမ်ရာ |
| | | လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ |
| **တရားနိုင်** | | **တရားရှုံး** |

တရားရှုံး ဒေါ်ခိုင်ခိုင်ဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ်-၂၅၉တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၅ရက် (၁၃၇၆ခုနှစ် ပြာသိုလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် ဒီဇင်ဘာ ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မိမိမော်)**
**တွဲဖက်ခရိုင်တရားသူကြီး(၄)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၅)၊ နယ်မြေ(၁၅)၊ အကွက်အမှတ် မောသီရိတိုးချဲ့၊ ဦးပိုင်အမှတ်(၂၀၈၂)နှင့် ဦးပိုင်အမှတ်(၂၀၉၅) အမှုတွဲအမှတ် ၉၀-၅/၉၉(၂၀၀၀)စီ၊ ဦးသက်ထွန်း ၁၃/လရန(နိုင်)၀၁၃၉၈၇ အမည်ပေါက်ပိုင်ဆိုင်သော မြေဂရန်ပျောက်ဆုံးသွားပါသည်။

မိတ္တူမှန်ပြန်လည်ထုတ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **ဦးသက်ထွန်း ၁၃/လရန(နိုင်)၀၁၃၉၈၇**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ချင်းပြည်နယ် နတ်မတောင်အမျိုးသားဥယျာဉ်သို့ နိုင်ငံတကာခရီးသွားလေ့လာလည်ပတ်မှု တိုးမြင့်လာ

**ကန်ပက်လက် ဒီဇင်ဘာ ၃၁**

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်ရှိ နတ်မတောင်(ဝိတိုရိယတောင်) အမျိုးသားဥယျာဉ်သို့ ယခုနှစ် ခရီးသွားရာသီတွင် နိုင်ငံတကာခရီးသွားဧည့်သည်များ လာရောက်လေ့လာလည်ပတ်မှု ပိုမိုတိုးမြင့်လာကြောင်း သိရသည်။

နတ်မတောင်အမျိုးသားဥယျာဉ်သို့ ၂၀၁၂ ခုနှစ် ခရီးသွားရာသီတွင် ပြည်တွင်း ပြည်ပ ခရီးသွားများ ၁၀၀ ကျော် လာရောက်ခဲ့ပြီး ၂၀၁၃ ခုနှစ် ခရီးသွားရာသီတွင် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည် ၈၀၀ ကျော်အထိ တိုးမြင့်လာရောက်ခဲ့ကြောင်း၊ ယခုနှစ် ၂၀၁၄-၂၀၁၅ ခုနှစ် ခရီးသွားရာသီတွင်လည်း ပြည်တွင်း ပြည်ပ ခရီးသွားများ လာရောက်လည်ပတ်သူနှစ်ဆကျော်ထိ သိသိသာသာပိုမိုတိုးတက်မြင့်မားလာကြောင်း နတ်မတောင်အမျိုးသားဥယျာဉ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နိုင်ငံတကာခရီးသွားများ အနေဖြင့် နတ်မတောင်အမျိုးသားဥယျာဉ်သို့ ငှက်၊ လိပ်ပြာ၊ သဘာဝသစ်ခွများ ကြည့်ခြင်း၊ တောင်တက်ခြင်းနှင့် ဒေသရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက်များကို လေ့လာခြင်းတို့အတွက် အများဆုံးလာရောက်လေ့ရှိကြောင်း၊ လာရောက်သည့် ပြည်ပခရီးသွားများထံမှ ဇုန်ဝင်ကြေးအဖြစ် နိုင်ငံခြားသား



တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၀(မြန်မာကျပ်ငွေ တစ်သောင်း) ကောက်ခံပြီး ရရှိဝင်ငွေများအား နတ်မတောင်ထိန်းသိမ်းရေးအတွက် အသုံးပြုကြောင်း၊ နိုင်ငံခြားသားများ ဝင်ရောက်မှုများလာခြင်းသည် ဒေသဖွံ့ဖြိုးမှုအတွက် အထောက်အကူဖြစ်စေရာ ခရီးသွားဧည့်သည်များအတွက် ရရှိရန်လိုအပ်နေသည့် ဝန်ဆောင်မှုများကိုလည်း ဖြည့်ဆည်းပေးပါက ယခုထက် ပိုမိုဝင်ရောက်လာနိုင်မည်ဖြစ်ကြောင်း နတ်မတောင်သို့ ခရီးသည်များ လိုက်ပါပို့ဆောင်ပေးနေသော ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများက ပြောကြားသည်။

ထို့အပြင် ယခုနှစ်အတွင်း မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံတကာခရီးသွားဧည့်သည်များသည် နေရာသစ်များကို ပိုမိုစိတ်ဝင်စားကြပြီး သဘာဝရေမြေများကို စိတ်ဝင်စားသူများသည် ချင်းပြည်နယ် နတ်မတောင်ခရီးစဉ်ကို သွားရောက်ရန် ရွေးချယ်ကြကြောင်း ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများက ပြောသည်။

နတ်မတောင်သည် ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်အတွင်း တည်ရှိသော်လည်း ကန်ပက်လက်၊ မင်းတပ်၊ မတူပီမြို့နယ်များနှင့် ထိစပ်နေပြီး အကျယ်အဝန်း ဧက ၁၇၆၃၀၀၊ အမြင့်ပေ ၁၀၅၀၀ ရှိကာ အရှေ့အာရှတွင် အမြင့်ဆုံးမြေသားဖုံးလွှမ်းတောင်ဖြစ်ပြီး ရှားပါးလိပ်ပြာ၊ ငှက်မျိုးစုံ၊ သစ်ခွစသည့် ဇီဝမျိုးစုံများကို လေ့လာနိုင်ကြောင်း၊ နတ်မတောင်ကို ၁၉၆၃ ခုနှစ်တွင် ဘောလ်ကြိုးဝိုင်းအဖြစ် ဖွဲ့စည်းခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် နတ်မတောင် အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ရန်အဆိုပြုခဲ့ကာ ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလတွင် အတည်ပြု ကြေညာသတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။**နေစု(ချင်းရိုးမ)**

## လူငယ်ကြက်တောင်ရိုက်ပြိုင်ပွဲ ကသာမြို့၌ကျင်းပ

**ကသာ ဒီဇင်ဘာ ၃၁**

မျိုးဆက်သစ်အားကစားလူငယ်များ ရှင်သန်ပေါ်ထွန်းလာရန် ရည်ရွယ်၍ ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား ကြက်တောင်ရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့က ကသာမြို့ ရောရွှေလီအားကစားခန်းမ၌ ကျင်းပသည်။

ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ကသာခရိုင်အတွင်းရှိ မြို့နယ်များမှ အသင်းလိုက်၊ နှစ်ယောက်တွဲ၊ တစ်ဦးချင်း ယှဉ်ပြိုင်ကစားကြရာ အသင်းလိုက် ပထမဆု(အင်းတော်မြို့နယ်)၊ ဒုတိယဆု(ကသာမြို့နယ်)နှင့် တတိယဆု (ထီးချိုင့်မြို့နယ်)အသင်းတို့ကရရှိခဲ့ပြီး အသင်းလိုက်ဆု၊ နှစ်ယောက်တွဲဆုနှင့် တစ်ဦးချင်း ဆုရရှိသူများကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်း၊ ခရိုင်အား/ကာ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆွေဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့သည်။ အဆိုပါ ပြိုင်ပွဲကျင်းပရေးစရိတ်နှင့် တံခွန်စိုက်ဒိုင်းဆု၊ ဆုတံဆိပ်များကို ကသာမြို့ပေါ်ရှိ စက်သုံးဆီဆိုင်များက ပံ့ပိုးကူညီပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



# သပိတ်ကျင်းမြို့ ဧရာဝတီမြစ်ဆိပ်ကမ်း နှမ်းတောင်သူများဖြင့် အရောင်းအဝယ်စည်ကား

**သပိတ်ကျင်း ဒီဇင်ဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်အတွင်း နှမ်းတောင်သူများ ရာသီဥတုမှန်ကန်ပြီး အထွက်နှုန်းကောင်း တွက်ခြေကိုက်သည့် အောင်လံ နှမ်းမျိုးများ စိုက်ပျိုးအောင်မြင်ပြီး ဈေးကောင်းရလာကြောင်း သိရသည်။ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကန့်ဘလူမြို့နယ်နှင့် ခင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများမှ နှမ်းစိုက်တောင်သူများ မြို့ပေါ်ရှိပွဲရုံများသို့ ကားလမ်း၊ ရေလမ်းတို့မှ လာရောက်ရောင်းဝယ်ကြသဖြင့် သပိတ်ကျင်းမြို့ ဧရာဝတီမြစ်ဆိပ်ကမ်းတွင် စည်ကားလျက်ရှိပြီး နှမ်းတင်၊ နှမ်းချ၊ ထုပ်ပိုးသူအလုပ်သမားများနှင့် မော်တော်ယာဉ်လိုင်းများလည်း အလုပ်အကိုင်ရရှိလာကြောင်း သိရသည်။


သပိတ်ကျင်းမြို့ပေါ်ရှိ ပွဲရုံများသို့ လာရောက်ရောင်းချသည့်နှမ်းတောင်သူများမှာ ဧရာဝတီမြစ်ကို စက်လှေများဖြင့် ဖြတ်ကျော်လာရောက်ခဲ့ကြသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ မလယ်၊ မယ်ဇာတော၊ ထန်းတော၊ ချောင်းရှည်၊ ပစီ၊ လေးတွင်းစင်၊ စိုက်ကွင်း၊ ငါးတွင်းကြီး၊ မောင်ကြောင့်တော၊ ယုန်လေးကုန်း၊ အုန်းပင်ကုန်း၊ စိုင်းဂေါင်း ကျေးရွာများမှာ အများဆုံးလာရောက်ရောင်းချကြသည်။

နှမ်းတောင်သူတစ်ဦးက "ကျွန်တော်တို့ဒေသနဲ့ ကိုက်ညီတဲ့ အထွက်နှုန်းကောင်းပြီး သက်တမ်းတိုအောင်လံနှမ်းမျိုးကိုအများဆုံးစိုက်ပျိုးကြပါတယ်။ ဒီနှမ်းနက်အမျိုးအစားက လက်ရှိပေါက်ဈေးတစ်တင်းကို ခြောက်သောင်းရောင်းရပါတယ်။ ရာသီပေါ်စကဆိုရင် ခြောက်သောင်းခွဲအထိ ဈေးရပါတယ်။ သပိတ်ကျင်းမြို့ပွဲရုံတွေအထိ လာရောင်းရတာကတော့ အချိန်အတွယ် သဘောကျပြီး ဈေးကောင်းပေးတယ်"ဟု ရှင်းပြသည်။



သပိတ်ကျင်းမြို့ပေါ်တွင် နှမ်းကောက်သည့်ပွဲရုံသုံးရုံရှိပြီး တစ်နေ့လျှင် နှမ်းတင်း ၂၀၀ ကျော်မှ ၃၀၀ ကျော်အထိ ကောက်ယူရရှိကာ မန္တလေးဈေးကွက်သို့ ညတွင်းချင်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**စိုးနိုင်ဝင်း(သပိတ်ကျင်း)**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ စွယ်တော်ဖူးလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(48,U9)၊ မြေကွက်အမှတ်(၁၁၄)၊ မြေအကျယ် (ပေ ၆၀× ပေ ၈၀)ရှိ နှစ် ၆၀ မြေချပါမစ်အမျိုးအစားမြေကွက်ပေါ်ရှိ အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာန မြေစာရင်းတွင် အမည်ပေါက် ဦးမျိုးမြင့်အောင် ၁၂/ဥကမ(နိုင်)၀၈၆၂၉၅ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်က တန်ဖိုးငွေ၏ ၉၉ ရာခိုင်နှုန်းကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်မူရင်းများဖြင့် ကျွန်ုပ်ထံ ကြေညာပါသည့်ရက်မှ တစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျူးဟုံကျူး(ခ)ဦးကျော်အေး ၁၃/ကခန(နိုင်)၀၇၁၇၀၂**

## ဒေါ်စန်းစန်းဝင်း(ဘ)ဦးလှဝင်း ၁၁/ကဖန(နိုင်)၀၀၂၆၅၉ (လိပ်စာမသိ) နှင့် အများသိစေရန်

ဒေါ်စန်းစန်းဝင်းနှင့် ကန်ထရိုက်တာဦးကျော်သူရ ၁၂/တမန(နိုင်)၀၇၆၁၄၈ တို့သည် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၅၅ လမ်း၊ အမှတ်(၁၀၀)ဟုခေါ်တွင်သော အဆောက်အအုံတည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ်(၃A)၊ မြေကွက်အမှတ်(၆၅၊ ၆၆၊ ၆၇၊ ၆၈၊ ၆၉)၊ (ပေ၈၀×၆၅ပေ) အကျယ်အဝန်းရှိ မြေကွက်ကြီး၏ မြေကွက်အမှတ် ၆၇ အနက်မှ (၁၆ပေ×၆၅ပေ) ဧရိယာအကျယ်အဝန်းရှိ မြေကွက်ငယ်အပါအဝင် ယင်းမြေကွက်ကြီးပေါ်ရှိ အိမ်ဟောင်းကိုဖြိုဖျက်၍ အသစ်ပေါ်ပေါက်လာမည့်(၁၅ပေ×ပေ၅၀)အကျယ်အဝန်းရှိ သုံးထပ်တိုက်သစ်သည် ဒေါ်စန်းစန်းဝေ တစ်ဦးတည်းပိုင်ဖြစ်သည်ဟု အတိအလင်းပြောဆိုကာ ကျပ်သိန်း ၅၅၀ (ကျပ်သိန်းငါးရာငါးဆယ်)နှင့် အပြီးအပိုင်ရောင်းချမည်ဟု ကမ်းလှမ်းရာတွင် ဦးကျော်သူရကလည်း ယင်းတန်ဖိုးအတိုင်း ဝယ်ယူရန်သဘောတူသည်ဖြစ်၍ ၁၁-၃-၂၀၁၃ ရက်စွဲပါ အိမ်ရာမြေကွက်နှင့်တိုက်သစ်အပြီးအပိုင် အရောင်းအဝယ်ပဋိညာဉ်စာချုပ်ကိုချုပ်ဆို၍ တန်ဖိုး၏တစ်စိတ်တစ်ပိုင်းဖြစ်သော ငွေကျပ်သိန်း ၁၀၀ (ကျပ်သိန်းတစ်ရာ)ပေးချေခဲ့ရာ ဒေါ်စန်းစန်းဝင်းက လက်မှတ်ရေးထိုး လက်ခံယူခဲ့ပါသည်။

တစ်ဖန် ဒေါ်စန်းစန်းဝင်းနှင့် ဦးကျော်သူရတို့သည် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃A)၊ တာမွေကြီး(က+ဂ) လူနေရပ်ကွက်၊ ၁၅၅လမ်း၊ အမှတ်(၁၀၀)ဟုခေါ်တွင်သော၊ (ပေ ၈၀×၆၅ ပေ)အကျယ်အဝန်းမြေကွက် ပေါ်တွင် လုံးချင်း(၃)ထပ်၊ RC တိုက်ငါးလုံးဆောက်လုပ်ရန် ကတိပဋိညာဉ်စာချုပ်တစ်ရပ်ကိုလည်း ချုပ်ဆိုခဲ့ကြပါသည်။ အထက်အပိုဒ်ပါ အရောင်းအဝယ်ပြုလုပ်သော မြေနှင့်တိုက်သစ်မှာ ဤပါဒတွင်ဖော်ပြထားသည့် ကန်ထရိုက်တိုက်သစ်ငါးလုံးအနက်မှ မြေကွက်အမှတ်(၆၇)၊ မြေဧရိယာ(၁၆ပေ×၆၅ပေ)ပေါ်တွင် ဆောက်လုပ်ပြီးစီးမည့်(၁၅ပေ×ပေ၅၀) အကျယ်အဝန်းရှိ တိုက်သစ်ဖြစ်ပါသည်။

၁၁-၃-၂၀၁၃ ရက်စွဲပါ စာချုပ်အပိုဒ်(၄)တွင် တန်ဖိုးကျန်ငွေ ကျပ်သိန်း ၄၅၀ (ကျပ်သိန်းလေးရာငါးဆယ်)ကို ၁၂-၃-၂၀၁၃ ရက်တွင် ပေးချေမည်ဟုလည်းကောင်း၊ ယင်းစာချုပ် အပိုဒ်(၅)တွင် ၁၂-၃-၂၀၁၃ ရက် ငွေချေပြီးပါက ၁၅-၃-၂၀၁၃ရက်တွင် မြေကွက်ကြီးအား ရှင်းလင်းကာ အလွတ်အနေအထားအတိုင်း ဦးကျော်သူရ လက်သို့အပ်မည်ဟုလည်းကောင်း သဘောတူဖော်ပြခဲ့ပါသည်။

၁၁-၃-၂၀၁၃ ရက်စွဲပါစာချုပ် ဒုတိယပိုင်းရောင်းဖိုးငွေ အပြေအကျေပေးချေ၍ မြေကိုလက်ရှိရယူခြင်း ခေါင်းစဉ်အောက် စာချုပ်အပိုဒ်(၇)တွင် ငွေကျပ်သိန်း ၄၅၀ (ကျပ်သိန်းလေးရာငါးဆယ်)ကျန်ငွေကို ဦးကျော်သူရက ပေးချေရာ ဒေါ်စန်းစန်းဝင်းက လက်မှတ်ရေးထိုး၍ ထိုငွေကိုလက်ခံခဲ့ကြောင်း ဖော်ပြထားပါသည်။ ၁၅-၃-၂၀၁၃ရက်တွင် မြေကွက်ကြီးရော၊ မြေကွက်ငယ်အပါအဝင်ကိုပါ ရှင်းလင်းဖယ်ရှား၍ လက်ရောက်ပေးအပ်မည်ဖြစ်ကြောင်း ဖော်ပြချုပ်ဆိုခဲ့ကြပါသည်။

သို့သော် ဒေါ်စန်းစန်းဝင်းသည် ဦးကျော်သူရထံ မြေကွက်ကိုလည်းမအပ်၊ အတွေ့လည်းမခံတော့ဘဲ ရှေ့နေကိုစေလွှတ်ကာ၊ ကန်ထရိုက်စာချုပ်အပိုဒ်(၂)ပါ သဘောတူညီချက်အတိုင်း ရောင်းဖိုးငွေနှင့်ကုန်ကျစရိတ်အရပ်ရပ်၏ နှစ်ဆ(၂-ဆ)ကို ပေးလျော်ပါမည်။ စာချုပ်များကို ဖျက်သိမ်းပေးပါဟု ညှိနှိုင်းစေခဲ့ရာ ဦးကျော်သူရက သဘောတူခဲ့ပါသည်။ ယင်းသဘောတူညီချက်ကိုလည်း ဒေါ်စန်းစန်းဝင်းသည် အကောင်အထည်ဖော်၍ ကတိငွေကိုပေးခြင်းမရှိပါ။ ဦးကျော်သူရ၏ ရှေ့နေက ပေးပို့သောနို့တစ်စာများကိုလည်း အကြောင်းပြချက်အမျိုးမျိုးဖြင့် လက်ခံခဲ့ခြင်းမရှိပါ။

အချိန်ကာလလည်း ကြာညောင်း၊ ငွေပေးဝယ်ယူထားသည့်မြေကိုလည်း လက်ရောက်မရ၊ လျော်ကြေးငွေကိုလည်း မရရှိသဖြင့် ယနေ့မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်၍ ရောင်းဖိုးငွေနှင့်ကုန်ကျစရိတ်နှစ်ဆပေးဆပ်ခြင်းကိုဖြစ်စေ၊ မှတ်ပုံတင်စာချုပ်ပြုလုပ်၍ မြေကိုလက်ရောက်ပေးအပ်ရန်ဖြစ်စေ၊ မဆောင်ရွက်ပါက တရားဥပဒေအရ အရေးယူရလိမ့်မည်ဖြစ်ကြောင်း အတိအလင်း သတိပေးတောင်းဆိုလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**(ထွန်းဝင်း) အထက်တန်းရှေ့နေ စဉ်-၆၄၀၉**

**အမှတ်(၁၀၆)၊ ဒုတိယထပ်(ဝဲ)၊ ၁၀၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**

## အများသိစေရန်

အမှတ် ၁၄၈၊ အင်းဝလမ်း(၂၀)၊ (၆)ရပ်ကွက်၊ တ/ဥမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဒေါ်လှအမည်ပေါက်မြေပေါ်တွင် Nation Light Co., Ltd. (ကုမ္ပဏီမှတ်ပုံတင်အမှတ် ၄၇၀၄/၂၀၁၃-၂၀၁၄)မှ တာဝန်ယူဆောက်လုပ်မည့် RC ခြောက်ထပ်တိုက်တွင်ရှိသော သုံးလွှာ၊ ခေါင်းရင်းခန်းအား ဦးအောင်ခင်ထွန်း ၁၂/ဥကတ(နိုင်)၁၅၁၈၂၆နှင့် ဒေါ်စိုးစိုးဝင်း ၅/ရဘန(နိုင်)၁၃၁၄၇၃တို့မှ ဝယ်ယူမည်ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၀ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဦးအောင်ခင်ထွန်း -ဒေါ်စိုးစိုးဝင်းတို့၏လွှဲအပ်ချက်အရ-

**ဒေါ်စန္ဒာအောင်(စဉ်-၂၆၆၃၅)**

**LL.B, D.B.L၊ အထက်တန်းရှေ့နေ**

**အမှတ် ၁၇၄၊ ဒုထပ်၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

လူမှုရေးကြော်ငြာ

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်ပို(တန့်ဆည်) (ငွေဟသာ်၊ ဆန်စက်၊ ဆီစက်)
အသက်(၉၁)နှစ်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် + ဒေါ်မြင့်မြင့်သန်း တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ပို (တန့်ဆည်)သည် (၂၇-၁၂-၂၀၁၄) ရက်နေ့ နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာ ကုသိုလ် ပြည့်စုံသော အန်တီကြီးတစ်ယောက် မြင့်မြတ်သော ဘုံဘဝ၌စံစားနေနိုင်ပါစေဟု ဆုတောင်းမေတ္တာပို့သလျက်.....

အဂ္ဂမဟာသီရိသုဓမ္မဇောတဓဇ ဒေါက်တာသန်းထွန်း+ဒေါ်မြသွေး
(တုံ့ကော်ရွှေပြည်မိသားစု)
ဥက္ကဋ္ဌ-အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၊ ရန်ကုန်မြို့၊

## အထူးဝမ်းနည်းကြေကွဲခြင်း

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်းတို့၏မိခင်**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ပို(တန့်ဆည်)**
**(ငွေဟသာ်ဆန်စက်၊ ဆီစက်)**
**အသက်(၉၁)နှစ်**

၂၇-၁၂-၂၀၁၄ရက် (စနေနေ့) နံနက် ၀၀း၁၀ နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးမောင်မောင်မြတ်-ဒေါ်နန္ဒာဝင်း**
**Native Power Technology Co.,Ltd.**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
**ဒေါ်ပို(တန့်ဆည်)**
**(ငွေဟသာ်၊ ဆန်စက်၊ ဆီစက်)**
**အသက်(၉၁)နှစ်**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်းတို့၏ မိခင်ကြီးသည် ၂၇-၁၂-၂၀၁၄ရက် (စနေနေ့) နံနက် ၀၀း၁၀ နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့်**
**ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

တောင်ငူမြို့၊ တပင်ရွှေထီးလမ်း၊ အမှတ် ၁၄/၂၁၂ နေ ဒေါ်ခင်စန်းဝေ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုအောင်အောင်ဦး-မစုကြည်၊ ကိုဆန်းပြည့်အောင်-မအိန္ဒြာနိုင်တို့၏ ချစ်လှစွာသောဖခင်၊ မောင်ကောင်းပြည့်အောင်၊ မောင်အောင်ဘုန်းပြည့်တို့၏ ချစ်လှစွာသောအဘိုး ဒေါက်တာစန်းတင့်(B.V.S)ဆန်းပြည့်အောင်ဆေးဆိုင်သည် ၂၇-၁၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

| | | |
|---|---|---|
| **ချစ်တဲ့ကိုကို** | - | **ဦးကျော်တင့်-ဒေါ်တင်စိန်** |
| **တူမ** | - | **ဗိုလ်ကြီးကျော်စွာဝင်း-မတင်တင်ကျော်** |
| **တူ** | - | **ကိုကျော်လင်းဦး(ကိုပြူး)-မစန္ဒာဝင်း** |
| **မြေးများ** | - | **မဖူးမြတ်သွယ်၊ မောင်ထက်နိုင်ထွန်း၊ မောင်ရဲမြတ်မင်း** |
| | | **တက်နေဝန်း-ရောင်းဝယ်ရေးမိသားစု(ပြည်မြို့)** |

**မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်အမှတ် ၂၁ယ/၉၀၃၂၉ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထွေးကြည် ၁၀/ပမန(နိုင်)၀၁၈၄၉၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(သထုံ)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဒေါက်တာဦးကြည်(နတ်တလင်း)**
**(ဆီးနှင့်ကျောက်ကပ်အထူးကု ဆရာဝန်ကြီး)**
**အသက်(၉၃)နှစ်**

ဦးမြဟန်-ဒေါ်ခင်စပယ်ကြည်တို့၏ဖခင် ဒေါက်တာဦးကြည် အသက်(၉၃)နှစ်သည် ၂၈-၁၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**MD နှင့်ဝန်ထမ်းများ**
**New Day Energy Co.,Ltd.**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ပို(တန့်ဆည်)**
**အသက်(၉၁)နှစ်**

ဦးဝင်းဦး-ဒေါက်တာ ဒေါ်ချိုချို (တွဲဖက်ပါမောက္ခ၊ URC, YU)တို့၏ မိခင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်ပို(တန့်ဆည်)သည် ၂၇-၁၂-၂၀၁၄ ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **ဦးကုဗ္ဗိလှ-ဒေါက်တာ ဒေါ်ခင်သိန်းစိုး**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးရာဇာလှဆောင်**
**(ဦးစီးအရာရှိ၊ ဗဟိုမီးသတ်သင်တန်းကျောင်း)**
**အသက်(၃၄)နှစ်**

ဦးရာဇာလှဆောင်(ဦးစီးအရာရှိ)သည် ၂၈-၁၂-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှတ်စဉ်(၁၀)မှသူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး**
**ဒေါက်တာဦးကြည်(နတ်တလင်း)**
**(ဆီးနှင့်ကျောက်ကပ်အထူးကု ဆရာဝန်ကြီး)**
**အသက်(၉၃)နှစ်**

ဦးမြဟန်-ဒေါ်ခင်စပယ်ကြည်တို့၏ဖခင် ဒေါက်တာဦးကြည် အသက်(၉၃)နှစ်သည် ၂၈-၁၂-၂၀၁၄ ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာများ**
**New Day Energy Co.,Ltd.**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ပို(တန့်ဆည်)**
**အသက်(၉၁)နှစ်**

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့်အန်တီသန်းတို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်ပို(တန့်ဆည်) အသက်(၉၁) နှစ်သည် ၂၇-၁၂-၂၀၁၄ ရက်(စနေနေ့)နံနက် ၀၀း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကိုအောင်-မနော်အဲဖောလေး**
**နှင့်**
**GZTB Co.,Ltd. Int't မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်ပို(တန့်ဆည်) အသက် (၉၁) နှစ်
(ငွေဟသာ် ဆန်စက်၊ ဆီစက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်း တို့၏မိခင် ဒေါ်ပို(တန့်ဆည်)သည် ၂၇-၁၂-၂၀၁၄ ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးကိုကိုထွေး နှင့် ဇနီး ဒေါ်ဖောဖောသန်း
တော်ဝင်မိသားစု ကုမ္ပဏီလီမိတက်

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးသစ်လွင် (အင်ဂျင်နီယာချုပ်၊ ငြိမ်း)**
**အသက်(၇၀)**

ဦးသစ်လွင်(အင်ဂျင်နီယာချုပ်၊ ငြိမ်း)၊ အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)သည် ၂၈-၁၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**
**ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း**
**စက်မှုဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးသစ်လွင်**
**အသက်(၇၀)**

တပည့်များအပေါ် ပညာအမွေများစွာ သွန်သင်မျှဝေပေးခဲ့သော ကျေးဇူးရှင်ဆရာ ဦးသစ်လွင်သည် ၂၈-၁၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ နှမြောတသဝမ်းနည်းကြေကွဲရပါသည်။

**တပည့်များ**
**အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)**

## တောင်သူလယ်သမားများအနေဖြင့် ဥပဒေကိုတတ်သိနားလည်သည့်အဖွဲ့ အစည်းများ၊ လူပုဂ္ဂိုလ်များနှင့်တွေ့ဆုံပြီး မိမိတို့အခွင့်အရေးများ ရရှိအောင်ဆောင်ရွက်

သတင်း၊ စာမျက်နှာ » ၃

# Daedong လယ်ယာသုံးစက်ကိရိယာများ ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် တောင်သူလယ်သမားများ အကျိုးဖြစ်ထွန်းစေရန်အတွက် သမဝါယမဝန်ကြီးဌာနက ခုနစ်နှစ် အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးမည့် ကိုရီးယားနိုင်ငံ Daedong Co., Ltd. ထုတ် လယ်ယာသုံးစက်ကိရိယာများတင်ဆောင်၍ ပထမအကြိမ် (First shipment)အဖြစ် ဒီဇင်ဘာ ၂ ရက်၊ ၃ ရက်၊ ၈ ရက်၊ ၉ ရက်များတွင် ကိုရီးယားနိုင်ငံမှ ထွက်ခွာလာသည့် ကုန်တင် သင်္ဘောလေးစင်းအနက်နှစ်စင်းသည် ဒီဇင်ဘာ ၂၂ ရက်နှင့် ၃၁ ရက်များတွင် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာပြီဖြစ်သည်။ အဆိုပါ သင်္ဘောနှစ်စင်းတွင် လယ်ယာသုံးစက် ကိရိယာ ၇၄၄ စင်း ပါရှိလာခြင်းဖြစ်ပြီး ကျန်သင်္ဘောများလည်း ဆက်တိုက်ရောက်ရှိလာကြမည်ဖြစ်ကြောင်း သိရသည်။

ယခုရောက်ရှိလာသော လယ်ယာသုံးစက်ကိရိယာများကို အဆိုပြုလွှာအများဆုံးပေးပို့ထားသော စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးများရှိ တောင်သူများသို့ ခုနစ်နှစ် အရစ်ကျငွေချေစနစ်ဖြင့် ကြိုက်ရောင်းကြိုက်ဝယ် ရောင်းချဖြန့်ဖြူးပေးမည်ဖြစ်ပြီး ကျန်ဒေသများသို့လည်း ဆက်လက်ဖြန့်ဖြူးပေးသွားရန် စီစဉ်ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ သမဝါယမဝန်ကြီးဌာနအစီအစဉ်ဖြင့် အရစ်ကျရောင်းချပေးသည့် လယ်ယာသုံးခေတ်မီစက်ကိရိယာများကို လယ်ယာလုပ်ငန်းများတွင် ထိရောက်တွင်ကျယ်စွာအသုံးပြုကြခြင်းဖြင့် လယ်ယာထုတ်ကုန်များ တိုးတက်လာမည်သာမက လယ်ယာလုပ်သားရှားပါးမှု၊ စရိတ်ကြီးမြင့်မှုတို့ကိုကျော်လွှားကာ လယ်သမားများ၏ လူမှုဘဝ တိုးတက်မြင့်မားလာနိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(မြန်မာ့အလင်း)**



# ဘီလူးချောင်းအမှတ်(၃)ရေအားလျှပ်စစ်စက်ရုံ ရာနှုန်းပြည့်တည်ဆောက်ပြီးစီး၍ မကြာမီဖွင့်မည်

**လွိုင်ကော် ဒီဇင်ဘာ ၃၁**

ဘီလူးချောင်းအမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်းသည် ကယားပြည်နယ် လွိုင်ကော်မြို့အနီး တည်ရှိစီးဆင်းနေသော ဘီလူးချောင်းပေါ်ရှိ ရေတံခွန်အဆင့်ဆင့်ကို အခြေခံတည်ဆောက်ထားသော တတိယနှင့် နောက်ဆုံးအဆင့် ရေအားလျှပ်စစ်စက်ရုံဖြစ်သည်။

စီမံကိန်းကို ဂျပန်နိုင်ငံ နိပွန်ကိုအိ ကုမ္ပဏီလီမိတက် (Nippon Koei Co.,Ltd)က ၁၉၅၉ တွင် ပြုစုတင်ပြသောစာတစ်စောင်နှင့် ၁၉၈၉ ခုနှစ်နှင့် ၁၉၉၅ ခုနှစ်များတွင်လည်း New Japan Engineering Consultants Inc.(Newjec.)က လေ့လာခဲ့ပြီး ပြုစုတင်ပြခဲ့သော ဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာပေါ် အခြေခံ၍

**သတင်း-ခရမ်းစိုးမြင့်**
**ဓာတ်ပုံ-ကျော်မိုးလွင်**

တည်ဆောက်ခဲ့သော စီမံကိန်းဖြစ်သည်။ ဘီလူးချောင်းအမှတ်(၃)

*စာမျက်နှာ ၉ ကော်လံ ၄* ◆



ဘီလူးချောင်းအမှတ်(၃)ရေအားလျှပ်စစ်စက်ရုံကို တွေ့ရစဉ်။

**ယနေ့ မာ တိ ကာ**

## အင်္ဂလန်နိုင်ငံ၏ လူဦးရေ ၅၀ ရာခိုင်နှုန်းမှာ ဆရာဝန်ညွှန်ကြားသည့် ဆေးဝါးများကိုသာ သုံးစွဲ

စာမျက်နှာ » ၄

## ပြည်ထောင်စုအမွေ အမြဲတည်တံ့စေဖို့ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စို့

ဆောင်းပါး စာမျက်နှာ » ၆

## မြန်မာ့အလင်းသတင်းစာတိုက်မှ တာဝန်ရှိသူသုံးဦးအား ထောင်ဒဏ် နှစ် ၄၀ စီ ကျခံစေရန် အမိန့်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

မြန်မာ့အလင်းသတင်းစာတိုက် (ရန်ကုန်)၌ မန်နေဂျာတာဝန်ထမ်းဆောင်ခဲ့သည့် ဦးထွန်းထွန်းလတ်နှင့် လက်ထောက်မန်နေဂျာတာဝန်ထမ်းဆောင်ခဲ့ကြသူ ဦးဝင်းမြင့်နှင့် ဦးကျော်မင်းဦးတို့ကို နိုင်ငံတော်ဘဏ္ဍာငွေအလွဲသုံးစားမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင်တရားရုံးက ပြစ်မှုတစ်ခုလျှင် ထောင်ဒဏ် ၁၀ နှစ်နှင့် ပြစ်မှုလေးခုတို့အတွက် ထောင်ဒဏ်နှစ် ၄၀ အား အသီးသီးကျခံစေရန် ဒီဇင်ဘာ ၃၀ ရက်က အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါအမှုသည် မြန်မာ့အလင်းသတင်းစာတိုက်၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ပေါ်ပေါက်ခဲ့သော ငွေကြေးကွာဟမှု၊ အလွဲသုံးစားမှုနှင့် ငွေကြေးလိမ်လည်ထုတ်ယူမှုတို့အတွက် ၂၀၁၁ ခုနှစ်တွင် တရားစွဲဆိုခဲ့သည့် အမှုဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်ဘဏ္ဍာမဆုံးရှုံးစေရေးအတွက် ဝရမ်းကပ်သိမ်းဆည်းထားသော တရားခံသုံးဦး၏ နေအိမ်နှင့်တိုက်ခန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**




မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS

# နိုင်ငံတော်သမ္မတ၏ ၂၀၁၄ ခုနှစ် နိုင်ငံတော်အခြေအနေနှင့်ပတ်သက်၍ ပြည်သူသို့အစီရင်ခံတင်ပြချက်

**မိဘပြည်သူများခင်ဗျား**

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေများကို မိဘပြည်သူများထံ ရေဒီယိုမှတစ်ဆင့် အသိပေး ပြောကြားနေကျဖြစ်တဲ့အတိုင်း ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုများကို ပြောကြားရခြင်းဖြစ်ပါတယ်။ ဒီလဟာ ၂၀၁၄ ခုနှစ်ရဲ့ နောက်ဆုံးလလည်းဖြစ်တဲ့အတွက် တစ်နှစ်တာအတွင်းမှာ ဖြစ်ပေါ်ခဲ့တဲ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများ၊ ကျွန်တော်တို့အစိုးရအဖွဲ့ရဲ့ ဆောင်ရွက်မှုများနဲ့ ၂၀၁၅ ခုနှစ်အတွက် ပြင်ဆင်ဆောင်ရွက်ထားမှုများကိုလည်း ထည့်သွင်းပြောကြားသွားမှာဖြစ်ပါတယ်။

နှစ်သစ်ကူးအခါသမယမှာ လူတစ်ဦးချင်းစီအနေနဲ့ လာမယ့်နှစ်အတွင်း ဘယ်လိုထူးခြားတဲ့ အကြောင်းအရာတွေ ပေါ်ပေါက်လာမှာလဲ၊ မိမိတို့ရဲ့ လူမှုဘဝတွေအပေါ်မှာ ဘယ်လိုအကျိုးသက်ရောက်မှုတွေ ရှိမှာလဲဆိုတာကို ကြိုတင်တွေးတောလေ့ရှိပါတယ်။ ၂၀၁၅ ခုနှစ်ဟာ ကျွန်တော်တို့အစိုးရတာဝန်ယူပြီး တည်ဆောက်ခဲ့တဲ့နိုင်ငံရေးဖြစ်စဉ်ရဲ့ အရေးကြီးတဲ့ လုပ်ငန်းစဉ်တွေကို အဆင့်ဆင့်အကောင်အထည်ဖော်ရမယ့် နှစ်တစ်နှစ်ဖြစ်ပါတယ်။ နိုင်ငံရေးဖြစ်စဉ်ရဲ့ အရေးကြီးတဲ့ အပြောင်းအလဲတွေ၊ ဖြစ်ထွန်းတိုးတက်မှုတွေ ပေါ်ပေါက်လာမယ့် နှစ်တစ်နှစ်လို့လည်း ရှုမြင်သုံးသပ်ရမှာ ဖြစ်ပါတယ်။



ဒီနှစ်အတွင်းမှာ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် အရေးပါဆုံး အဆင့်တစ်ဆင့်ဖြစ်တဲ့ ၂၀၁၅ အထွေထွေရွေးကောက်ပွဲများ ကျင်းပပြုလုပ်မှာ ဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီးကာလနောက်ပိုင်း ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးသမိုင်းကို ပြန်ပြောင်းကြည့်ရှုတဲ့အခါ ကျင်းပခဲ့တဲ့ရွေးကောက်ပွဲတိုင်းမှာ အဓိကကျတဲ့ နိုင်ငံရေးအင်အားစုတစ်ရပ်ရပ်ရဲ့ ဆန့်ကျင်မှု၊မပါဝင်မှုကိုအမြဲတစေကြုံတွေ့ခဲ့ရပြီး နိုင်ငံရေးအင်အားစု အားလုံးပါဝင်နိုင်တဲ့ အခြေအနေမျိုးဖန်တီးနိုင်ခဲ့ခြင်းမရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီကနေ့ မြန်မာ့နိုင်ငံရေးဟာ မိမိတို့အားလုံး ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်မှုကြောင့် မတူညီတဲ့ ဖယ်ထုတ်တဲ့နည်းလမ်းတွေကို စွန့်ပယ်ပြီး နှစ်ဖက်စေ့စပ်ဆွေးနွေးခြင်း နည်းလမ်းတွေနဲ့ အဖြေရှာတဲ့နိုင်ငံရေးယဉ်ကျေးမှုသစ်ကို ပိုမိုအသက်ဝင်အောင် ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒါကြောင့် လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ အဓိကကျတဲ့ နိုင်ငံရေး အင်အားစုအားလုံး အင်တိုက်အားတိုက် ပါဝင်ယှဉ်ပြိုင်တဲ့ရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ်မှာ ပထမဆုံးအကြိမ် ကျင်းပနိုင်မှာဖြစ်ပါတယ်။ နိုင်ငံရေး အင်အားစုများအနေနဲ့ ရွေးကောက်ပွဲနည်းလမ်းနဲ့သာ နိုင်ငံရေးအဖြေကို ရှာဖွေပြီး မှန်ကန်တဲ့နိုင်ငံရေးရွေးချယ်မှုတွေပြုလုပ်ဖို့ ကြိုးပမ်းနေတဲ့ အခြေအနေများကြောင့်လည်း ၂၀၁၅ ဟာ နိုင်ငံရေးအရ ထူးခြားမှုရှိမယ့်နှစ် ဖြစ်ပါတယ်။

**၂၀၁၅ အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးနဲ့ တစ်နိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ကို အခြေခံတဲ့ နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရေး လုပ်ငန်းစဉ်များ အပြိုင်ပေါ်ပေါက်ရေးဟာ မိမိတို့အားလုံးအတွက် အလွန်အရေးကြီးတဲ့ နိုင်ငံရေးဖြစ်စဉ်များပဲဖြစ်**

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမူဘောင်အတွင်းကနေ နိုင်ငံရေးပါတီများ ထူထောင်ပြီး ရွေးကောက်ပွဲများမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ ဆုံးဖြတ်ထားတဲ့ နိုင်ငံရေးအင်အားစုများအပြင် နိုင်ငံရေးသဘောထားကွဲလွဲမှုတွေကို တခြားသော နည်းလမ်းနဲ့ ဖြေရှင်းဖို့ ကြိုးပမ်းခဲ့ကြတဲ့ လက်နက်ကိုင်အင်အားစုများလည်းရှိနေတာကို သတိပြုရမှာဖြစ်ပါတယ်။ ဒီလက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့လည်း ကျွန်တော်တို့အစိုးရလက်ထက်မှာ ကမ်းလှမ်းခဲ့တဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အခြေခံတဲ့ နိုင်ငံရေးအရ အဖြေရှာခြင်း လုပ်ငန်းစဉ်တွေမှာ ထဲထဲဝင်ဝင်ပါဝင်လာနေတဲ့ အချိန်အခါဖြစ်ပါတယ်။ ဒီကနေ့ ပေါ်ပေါက်နေတဲ့ နိုင်ငံရေး ဖြစ်စဉ်ဟာ နိုင်ငံရေးအင်အားစုအားလုံး ပါဝင်နိုင်ဖို့ အခွင့်အလမ်းများ ပွင့်လန်းနေတယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ လက်နက်ကိုင် နိုင်ငံရေး အင်အားစုများအနေနဲ့ အနာဂတ်ကာလမှာ နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲတွေကနေတစ်ဆင့် ပင်မနိုင်ငံရေးဖြစ်စဉ်အတွင်း တိုက်ရိုက်ပါဝင်ပတ်သက်လာဖို့ အခြေအနေကောင်းဖြစ်တယ်လို့လည်း ဆိုရမှာဖြစ်ပါတယ်။

၂၀၁၅ အထွေထွေရွေးကောက်ပွဲများကနေ ပေါ်ပေါက်လာမယ့် ပင်မနိုင်ငံရေး ဖြစ်စဉ်နဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်တွေကို အခြေပြုတဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များကို ပေါင်းစပ်နိုင်ဖို့ အလွန်အရေးကြီးပါတယ်။ ဒီလိုပေါင်းစပ်နိုင်တဲ့နေ့ဟာ ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွက် အရေးတကြီးလိုအပ်လျက်ရှိတဲ့ ဘုံရည်မှန်းချက်ဖြစ်တဲ့ **ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတစ်ရပ်တည်ဆောက်ခြင်းဖြင့် မြန်မာနိုင်ငံသစ်**ကို ထူထောင်နိုင်မယ့်နေ့ပဲ ဖြစ်ပါတယ်။ ဒီဖြစ်စဉ်တွေကပင်လျှင် ပြည်သူများရဲ့ စစ်မှန်တဲ့ ဆန္ဒမှန်တွေ ပေါ်ပေါက်လာရေးကို ဖော်ဆောင်ပေးမှာ ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးနဲ့ တစ်နိုင်ငံလုံး အတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ကို အခြေခံတဲ့ နိုင်ငံရေး ဆွေးနွေးပွဲများ ကျင်းပနိုင်ရေး လုပ်ငန်းစဉ်များ အပြိုင်ပေါ်ပေါက်ရေးဟာ မိမိတို့အားလုံးအတွက် အလွန်အရေးကြီးတဲ့ နိုင်ငံရေးဖြစ်စဉ်များပဲ ဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျား**

ကျွန်တော်တို့အစိုးရအနေနဲ့ ၂၀၁၄ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းစဉ်များနဲ့ ပတ်သက်ပြီး အဓိကကျတဲ့ ကိစ္စရပ်များကို ရှင်းလင်းပြောကြားလိုပါတယ်။

ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ပတ်သက်ပြီး ယခင်ပဋိပက္ခအကြီးအကျယ်ဖြစ်ပွားခဲ့ရာ ဒေသအတော်များများက **အထူးကဏ္ဍ ၂ သို့**



နှစ်ဖက်စေ့စပ်ဆွေးနွေးခြင်းနည်းလမ်းများနှင့် အဖြေရှာသည့် နိုင်ငံရေးယဉ်ကျေးမှုသစ်ကို ပိုမိုအသက်ဝင်အောင်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

# ၂၀၁၄ ခုနှစ် နိုင်ငံတော်အခြေအနေနှင့်ပတ်သက်၍ ပြည်သူသို့ အစီရင်ခံတင်ပြချက်



*အထူးကဏ္ဍ–၁ မှ*

ပြည်သူများရဲ့ နေ့စဉ်လူမှုဘဝများဟာ ယခင်ကနဲ့မတူတော့ဘဲ ငြိမ်းငြိမ်းချမ်းချမ်း ပုံမှန်သက်ဝင်လှုပ်ရှားလာနိုင်တာကို ဝမ်းမြောက်ဖွယ်တွေ့ရမှာဖြစ်ပါတယ်။ ယခင်ဘယ်တုန်းကမှ မရရှိခဲ့ဖူးတဲ့ ငြိမ်းချမ်းခြင်းရဲ့ အနှစ်သာရနဲ့ အကြောက်တရားကင်းစွာ နေထိုင်နိုင်မှုကိုလည်း ခံစားရရှိနေကြပြီဖြစ်ပါတယ်။ သို့သော်လည်း ဒေသတချို့မှာဖြစ်ခဲ့တဲ့ လက်နက်ကိုင်တပ်ဖွဲ့များရဲ့ ထိတွေ့မှုတွေဟာလည်း ဝမ်းနည်းစရာဖြစ်ရပ်တွေကို ပေါ်ပေါက်စေခဲ့ပါတယ်။ ဝမ်းသာကြည်နူးစရာအဖြစ်အပျက်တွေ၊ ဝမ်းနည်းဖွယ်ရာဖြစ်ရပ်တွေ ရောပွမ်းနေပေမယ့် ၂၀၁၄ ခုနှစ်ဟာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ စတင်တဲ့အချိန်ကစပြီး တိုက်ပွဲဖြစ်ပွားမှုအနည်းဆုံးနဲ့ အသက်အိုးအိမ်စည်းစိမ်နဲ့ ဥစ္စာပစ္စည်းဆုံးရှုံးမှုအရ လက်ရှိကာလအထိ အနည်းဆုံးနှစ်အဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။ အပစ်အခတ်တွေ လုံးဝရပ်စဲသွားပြီး ပြည်သူများရဲ့ နေ့စဉ်လူမှုဘဝတွေ ပုံမှန်ရှင်သန်လာသည့်တိုင် ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးမရမချင်း ဆက်လက်ဆောင်ရွက်ဖို့လိုအပ်ပါတယ်။

ဒါကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်အတွက် ဆက်လက်ညှိနှိုင်းစရာအနည်းငယ်ကို ညှိနှိုင်းပြီးတဲ့အခါမှာ လက်မှတ်ရေးထိုးနိုင်မှာဖြစ်ပါတယ်။ အနာဂတ်မှာ ကျွန်တော်တို့အားလုံးမြင်ချင်တဲ့ ပြည်ထောင်စုကြီးကို ဝိုင်းဝန်းတည်ဆောက်နိုင်ကြဖို့ ပါဝင်သင့် ပါဝင်ထိုက်သူတွေပါဝင်တဲ့ နိုင်ငံရေးဆွေးနွေးပွဲများကို အမြန်ဆုံး တက်လှမ်းကြရမှာဖြစ်ပါတယ်။ တိုင်းပြည်အတွက် အရေးကြီးတဲ့ နိုင်ငံရေးသဘောတူညီချက်တွေ၊ နိုင်ငံရေးအဖြေတွေကို ထိရောက်စွာ ရှာဖွေနိုင်တော့မှာဖြစ်ပါတယ်။

## မိဘပြည်သူများခင်ဗျား

၂၀၁၄ ခုနှစ်ဟာ လွတ်လပ်ရေးရပြီးနောက်ပိုင်း ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံတကာဆက်ဆံရေးမှာ ထူးခြားတဲ့ နှစ်တစ်နှစ်ဖြစ်ခဲ့ပါတယ်။ ဒီကာလအတွင်းမှာ နှစ်ပေါင်း ၄၀ ကျော်အတွင်း မပြုလုပ်နိုင်ခဲ့တဲ့ အာဆီယံအားကစားပြိုင်ပွဲများကို အိမ်ရှင်အဖြစ်နဲ့ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ပြီး မြန်မာ့အားကစားစွမ်းရည်ကို ပြသနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ အာဆီယံဥက္ကဋ္ဌတာဝန်ကိုလည်း ထမ်းဆောင်ခဲ့ပါတယ်။ အာဆီယံဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်နေစဉ်အတွင်း အာဆီယံထိပ်သီးအစည်းအဝေးများကိုသာမက အရှေ့အာရှထိပ်သီးအစည်းအဝေးပွဲများကိုပါ လက်ခံကျင်းပပြီး မိတ်ဖက်နိုင်ငံများရဲ့ ခေါင်းဆောင်တွေနဲ့ အာဆီယံနိုင်ငံများရဲ့ ခေါင်းဆောင်များကို အတူတကွ တွေ့ဆုံဆွေးနွေးနိုင်စေဖို့ ဖန်တီးပေးနိုင်ခဲ့ပါတယ်။ ဒီလိုထိပ်သီးအစည်းအဝေးများမှာ ဒေသတွင်းကိစ္စများ၊ တောင်တရုတ်ပင်လယ်အတွင်းက တင်းမာမှုများနဲ့ ကမ္ဘာလုံးဆိုင်ရာကိစ္စဖြစ်တဲ့ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာကိစ္စများအထိ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ခဲ့ကြပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဒီလိုဆွေးနွေးပွဲများကို ကျင်းပစီစဉ်ပေးရုံသက်သက်သာမက မတူညီတဲ့သဘောထားအမြင်များကို ပေါင်းကူးပေးခြင်း၊ တင်းမာမှုများကို လျှော့ချပေးခြင်းနဲ့ အဘက်ဘက်က သဘောတူနိုင်မယ့် နည်းလမ်းများကို ရှာဖွေပေးနိုင်ခဲ့ပြီး နိုင်ငံတကာဆက်ဆံရေးရဲ့ အရေးကြီးတဲ့အခန်းကဏ္ဍမှာ ပါဝင်ဆောင်ရွက်နိုင်ခဲ့တာ ဖြစ်တဲ့အတွက် များစွာဂုဏ်ယူဖွယ်ရာဖြစ်ခဲ့ပါတယ်။

ပြီးခဲ့တဲ့နှစ်အတွင်းမှာ နိုင်ငံတကာပိတ်ဆို့အရေးယူမှုများ၊ အထီးကျန်ဆန်ခဲ့ရမှုများကနေ ကမ္ဘာ့မိသားစုအတွင်း ဂုဏ်သိက္ခာရှိတဲ့၊ တာဝန်သိတဲ့၊ တာဝန်ယူမှုရှိတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်ရေးဆိုတဲ့ ကျွန်တော်တို့ရဲ့ဦးတည်ချက်ကို ဆက်လက်ချီတက်နိုင်ခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ တိုင်းပြည်အတွက် မရှိမဖြစ်လိုအပ်တဲ့ နိုင်ငံတကာကွန်ရက်တစ်ခုကို စတင်တည်ဆောက်နိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ဟာ ကမ္ဘာ့အသိုက်အဝန်းအတွင်းမှာ တက်ကြွပြီး မိတ်ဖက်စုံတဲ့ နိုင်ငံခြားရေးမူဝါဒကို ပိုင်ဆိုင်ရေးဆိုတဲ့ ကိုယ်ပိုင်လမ်းကြောင်းပေါ်မှာ လျှောက်လှမ်းလျက်ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ကမ္ဘာ့နိုင်ငံများနဲ့ အင်အားကြီးနိုင်ငံများအားလုံးနဲ့ ခိုင်မာအားကောင်းတဲ့ ဆက်ဆံရေးများကို ဖြစ်နိုင်သမျှ တည်ဆောက်ခြင်းဖြင့် ကျွန်တော်တို့ ပြည်သူများအတွက် အကောင်းဆုံး အကျိုးရလဒ်များကို ဆောင်ကြဉ်းနိုင်မှာဖြစ်ပါတယ်။

တိုင်းပြည်တစ်ပြည်အနေနဲ့ စီးပွားရေးကို ပြန်လည်တည်ဆောက်တဲ့အခါ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လွှမ်းခြုံစဉ်းစားဆောင်ရွက်ရပါတယ်။ အဓိက ကတော့ စီးပွားရေးအဆောက်အအုံတည်ငြိမ်ရေးအတွက် အရေးကြီးတဲ့ စီးပွားရေး အင်စတီကျူးရှင်းတွေကို ပြင်ဆင်ခြင်း၊ အသစ်တည်ဆောက်ခြင်းများ လုပ်ဆောင်ခဲ့ရပါတယ်။ ရင်းနှီးမြှုပ်နှံမှုတွေတိုးတက်လာဖို့ အခြေအနေတွေ ဖန်တီးပေးနိုင်ခဲ့တဲ့အတွက် ၂၀၁၄ ခုနှစ်အတွင်းမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၃ ဘီလီယံထိ တိုးတက်လာခဲ့ပါတယ်။ ခရီးသွားလုပ်ငန်းမှာလည်း ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံကို လာရောက်လည်ပတ်သူ သုံးသန်းကျော်ရှိခဲ့ပြီး တိုင်းပြည်အတွက် ဝင်ငွေ အမေရိကန်ဒေါ်လာ သုံးဘီလီယံခန့် တိုးတက်ရရှိခဲ့ပါတယ်။ အရေးကြီးတဲ့ ကုန်သွယ်မှုစာချုပ်တွေနဲ့ နားလည်မှုစာချွန်လွှာတွေကို ချုပ်ဆိုနိုင်ခဲ့ပါတယ်။ ကုန်သွယ်မှုကနေ စီးဆင်းငွေဟာလည်း ကျပ်ငွေ ဘီလီယံ ၂၀ အထိ ရှိခဲ့ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းသစ်တွေနဲ့ လုပ်သားအင်အားစုရဲ့ လုပ်ငန်းကျွမ်းကျင်မှုတွေ၊ လုပ်အားစွမ်းရည်တွေ မြှင့်တင်ဖို့အတွက်လည်း အခွင့်အလမ်းများ ဖန်တီးနိုင်ခဲ့ပါတယ်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မောင်းနှင်ရာမှာ အရေးကြီးကဏ္ဍတစ်ခုဖြစ်တဲ့ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၄ ခုနှစ်အတွင်းမှာ နိုင်ငံတကာအတွေ့အကြုံရှိတဲ့ တယ်လီဖုန်းဆက်သွယ်ရေးအော်ပရေတာတွေဟာ စတင်လည်ပတ်နိုင်ခဲ့ပါတယ်။ မိုဘိုင်းဖုန်းသိပ်သည်းဆဟာ ကျွန်တော်တို့အစိုးရတာဝန်ယူစမှာ ၃ ရာခိုင်နှုန်းကျော်သာရှိခဲ့ပေမယ့် ၂၀၁၄ ခုနှစ်မှာ ၂၃ ရာခိုင်နှုန်းခန့်အထိ တိုးတက်လာခဲ့ပါတယ်။ လက်ရှိကာလလို တည်ဆောက်ဆဲကာလမှာ သုံးစွဲနိုင်တဲ့ ဧရိယာနဲ့ အရည်အသွေးပိုင်းဆိုင်ရာ စိန်ခေါ်မှုတွေ ရှိနေပေမယ့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အလျင်အမြန် ဖြန့်ကြက်ဆောင်ရွက်နေရတဲ့အတွက် မကြာခင်မှာ ခေတ်မီတဲ့ ဆက်သွယ်ရေးကဏ္ဍတစ်ခုကို ပိုင်ဆိုင်နိုင်မှာ ဖြစ်ပါတယ်။ သတင်းအချက်အလက်များ လျင်မြန်စွာ စီးဆင်းနိုင်မှုဟာ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ သုတေသနအစရှိတဲ့ နယ်ပယ်တွေ ဖွံ့ဖြိုးတိုးတက်ဖို့သာမက ဒီမိုကရေစီလူ့ဘောင်အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ရာမှာ အထူးအရေးကြီးတဲ့ အခြေခံအုတ်မြစ်တစ်ခုလည်းဖြစ်ပါတယ်။

အစိုးရအနေနဲ့ ပြည်သူ့ဝန်ထမ်းလစာများကို နှစ်စဉ်တိုးမြှင့်ပေးလျက်ရှိပါတယ်။ လစာတိုးမြှင့်ပေးရုံသက်သက်သာမက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များအတွက် အခြားပံ့ပိုးမှုများဖြစ်တဲ့ ပညာသင်ထောက်ပံ့ကြေး၊ ပညာသင်ဆုနဲ့ လူမှုဖူလုံရေးကိစ္စရပ်များကိုလည်း အများပြည်သူနည်းတူ ရရှိအောင်နဲ့ အရေအတွက်ရော၊ ပမာဏရော တိုးတက်စေဖို့ စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ လုပ်ခလစာများ တိုးမြှင့်မှုကြောင့် ဖြစ်ပေါ်လာမယ့် ကုန်ဈေးနှုန်း ရုတ်တရက်မြင့်မားလာမှုများကြောင့် အများပြည်သူဝန်ထုပ်ဝန်ပိုး မဖြစ်စေရေးဟာ များစွာအရေးကြီးပါတယ်။ ဒါကြောင့် အစိုးရအနေနဲ့ လိုအပ်တဲ့စီးပွားရေးထိန်းညှိမှုတွေကိုလည်း ထည့်သွင်းစဉ်းစား စီမံဆောင်ရွက်ရတာဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ပင်စင်လစာတိုးတက်ရေးနဲ့ ပင်စင်လစာ ထုတ်ယူမှုစနစ်ကို တစ်နှစ်ထက်တစ်နှစ် မြန်ဆန်ပြီး လွယ်ကူချောမွေ့အောင် ဆောင်ရွက်လျက်ရှိပါတယ်။ ယခုနှစ်မှာလည်း E .pension card ၅ သိန်းကျော် ထုတ်ပေးထားပြီးဖြစ်ပါတယ်။

နိုင်ငံသားများဟာ အခွန်ကို စနစ်တကျနဲ့ ပေးဆောင်ဖို့ တာဝန်ရှိသလို အစိုးရအနေနဲ့လည်း နိုင်ငံသားများရဲ့ အခွန်အခများကို စနစ်တကျစီမံခန့်ခွဲနိုင်ဖို့နဲ့ ပွင့်လင်းမြင်သာစွာ သုံးစွဲဖို့၊ အမှန်တကယ်လိုအပ်နေတဲ့ကဏ္ဍများမှာ အလိုအပ်ဆုံးဖြစ်နေတဲ့ ပြည်သူများအတွက် အကျိုးရှိစွာသုံးစွဲဖို့ တာဝန်ရှိပါတယ်။ ဒါကြောင့် ၂၀၁၄ ခုနှစ်မှာ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးဆိုင်ရာ မဟာဗျူဟာကိုရေးဆွဲပြီး ပြည်ထောင်စုအခွန်အကောက်ဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ အဲ့ဒီလို ချမှတ်နိုင်ခဲ့တဲ့အတွက် ပြည်သူများအနေနဲ့ အခွန်ကို စနစ်တကျပေးဆောင်နိုင်ဖို့နဲ့ ရရှိလာတဲ့အစိုးရအနေနဲ့လည်း အခွန်ဘဏ္ဍာကို ပြည်သူ့ရေးရာဝန်ဆောင်မှုများမှာ ပြန်လည်သုံးစွဲဖို့ စနစ်တကျ စီမံခန့်ခွဲလာနိုင်ခဲ့ပါတယ်။ ခေတ်မီတဲ့ စီးပွားရေးပုံစံတစ်ရပ် ပိုင်ဆိုင်နိုင်ရေးဟာ ကျွန်တော်တို့နိုင်ငံအတွက် အလွန်အရေးကြီးတဲ့လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါတယ်။ ခေတ်မီတဲ့ စီးပွားရေးစနစ်တစ်ခုမှာ စတော့အိတ်ချိန်းဟာ မရှိမဖြစ်လိုအပ်တဲ့ကဏ္ဍတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် တစ်ပိုင်တစ်နိုင်စုဆောင်းငွေ အနည်းငယ်ကစလို့ ဝင်ရောက်ရင်းနှီးမြှုပ်နှံပြီး စီးပွားရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်မယ့် ရန်ကုန်စတော့အိတ်ချိန်းကို ၂၀၁၅ ခုနှစ်အတွင်းမှာ ပေါ်ပေါက်လာဖို့ မျှော်မှန်းကြိုးပမ်းဆောင်ရွက်နေပါတယ်။

စီးပွားရေးတိုးတက်မှုရရှိပြီး ဈေးနှုန်းတည်ငြိမ်ဖို့အတွက် ဗဟိုဘဏ်ဟာ ၂၀၁၅ ဇန်နဝါရီလမှာ အစိုးရငွေချေး သက်သေခံလက်မှတ်များကို လေလံစနစ်နဲ့ ရောင်းချသွားဖို့ ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။ ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အတွေ့အကြုံရှိတဲ့ နိုင်ငံခြားဘဏ် ကိုးခုကို ဖွင့်လှစ်ဆောင်ရွက်ခွင့်ပြုထားပြီးဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ အသေးစားအလတ်စားလုပ်ငန်း၊ တန်ဖိုးနည်းအိမ်ရာတည်ဆောက်ရေး စတဲ့ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုကို အထူးပြုလုပ်ဆောင်ရွက်မယ့်ဘဏ်များကိုလည်း လုပ်ငန်းလိုင်စင်ချပေးခဲ့ပြီးဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ခရက်ဒစ်ဗျူရိုများဖွင့်လှစ်ပြီး ဘဏ်ချေးငွေလိုအပ်နေတဲ့ ကဏ္ဍအသီးသီးမှာ ချေးငွေပိုမိုရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ငွေပေးချေမှုများ၊ ငွေကြေးစီးဆင်းမှုများကိုလည်း ငွေသားကို အဓိကထားတဲ့ စနစ်ကနေပြီး စာရင်းဇယားတိကျပြီး ပွင့်လင်းမြင်သာမှုရှိတဲ့ ငွေပေးချေမှုစနစ်များ၊ ငွေပေးချေကတ်အသုံးပြုမှု အစီအစဉ်များဖြစ်ပေါ်အောင် စတင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အခုလို စီးပွားရေးပြုပြင်ပြောင်းလဲရေး ကြိုးပမ်းမှုတွေရဲ့ အကျိုးရလဒ်တွေ၊ အသီးအပွင့်တွေကို သာမန်ပြည်သူတစ်ယောက်ချင်းစီအထိ ထိထိရောက်ရောက် လက်တွေ့ကျကျ ခံစားနိုင်စေဖို့အတွက် ကျန်ရှိနေတဲ့ အခက်အခဲနဲ့ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားရဦးမှာဖြစ်ပါတယ်။ ဝင်ငွေကွာဟမှု အလွန်အမင်းမြင့်မားမှုကြောင့် ပေါ်ပေါက်နေတဲ့ နိုင်ငံရေးပြဿနာတွေ၊ လူမှုရေးပြဿနာတွေကို ထိထိရောက်ရောက် ဖြေရှင်းနိုင်ဖို့အတွက် ပြည်သူအားလုံးကို အကျိုးပြုစေနိုင်မယ့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိဖို့ ၂၀၁၅ ခုနှစ်အတွင်းမှာ ဆက်လက်ကြိုးပမ်းသွားမှာဖြစ်ပါတယ်။

## မိဘပြည်သူများခင်ဗျား

ပညာရေးကဏ္ဍနဲ့ပတ်သက်ပြီး ၂၀၁၄ ခုနှစ်အတွင်း အခြေခံပညာသင်ကျောင်းများရဲ့ အရည်အသွေးမြင့်မားဖို့အတွက် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း၊ အခမဲ့ပညာရေးစနစ်ကို မူလတန်းကနေ အလယ်တန်းအဆင့်ထိ တိုးမြှင့်ခြင်း၊ အခြေခံစာတတ်မြောက်မှု လှုပ်ရှားမှုကို အရှိန်အဟုန်မြှင့်တင်ခြင်း၊ တက္ကသိုလ်များမှာ ကျောင်းသား အဆောင်များ ပြန်လည်ဖွင့်လှစ်ခြင်း၊ ရန်ကုန်တက္ကသိုလ် ပြန်လည်မွမ်းမံပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လာမယ့်နှစ် ပြည်ထောင်စုအစိုးရရဲ့ အသုံးစရိတ်မှာ ပညာရေးကဏ္ဍအတွက် ပိုမိုသုံးစွဲသွားမှာလည်းဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်အတွင်းမှာ အမျိုးသားပညာရေးဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ ဒီအမျိုးသားပညာရေးဥပဒေဟာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လွှမ်းခြုံစဉ်းစားရတာဖြစ်တဲ့အတွက် အမြင်သဘောထား မတူညီမှုတွေရှိတယ်ဆိုတာကို ကျွန်တော့်အနေနဲ့ လက်ခံထားပါတယ်။ ပိုမိုကောင်းမွန်တဲ့ရလဒ်တွေ ရရှိဖို့အတွက် လက်ရှိ အမျိုးသားပညာရေးဥပဒေကို လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ရှုမြင်ပြီး ကျယ်ကျယ်ပြန့်ပြန့် ပါဝင်မှုများနဲ့ ဆက်လက်ဆွေးနွေးညှိနှိုင်းအဖြေရှာကြဖို့လည်း တိုက်တွန်းပြောကြားလိုပါတယ်။ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းကို မှန်ကန်စွာလုပ်ဆောင်နိုင်ဖို့နဲ့ ခေတ်နဲ့လျော်ညီတဲ့ ပညာရေးစနစ်တစ်ရပ် ပိုင်ဆိုင်နိုင်ရေးအတွက် အားလုံးပူးပေါင်းပါဝင် တည်ဆောက်ကြဖို့လည်း ဖိတ်ခေါ်အပ်ပါတယ်။

ယခင်က ကျန်းမာရေးဘတ်ဂျက်အတွက် ကျပ်ငွေ ၁၀၀ ဘီလီယံ အသုံးပြုခဲ့စဉ်က အစိုးရအနေနဲ့ ပြည်သူတစ်ဦးချင်းရဲ့ ကျန်းမာရေးကိစ္စအတွက် ၂၀ ရာခိုင်နှုန်းသာ စိုက်ထုတ်ပေးနိုင်ပြီး ကျန်တဲ့ ၈၀ ရာခိုင်နှုန်းကိုတော့ ပြည်သူတစ်ဦးချင်းစီက ကျခံသုံးစွဲခဲ့ရပါတယ်။ ၂၀၁၄–၂၀၁၅ ဘဏ္ဍာရေးနှစ်မှာတော့ ကျန်းမာရေးအတွက် ကျပ်ငွေ ၅၃၇ ဘီလီယံ သုံးစွဲနိုင်ခဲ့တဲ့အတွက် ပြည်သူတစ်ဦးချင်းစီအနေနဲ့ စိုက်ထုတ်သုံးစွဲရမှုဟာ ၆၀ ရာခိုင်နှုန်းအောက်ကို ကျဆင်းလာခဲ့ပါတယ်။ အစိုးရအနေနဲ့ လက်ရှိမှာ ပြည်သူတစ်ဦးချင်းစီအတွက် ၁၂ ဒေါ်လာနဲ့ နိုင်ငံတကာအကူအညီတွေပေါင်းလိုက်ရင် တစ်နှစ်ကို ပျမ်းမျှအားဖြင့် ၁၅ ဒေါ်လာခန့် စိုက်ထုတ်ပေးလျက်ရှိပါတယ်။

*အထူးကဏ္ဍ–၄ သို့*




အာဆီယံထိပ်သီးအစည်းအဝေးများကိုသာမက အရှေ့အာရှထိပ်သီးအစည်းအဝေးပွဲများကိုပါ လက်ခံကျင်းပပြီး မိတ်ဖက်နိုင်ငံများ၏ခေါင်းဆောင်များနှင့် အာဆီယံနိုင်ငံများ၏ ခေါင်းဆောင်များကို အတူတကွတွေ့ဆုံဆွေးနွေးနိုင်စေရန် ဖန်တီးပေးနိုင်ခဲ့သည်။

**လုပ်ခလစာများ တိုးမြှင့်မှုကြောင့် ဖြစ်ပေါ်လာမယ့် ကုန်ဈေးနှုန်း ရုတ်တရက်မြင့်မားလာမှုများကြောင့် အများပြည်သူဝန်ထုပ်ဝန်ပိုး မဖြစ်စေရေးဟာ များစွာအရေးကြီး၊ ဒါကြောင့် အစိုးရအနေနဲ့ လိုအပ်တဲ့စီးပွားရေးထိန်းညှိမှုတွေကိုလည်း ထည့်သွင်းစဉ်းစား စီမံဆောင်ရွက်ရ**



ခရီးသွားလုပ်ငန်းတွင် ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံသို့ လာရောက် လည်ပတ်သူ သုံးသန်းကျော်ရှိခဲ့ပြီး တိုင်းပြည်အတွက် ဝင်ငွေ အမေရိကန်ဒေါ်လာ သုံးဘီလီယံခန့် တိုးတက်ရရှိခဲ့သည်။



တစ်ပိုင်တစ်နိုင် စုဆောင်းငွေမှစ၍ ဝင်ရောက်ရင်းနှီးမြှုပ်နှံပြီး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည့် ရန်ကုန်စတော့အိတ်ချိန်းကို ၂၀၁၅ ခုနှစ်အတွင်း ပေါ်ပေါက်လာရန် ကြိုးပမ်းလျက်ရှိသည်။

အထူးကဏ္ဍ ၃ မှ

ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ (WHO) ရဲ့ တွက်ချက်မှုအရ ဖွံ့ဖြိုးဆဲနိုင်ငံများမှာ ပြည်သူတစ်ဦးချင်းစီရဲ့ ကျန်းမာရေးစရိတ်ဟာ တစ်နှစ်လျှင် ပျမ်းမျှအားဖြင့် ဒေါ်လာ ၃၀ ဖြစ်တဲ့အတွက် လက်ရှိမှာ အစိုးရအနေနဲ့ ၅၀ ရာခိုင်နှုန်းစိုက်ထုတ်ပေးထားတယ်ဆိုတာကို တွေ့ရမှာဖြစ်ပါတယ်။ ကိန်းဂဏန်းအချက်အလက်တွေအရ ယခုလို တိုးတက်မှုတွေရှိနေပေမယ့် ဆေးရုံတစ်ရုံချင်းမှာ လိုအပ်ချက်တွေများစွာ ရှိနေသေးတာကိုလည်း ကျွန်တော်တို့အနေနဲ့ နားလည်လက်ခံထားပါတယ်။ ဒါ့ကြောင့် လာမယ့်နှစ်မှာ ကျန်းမာရေးအသုံးစရိတ်ကို ပိုမိုသုံးစွဲသွားဖို့နဲ့ ကျန်းမာရေးဝန်ထမ်းများရဲ့ လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လျှပ်စစ်ကဏ္ဍမှာဆိုရင်လည်း ၂၀၁၄ ခုနှစ်အထိ ပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးက မြို့ပေါင်း ၃၃၈ မြို့ရှိတဲ့အနက် ၂၄၃ မြို့ကို မဟာဓာတ်အားလိုင်းကနေ လျှပ်စစ်ဓာတ်အားပေးနိုင်ပြီး ကျန်တဲ့ ၁၅၅ မြို့ကို အခြားနည်းလမ်းများနဲ့ လျှပ်စစ်မီးပေးနိုင်ခဲ့ပါတယ်။ ကျေးလက်မီးလင်းရေးအစီအစဉ်အရလည်း ကျေးရွာပေါင်း ၂၅၀၀၀ ကျော်ကိုလျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒီကနေ့ခေတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ ပုံမှန်လျှပ်စစ်ဓာတ်အားရရှိရေးဟာ အဓိကကျတဲ့ ကိစ္စတစ်ရပ်ဖြစ်ပါတယ်။ ဒါ့အပြင် အခြားသော ပညာရေး၊ ကျန်းမာရေး စတဲ့ကဏ္ဍများအတွက်လည်း အရေးကြီးတဲ့ အခြေခံအဆောက်အအုံဖြစ်တဲ့အတွက် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးရေးကို ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ တစ်ဆက်တည်းမှာပဲ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အစိုးရနဲ့ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

၂၀၁၄ ခုနှစ်အတွင်း ဆောင်ရွက်နိုင်ခဲ့တဲ့ကိစ္စတွေထဲမှာ အဓိကကျတဲ့ လုပ်ငန်းစဉ်တစ်ရပ်ကတော့ လူဦးရေ၊ အိမ်အကြောင်းအရာနဲ့ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းပဲ ဖြစ်ပါတယ်။ အုပ်ချုပ်ရေးအရ လူဦးရေနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို မှန်ကန်စွာ ရရှိနေမှသာ ပြည်သူ့ရေးရာ ဝန်ဆောင်မှုလုပ်ငန်းတွေ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ထိရောက်တဲ့ လုပ်ဆောင်မှုတွေကို ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ဒီမိုကရေစီစနစ်ရဲ့ ခိုင်မာအားကောင်းရေးမှာ အဓိကကျတဲ့ ရွေးကောက်ပွဲစနစ်များ ခိုင်မာရေးနဲ့ အထွေထွေရွေးကောက်ပွဲများကို မှန်ကန်စွာ ကျင်းပနိုင်ရေးအတွက်လည်း များစွာ အရေးပါတဲ့ကိစ္စလည်း ဖြစ်ပါတယ်။ ဒီကိစ္စဟာ အစိုးရတစ်ရပ်အတွက်သာမက အစိုးရ အဆက်ဆက်အတွက် အကျိုးရှိမှာဖြစ်ပြီး အထူးသဖြင့် မိမိနိုင်ငံရဲ့ အကျိုးစီးပွားအတွက်လည်း တိုက်ရိုက်အကျိုးပြုတဲ့ စာရင်းဇယားညွှန်းကိန်းတစ်ခုကို ပိုင်ဆိုင်နိုင်တာ ဖြစ်ပါတယ်။

မြေယာပြဿနာဟာ ကျွန်တော်တို့နိုင်ငံအတွက် ကြီးမားတဲ့စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါတယ်။ မြေယာကဏ္ဍ ပြုပြင်ပြောင်းလဲရေးကိစ္စကိုဆောင်ရွက်ရတဲ့ နိုင်ငံတိုင်းဟာ အခက်အခဲကြီးမားစွာကြုံတွေ့ရလေ့ရှိပြီး အထူးသဖြင့် နိုင်ငံရေးအသွင်ကူးပြောင်းမှုကိုဆောင်ရွက်ရတဲ့ နိုင်ငံများမှာ ပိုမိုခက်ခဲပါတယ်။ စနစ်ဟောင်းအရ လုပ်ထုံးလုပ်နည်းများ ရှုပ်ထွေးခြင်း၊ပိုင်ဆိုင်မှု အထောက်အထားပုံစံများ စစ်ဆေးရန် ခက်ခဲခြင်း၊ ခေတ်နဲ့လျော်ညီမှုမရှိတော့တဲ့ လုပ်ထုံးလုပ်နည်းဟောင်းများ၊ ဥပဒေဟောင်းများရဲ့ အားနည်းမှုကို အခွင့်ကောင်းယူပြီး စီမံကိန်းများ ဆောင်ရွက်ရာမှာ ပွင့်လင်းမြင်သာမှုမရှိခြင်း၊ ဒေသခံများရဲ့ သဘောထားများကို လျစ်လျူရှုခြင်းများကြောင့် ပေါ်ပေါက်ခဲ့ရတဲ့ မြေယာပြဿနာကို ကျွန်တော်တို့နိုင်ငံမှာ ကြီးမားစွာ ကြုံတွေ့ခဲ့ရပါတယ်။ ဒီပြဿနာတွေ၊ အခက်အခဲတွေကနေ အတွေ့အကြုံယူပြီးမြေယာကဏ္ဍကိုထိထိရောက်ရောက် ပြုပြင်ပြောင်းလဲနိုင်ဖို့အတွက် ဒုတိယသမ္မတဥက္ကဋ္ဌအဖြစ် ဦးဆောင်ပါဝင်တဲ့မြေအသုံးချစီမံခန့်ခွဲရေး ဗဟိုကော်မတီကိုဖွဲ့စည်းပေးခဲ့ပြီး ပွင့်လင်းမြင်သာမှုရှိဖို့နဲ့ အောက်ခြေအထိ ထိရောက်စွာ ဆောင်ရွက်နိုင်ဖို့ ကျေးရွာအုပ်စုမြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများအထိ ဖွဲ့စည်းပေးခဲ့ပါတယ်။

မြေယာကဏ္ဍပြုပြင်ပြောင်းလဲရေးနဲ့ ဖြေရှင်းရမယ့် မြေယာအငြင်းပွားမှုတွေ များစွာရှိတဲ့အတွက် လုပ်ငန်းဆောင်ရွက်မှုအပိုင်းတွေမှာ နှောင့်နှေးကြန့်ကြာမှုတွေ ရှိနေတာတွေကိုလည်း ပိုမိုလွယ်ကူရှင်းလင်းမယ့် လုပ်ငန်းစဉ်တွေနဲ့ ဖြည့်စွက်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအနေနဲ့လည်း ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲများကို အတွေ့အကြုံများအဖြစ် ရယူပြီး လာမယ့်နှစ်အတွင်းမှာ မြေယာကဏ္ဍပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်တဲ့အခါ ထိထိရောက်ရောက်ဖြစ်စေဖို့၊ သက်ဆိုင်ရာ ပြည်သူတွေ ထိခိုက်နစ်နာမှုမရှိစေဖို့နဲ့ ရသင့်ရထိုက်တဲ့ မြေယာများ လက်ဝယ်ပြန်လည်ရရှိနိုင်ဖို့ဆိုတဲ့ ကိစ္စရပ်များကို အထူးကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ကြောင်းကိုလည်းအသိပေးပြောကြားလိုပါတယ်။

ကျွန်တော်တို့ အစိုးရတာဝန်စတင်ယူစဉ်ကတည်းက သန့်ရှင်းသောအစိုးရနဲ့ ကောင်းမွန်သော အုပ်ချုပ်ရေးဆိုတဲ့ ရည်မှန်းချက်ကို ကြိုးပမ်းအကောင်အထည်ဖော်လာခဲ့တာ ဖြစ်ပါတယ်။ လက်ရှိမှာ ပွင့်လင်းမြင်သာသော အစိုးရစနစ်အတွက် ပူးပေါင်းဆောင်ရွက်မှု OGP မှာလည်း ဝင်ရောက်ဖို့ကြိုးပမ်းနေပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကလည်း လုပ်ငန်းစဉ်တွေကို ထိရောက်စွာ ကိုင်တွယ်နိုင်ဖို့ ကြိုးပမ်းလျက်ရှိပါတယ်။ တွင်းထွက်သယံဇာတ အရင်းအမြစ် တူးဖော်ရေးစက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးအဖွဲ့ကို ဝင်ရောက်ဖို့ကြိုးပမ်းခဲ့ရာမှာ အချိန်တိုအတွင်း အဖွဲ့ဝင်လောင်းအဖြစ် အသိ အမှတ်ပြုခံခဲ့ရပါတယ်။ ဒီလို EITI အဖွဲ့မှာ ပါဝင်နိုင်တဲ့အတွက်ကြောင့် သဘာဝအရင်းအမြစ်တွေ ထုတ်ယူသုံးစွဲခြင်းနဲ့ ရရှိလာတဲ့ အကျိုးအမြတ်တွေကို ပြန်လည်သုံးစွဲတဲ့အခါမှာ ပိုမိုပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများရှိစွာနဲ့ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ အစိုးရ၊ ပြည်သူများနဲ့ လုပ်ငန်းဆောင်ရွက်မယ့် စီးပွားရေးလုပ်ငန်းတို့အကြား သုံးဦးသုံးဖလှယ် ပူးပေါင်းဆောင်ရွက်တဲ့အတွက် ပွင့်လင်းမြင်သာမှုအားနည်းခဲ့လို့ ဖြစ်ပေါ်ခဲ့ရတဲ့ ပြဿနာတွေ မပေါ်ပေါက်စေဖို့ အထောက်အကူပြုမှာဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုများလည်း ခိုင်မာတဲ့ အာမခံချက်ရှိလာမှာ ဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျား**

ကျွန်တော်တို့ မြန်မာ့လူ့အဖွဲ့အစည်းအနေနဲ့ မျှော်မှန်းတည်ဆောက်နေတဲ့ ဒီမိုကရေစီထွန်းကားတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ဖို့အတွက် နိုင်ငံသားများအကြား လေးစားမှု၊ သဟဇာတဖြစ်မှုနဲ့ အချင်းချင်းရိုင်းပင်းမှုများလိုအပ်ပါတယ်။ ၂၀၁၄ ခုနှစ်အတွင်းမှာ မတူကွဲပြားသော ဘာသာဝင်များအကြား သဟဇာတရှိရေး၊ လူသားအချင်းချင်း အမုန်းပွားစေမယ့် ဖန်တီးမှုများ မပေါ်ပေါက်ရေးနဲ့ တစ်ဦးနဲ့ တစ်ဦးယုံကြည်မှု တည်ဆောက်ပြီး ချစ်ကြည်ရင်းနှီးစေဖို့အတွက် ဘာသာပေါင်းစုံချစ်ကြည်ရေးဆိုင်ရာ လှုပ်ရှားမှုတွေ ဆောင်ရွက်နိုင်ဖို့ အစိုးရအနေနဲ့ တိုက်တွန်းအားပေးပြီး အလေးထားဆောင်ရွက်ခဲ့ပါတယ်။

ရခိုင်ပြည်နယ်မှာလည်း မတူညီတဲ့ လူ့အသိုက်အဝန်းတွေကြားမှာ သဟဇာတဖြစ်စေဖို့ လုပ်ငန်းစီမံချက်တစ်ခုကို အပြီးသတ်ရေးဆွဲလျက်ရှိပါတယ်။ ဒီစီမံချက်မှာ ပါဝင်တဲ့အခြေခံအဆောက်အအုံနဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှု အစီအမံများဟာ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်မှုကိုများစွာ အထောက်အကူပြုမှာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းစီမံချက်ကို ဒေသခံပြည်သူများ၊ အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ပွင့်လင်းမြင်သာမှုရှိရှိ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နိုင်ငံရေးနဲ့ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေကြောင့် ၂၀၁၄ ခုနှစ် အတွင်းမှာ ပြည်သူများရဲ့ လွတ်လပ်ခွင့်များ၊ လွတ်လပ်စွာဖော်ထုတ်ပြောကြားခွင့်များ တိုးတက်လာပြီး စိုးရိမ်ကြောင့်ကြမှုတွေ လျော့ပါးလာတယ်လို့ စစ်တမ်းတွေအရ သိရှိရပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့ ရည်မှန်းတဲ့ပန်းတိုင်ကို ရောက်ဖို့များစွာလိုအပ်နေသေးတယ်ဆိုတာကို အရှိတရားအဖြစ် လက်ခံထားပါတယ်။ များပြားလှတဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းအမြောက်အမြားကို တစ်ပြိုင်နက် ဆောင်ရွက်ရတဲ့အခါမှာ အများပြည်သူ မျှော်လင့်သလောက် မဆောင်ရွက်နိုင်တာတွေလည်း ရှိခဲ့ပါတယ်။ ပြည်သူအများစုရဲ့ ဆန္ဒများနဲ့ လိုလားချက်တွေ ပိုမိုပြည့်မီဖို့အတွက်လည်း ကျွန်တော်တို့အနေနဲ့ ပြည်သူများရဲ့ ဝေဖန်အကြံပြုချက်များကို အလေးထားထည့်သွင်းစဉ်းစားပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်တဲ့အကြောင်း ပြောကြားလိုပါတယ်။ ပြည်သူလူထုအနေနဲ့လည်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များမှာ ပူးပေါင်းပါဝင်လုပ်ဆောင်ကြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**မိဘပြည်သူများခင်ဗျား**

ကာလရှည်ကြာ အဘက်ဘက်က နောက်ကျခဲ့တဲ့ မိမိတို့နိုင်ငံ၊ မိမိတို့လူ့အဖွဲ့အစည်းအနေနဲ့ ဒီနိုင်ငံရေးလုပ်ငန်းစဉ်များကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် အခက်အခဲများနဲ့ ပြည့်နှက်နေတဲ့ စိန်ခေါ်မှုတွေကို ကျော်လွှားရမှာဖြစ်ပါတယ်။ စိန်ခေါ်မှုများစွာ ရှိနေပေမယ့် အောင်မြင်စွာ ကျော်လွှားနိုင်မယ်ဆိုရင် မိမိတို့နိုင်ငံနဲ့ မိမိတို့လူ့အဖွဲ့အစည်းတစ်ရပ်လုံးအတွက် ထိုက်တန်တဲ့ ဆုလာဘ်များနဲ့ ရလဒ်ကောင်းများ ရရှိနိုင်မယ့် အခွင့်အလမ်းတွေ ပွင့်လန်းနေတဲ့အကြောင်းလည်း အထူးပြုပြောကြားလိုပါတယ်။

နိုင်ငံသားတစ်ဦးချင်းစီနဲ့မိမိတို့ လူ့အဖွဲ့အစည်းတစ်ရပ်လုံး လိုလားတောင့်တနေတဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ် မကြာမီ စတင်နိုင်မှာဖြစ်ပါတယ်။ နိုင်ငံရေး ဆွေးနွေးပွဲများကျင်းပပြီးမျှတတဲ့ အပေးအယူပြုလုပ်နိုင်ခြင်းကြောင့် နိုင်ငံရေးရွေးချယ်မှုများအရ ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတစ်ရပ်ကို အစပြုပုံဖော်နိုင်မှာဖြစ်ပါတယ်။ လက်တွေ့ကျတဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များပြုလုပ်နိုင်ခြင်းတို့ကြောင့် ရွေးကောက်ပွဲရလဒ်တွေအရ ပေါ်ပေါက်လာမယ့် အစိုးရသစ်လက်ထက်မှာ ပြည်သူများရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုခိုင်မာတဲ့ အာမခံချက်များ ပေးနိုင်မှာဖြစ်ပါတယ်။ ဒီလိုကြီးမားတဲ့ ဆုလာဘ်တွေရရှိနိုင်ဖို့အတွက် နိုင်ငံရေးအင်အားစုအချင်းချင်းဆွေးနွေးညှိနှိုင်း အဖြေရှာခြင်းနည်းလမ်းကိုအသုံးပြုပြီး တွေ့ကြုံရမယ့်အခက်အခဲများကိုကျော်လွှား ကြရမှာဖြစ်ပါတယ်။ အောင်မြင်မှုများရရှိဖို့အတွက်လည်း ပြည်သူလူထုရဲ့ စစ်မှန်တဲ့ဆန္ဒတွေကို အခြေခံတဲ့၊ လူများစုကို လွှမ်းခြုံကိုယ်စားပြုတဲ့ ညှိနှိုင်းအဖြေရှာမှုများ ကသာလျှင်အကောင်းဆုံးနည်းလမ်းဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ ဒါ့ကြောင့် ၂၀၁၅ ခုနှစ်ဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးသမိုင်းမှာ သမိုင်းဝင်မယ့် နှစ်တစ်နှစ် အဖြစ်သာမကဘဲ သမိုင်းတွင်မယ့် လုပ်ငန်းစဉ်တွေ အခြေတည်မယ့် နှစ်တစ်နှစ်ဖြစ်ကြောင်း ပြောကြားအပ်ပါတယ်။

ဒီလို အရေးကြီးပြီး သမိုင်းဝင်မယ့်၊ သမိုင်းတွင်မယ့်နှစ်မှာ တိုင်းပြည်ရဲ့ အသီးသီးသောအင်အားစုများဟာ မိမိတို့ ကျရာကဏ္ဍကနေ အစွမ်းကုန်ကြိုးပမ်းကြဖို့ လိုအပ်ပါတယ်။ မဏ္ဍိုင်သုံးရပ်အကြား အပြန်အလှန်ထိန်းကျောင်းမှုဟာ ဒီမိုကရေစီရဲ့ အနှစ်သာရဖြစ်ပါတယ်။ မဏ္ဍိုင်ကြီးသုံးရပ်ဟာ မိမိတို့ရဲ့ မူဘောင်တွေထဲကနေ တိုင်းပြည်ရဲ့ လက်ရှိအခြေအနေနဲ့ ကိုက်ညီပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အားကောင်းစေမယ့် ထိန်းကျောင်းမှုတွေကို ပြုလုပ်သွားကြရမှာဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေအပါအဝင် ၅၁ ဒသမ ၄ သန်းသော ပြည်သူတစ်ဦးချင်း၊ တစ်ယောက်ချင်းရဲ့ ပူးပေါင်းပါဝင်မှုလိုအပ်တယ်။ မိမိတို့ရဲ့ ဘုံရည်မှန်းချက်ဖြစ်တဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး အောင်မြင်ဖို့နဲ့ ဒီမိုကရေစီ အခြေတည်ခိုင်မာရေးတို့အတွက် အင်အားစုအားလုံးအနေနဲ့ အချင်းချင်းအပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ စိတ်ရှည်သည်းခံမှုများကို အခြေခံပြီး ပူးပေါင်းဆောင်ရွက်ကြဖို့လည်း အလေးအနက်တိုက်တွန်းပြောကြားအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရအောင်၊ ပြည်သူများရဲ့ စီးပွားရေးပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင်၊ ကျွန်တော်တို့ရဲ့ မျိုးဆက်သစ် လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်တွေ ဖန်တီးပေးနိုင်ဖို့ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့အကြောင်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

**မိဘပြည်သူများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံကြပါစေ။**



ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးက မြို့ပေါင်း ၂၄၃ မြို့ကို မဟာဓာတ်အားလိုင်းကနေ လျှပ်စစ်ဓာတ်အားပေးနိုင်ခဲ့ပြီဖြစ်သည်။